# မြတ်သရဏဂုံ

ဒေါက်တာမင်းတင်မွန်

- သင့်ဘဝမှာ အရေးကြီးဆုံးက ဘာလဲ
- ဘေးရန်အသွယ်သွယ်ကို ဘယ်လိုကာကွယ်နိုင်သလဲ
- ရတနာမြတ်သုံးပါးဟာ သင့်အကျိုးငှာပေါ်ထွန်းနေတယ်
- သရဏဂုံတည်မှ သင့်ဘဝလုံခြုံပြည့်စုံမယ်
- သရဏဂုံမြဲရင် ငရဲမလား၊ အပါယ်မသွားဘူး
- သေပြီးခါမှ သရဏဂုံ တင်လို့ရမလား
- ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းချင်ရင် စတင်ဆောက်တည်ရမှာက သရဏဂုံ သီလပဲ
- သရဏဂုံမတည်ရင် ဗုဒ္ဓဘာသာမမည်ဘူးဆိုပါလား
- သရဏဂုံမပီရင် ရှင်သာမဏေ မမည်ဘူးဆိုပါလား
- လူဖြစ်ရင်လူထက်သာ၊ နတ်ဖြစ်ရင် နတ်ထက်သာတာ သရဏဂုံအကျိုးဆိုပါလား
- တစ်ဘဝသရဏဂုံ တည်ရုံနဲ့ ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး ဘုန်းကံရှင်ဖြစ်ရတယ်ဆိုပါလား
- သရဏဂုံနားလည်မှ အကျိုးအမြတ်များလိမ့်မယ်

design:mehmthitsa,296057

မြတ်သရဏဂုံ ဒေါက်တာမင်းတင်မွန်

သင့်ဘဝပြည့်စုံလုံခြုံရေးအတွက်
အမြတ်ဆုံးရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ပါ

မြတ်သရဏဂုံ

ဒေါက်တာမင်းတင်မွန်

ရတနာမြတ်သုံးပါးကိုဆည်းကပ်ရတဲ့အကျိုးကျေးဇူး

ဒုတိယအကြိမ်

မြတ်နိုးယုယ ပန်ဆင်ကြသူတို့အား
အကန့်အသတ်မရှိ လှပတင့်တယ် မြင့်မြတ်စေသော
လောကရဲ့ အဖိုးအတန်ဆုံး အမြင့်မြတ်ဆုံး ရတနာ

# မြတ်သရဏဂုံ

ရတနာမြတ်သုံးပါးကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ...

( ဒု တိ ယ အ ကြိ မ် )


## ဒေါက်တာမင်းတင်မွန်


သင့်ဘ၀ ကြီးပွားချမ်းသာရေးအတွက်
ကိုယ်ပိုင်ရတနာ အမှတ် (၄)


ဖြန့်ချိရေး
**မြမွန်ရတနာစာပေ**
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း၀၁ - ၃၈၅၂၆၁၊ ၀၉ - ၇၃၂၀၅၀၀၅

စာမူခွင့်ပြုချက်အမှတ်(၃၄၇/၂၀၀၃) (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၈၂/၂၀၀၃) (၈)
○
ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ–၅၀၀
○
ထုတ်ဝေသူ
မင်းတေဇာမွန်၊ ရတနာမင်းစာပေ(၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။
○
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊သင်းလဲ့ဝင်းပုံနှိပ်တိုက်(၀၅၉၄၆)
အမှတ်(၁)ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ရန်ကုန်။
○
ကွန်ပျူတာစာစီ
ခွန်မျိုး
○
ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁–၃၈၅၂၆၁၊ ၀၉–၇၃၂၀၅၀၀၅
○
တန်ဖိုး–၅၀၀ ကျပ်

# မာတိကာ


| | | |
|---|---|---|
| ယုံကြည်ကိုးကွယ်မှု | – | ၉ |
| သရဏဂုံဆိုတာဘာလဲ | – | ၁၀ |
| အရေးအကြီးဆုံး အခြေခံအုတ်မြစ် | – | ၁၃ |
| စွမ်းအားကြီးသုံးရပ် | – | ၁၆ |
| ယနေ့ကမ္ဘာမှာ လိုအပ်တာ | – | ၁၈ |
| ရုပ်ပိုင်းချမ်းသာတာကို အားမကျနဲ့ | – | ၂၀ |
| လူမျိုးစုံ မြတ်နိုးနိုင်တဲ့ ရတနာသုံးပါး | – | ၂၂ |
| ချက်ချင်းအကျိုးပေးတဲ့ တရားဆေး | – | ၂၅ |
| စိတ်ရောဂါကုဆရာဝန်ကြီးရဲ့ စိတ်ရောဂါ | – | ၂၈ |
| မမြင်နိုင်တဲ့ စွမ်းအားများ | – | ၃၀ |
| ဘုရားရှင်ကို ကြည်ညိုစိတ်ဖြစ်ရုံမျှနဲ့ | – | ၃၁ |
| တရားသံရဲ့စွမ်းအား | – | ၃၄ |
| သံဃာတော်ရဲ့စွမ်းအား | – | ၃၇ |

| | | |
|---|---|---|
| အကုသိုလ်ထက် ကုသိုလ်က စွမ်းအားပိုကြီး | – | ၄၁ |
| ရာသက်ပန် သရဏဂုံ | – | ၃၅ |
| ခန္ဓာကိုယ်ကို ပေးလှူပါ | – | ၄၅ |
| အပါယ်မလား နတ်ပြည်သွားရမယ် | – | ၄၈ |
| သရဏဂုံရဲ့ အကျိုးကျေးဇူး | – | ၅၀ |
| အကောင်းဆုံးဂါထာတော်များ | – | ၅၄ |
| ဂုဏ်တော်နဲ့ မှန်တိုင်း | – | ၅၆ |
| သမိုင်းအထောက်အထားများ | – | ၆၀ |
| အမျိုးသမီးအာဇာနည် ဘာမထီ | – | ၆၅ |
| ဆန်းကြယ်တာတွေ ပြောလို့မကုန် | – | ၇၁ |
| ချာန်ပုံရဟန်းများအကြောင်း | – | ၇၆ |
| ရဟန်းတော်များ တန်ခိုးမပြရ | – | ၈၀ |
| တရားအတုက အစစ်ဆေးမခံနိုင် | – | ၈၂ |
| အတုက အစစ်ကို မယှဉ်နိုင် | – | ၈၆ |
| သရဏဂုံညှိုးခြင်း ပျက်ခြင်း | – | ၈၈ |
| သရဏဂုံပျက်သူရဲ့ ဘဝဆိုး | – | ၈၉ |
| သေပြီးရင်သရဏဂုံတင်လို့ ရသလား | – | ၉၂ |
| ကိုးကွယ်မှားရင် ဘေးဖြစ်တယ် | – | ၉၃ |
| ပွဲတိုင်းကျော်တဲ့ သမ္ဗုဒ္ဓေဂါထာတော် | – | ၉၈ |
| အနက်အဓိပ္ပာယ် | – | ၉၉ |
| ခေတ်ပျက်ကာလ အားကိုးရ | – | ၁၀၀ |

## တာဝန်

ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့ အရေးအကြီးဆုံးတာဝန်က...
သရဏဂုံတည်ဆောက်ခြင်းဖြစ်တယ်။
သရဏဂုံတည်ရင် ဗုဒ္ဓဘာသာဝင်ဖြစ်တယ်။
သရဏဂုံမတည်ရင် ဗုဒ္ဓဘာသာဝင် မဖြစ်ဘူး။

ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို သိနားလည်ပြီး ဘုရားစစ်, တရားစစ်, သံဃာစစ်တို့ကို ကိုးကွယ်ရာအဖြစ် ယုံကြည် ဆည်းကပ်ခြင်းဟာ သရဏဂုံတည်ဆောက်ခြင်းပါပဲ။ သရဏဂုံဟာ ဗုဒ္ဓဘာသာရဲ့ ဖောင်ဒေးရှင်း (Foundation) အခြေခံအုတ်မြစ် ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်တို့ဟာ သရဏဂုံဆောက်တည်ပြီးမှ ဒါန, သီလ, ဘာဝနာ ကောင်းမှုတွေကို ပြုလုပ်ကြတယ်။

## ရပိုင်ခွင့်

ဘုရား, တရား, သံဃာကို ဆည်းကပ်တဲ့သူဟာ လောကအလုံးစုံမှာ အမြတ်ဆုံးရတနာသုံးပါးကိုပိုင်ဆိုင်ခွင့်ရသွားတယ်။

ဒီလူဟာ မဆင်းရဲတော့ဘူး၊ လူချမ်းသာကြီး ဖြစ်သွားပြီ။

စီးပွားတိုးတက်လို့ ချမ်းသာတယ်၊ ဘေးရန်အန္တရာယ်ကင်းလို့ ချမ်းသာတယ်။

ရတနာသုံးပါးရဲ့ စွမ်းအားကြီး သုံးရပ်ကို ရရှိတဲ့အတွက်ကြောင့်လည်း ခွန်အားကြီးသူ၊ အစွမ်းထက်သူ၊ ကြံ့ခိုင်တည်ကြည်သူ၊ မြင့်မြတ်သူ ဖြစ်လာတယ်။

သရဏဂုံသီလက အမြတ်ဆုံး။
ဆောက်တည်ဖို့ကလည်း အလွယ်ဆုံး။
ရရှိတဲ့ အကျိုးကျေးဇူးကလည်း အကြီးဆုံး။

## မတုယှဉ်နိုင်

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ဖိတ်ကြားပြီး ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် တိုင်တိုင် စွန့်ကြဲပေးကမ်းတဲ့ ဝေလာမပုဏ္ဏားရဲ့ ဒါနကုသိုလ်ဟာ သရဏဂုံဆောက်တည်ရတဲ့ကုသိုလ်ကို မတုယှဉ်နိုင်ဘူး။

ဘုရားသာသနာမှာ အမြတ်ဆုံး ဝတ္ထုဒါနဖြစ်တဲ့ သံဃိကကျောင်းအလှူဟာလည်း သရဏဂုံဆောက်တည်တာလောက် အကျိုးမကြီးဘူး။

သရဏဂုံမရှိဘဲ အသက်တစ်ရာအသက်ရှင်နေခြင်းဟာ တစ်ရက်သာ သရဏဂုံဆောက်တည်ရတာလောက် မမြတ်ဘူး။

သရဏဂုံအခြေခံတဲ့ ကုသိုလ်ဟာ သရဏဂုံအခြေမခံတဲ့ ကုသိုလ်ထက် အကျိုးပေးရာမှာ အကြောင်းဆယ်မျိုးနဲ့ လွှမ်းမိုးနိုင်တယ်။

အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်းတို့ဖြင့်လည်း လွှမ်းမိုးနိုင်တယ်။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်လည်း လွှမ်းမိုးနိုင်တယ်။

အကုသိုလ်စွမ်းအားဟာ ကုသိုလ်စွမ်းအားကို မတုယှဉ်နိုင်။

အကုသိုလ်ကံက ကျောက်ခဲနဲ့တူပြီး ကုသိုလ်ကံက လှေကြီးနဲ့တူတယ်။ ကျောက်ခဲတွေအများကြီး တင်ထားတဲ့လှေကြီးဟာ မမြုပ်ဘူး။

ဒါကြောင့် အနှစ် ၅၀ တံငါလုပ်ခဲ့တဲ့ ဒမိဠတံခါးစောင့်ဟာ မသေခင်လေးမှာ သရဏဂုံဆောက်တည်လိုက်ရလို့ သေတဲ့အခါ စတုမဟာရာဇ်နတ်သား ဖြစ်သွားတယ်။

မသိသူ ကျော်သွား၊ သိသူ ဖော်စား။

သရဏဂုံရဲ့ အကျိုးကျေးဇူးဟာ အလွန်ကြီးမားတယ်။

## သရဏဂုံမြဲ ငရဲမလား

သရဏဂုံ တကယ်မြဲရင်၊ အပါယ်ငရဲ ကြောက်ဖို့မလို။
နတ်ဖြစ်သော်လည်း တူနိုင်ရိုးလား၊ ဆယ်မျိုးဂုဏ်စု
သူ့ထက်ပို။
ငါးဖြာအာရုံ လာမတုနဲ့၊ အာယု, ဝဏ္ဏ, သုခဆို။
အာဏာပိုင်စိုး၊ ခြွေရံတိုး၊ ဆယ်မျိုးဂုဏ်ကဲပို။
အဲဒါကြောင့် သရဏဂုံပန်း, အစဉ်လန်း, ဆင်မြန်းပန်စေလို။

## ဘေးကင်းပြီး မြတ်သောကိုးကွယ်ခြင်း

သရဏဂုံသည် ဘေးကင်းပြီး အလွန်မွန်မြတ်သော ကိုးကွယ်ခြင်းဖြစ်၏၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို ရစေနိုင်၏။

ဝ

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**
**အလှူအပေါင်းကို တရားအလှူက အောင်နိုင်၏။**

သို့

........................................

........................................

အမှတ်တရ အမြတ်ဆုံးဓမ္မလက်ဆောင် ပေးပို့ပါ၏။
ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးဖြင့်
မင်္ဂလာအပေါင်း ခညောင်းပါစေ။

မှ

........................................

........................................

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ယုံကြည်ကိုးကွယ်မှု

ယုံကြည်ကိုးကွယ်မှုဆိုတာ မိမိလျှောက်လှမ်းရမယ့် ဘဝခရီးလမ်းကို ချမှတ်ခြင်းဖြစ်တယ်။

ယုံကြည်ကိုးကွယ်မှုမရှိဘဲနဲ့ ဘဝခရီးသွားဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သောင်ကမ်းမမြင်နိုင်တဲ့ သမုဒ္ဒရာရေပြင်ထက်မှာ လှေနာဝါကလေးနဲ့ ဦးတည်ရာမဲ့ လွင့်မျောနေသလို ဖြစ်နေလိမ့်မယ်။

ပြီးတော့ အကာအကွယ်ကင်းမဲ့နေတဲ့ ရွာတွေ အိမ်တွေဟာ လူဆိုး, သူခိုး, ဓားပြ ဘေးရန်များနဲ့ ရင်ဆိုင်တိုးကြရသလို ယုံကြည် ကိုးကွယ်မှုကင်းမဲ့နေတဲ့လူဟာ ဘေးရန်အန္တရာယ်အမျိုးမျိုးရဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရလိမ့်မယ်။

လူဟာ အစွမ်းသတ္တိရှိလို့ အသိပညာရှိလို့ သားရဲတိရစ္ဆာန်ဘေး, သူခိုးဓားပြဘေး, ရေဘေး, လေဘေး, မီးဘေး စတာတွေကို ကြိုတင်ပြင်ဆင်မှုနဲ့ ကာကွယ်နိုင်သလောက် ကာကွယ်နိုင်တယ်ဆိုပေမယ့် မမျှော်လင့်ထားတဲ့ဘေးအန္တရာယ်တွေက အမြဲပေါ်ပေါက်နေကြတာပဲ။

ကြီးကျယ်တဲ့ ငလျင်ဘေး၊ မုန်တိုင်းဘေး၊ စစ်ဘေး စသည်တို့ကို လူသားတို့ မတားဆီးနိုင်ကြတဲ့အပြင် အလွန်ကြောက်စရာကောင်းတဲ့ အို၊ နာ၊ သေဘေးနဲ့ အပါယ်ဘေးတို့ကို ခေတ်ပညာအစွမ်းနဲ့ မကာကွယ်နိုင်ကြပါဘူး။

တမလွန်လောက ရှိတယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံတွေ ရှိတယ်၊ မကောင်းမှုဒုစရိုက်လုပ်တဲ့သူတွေဟာ အပါယ်ဘုံတွေမှာ ဖြစ်ကြရတယ်ဆိုတာကို သိပ္ပံမျက်စိနဲ့ ကြည့်လို့ မမြင်ပေမယ့် အသိဉာဏ်မျက်စိနဲ့ကြည့်ရင် မြင်နိုင်တယ်။

အပါယ်ဒုဂ္ဂတိဘေးအပါအဝင် ဘေးရန်အန္တရာယ်အမျိုးမျိုးမှ အခါခပ်သိမ်း အကောင်းဆုံးကာကွယ်စောင့်ရှောက်ပေးနိုင်တာက 'မြတ်သရဏဂုံ' ပါပဲ။

## သရဏဂုံဆိုတာ ဘာလဲ

'သရဏ' ဆိုတာ 'ကိုးကွယ်အားထားရာ' လို့ ဆိုပါတယ်။ ဆင်းရဲကို ပယ်ဖျောက်ပြီး ချမ်းသာရာရောက်အောင် စောင့်ရှောက်တတ်လို့ ဘုရား၊ တရား၊ သံဃာတို့ဟာ ကိုးကွယ် အားထားရာအစစ် ဖြစ်တော်မူကြတယ်။

'ဂုံ' ဆိုတာ 'ဂမန' က ဖြစ်လာတယ်။ 'ယုံကြည်သိမှတ်တဲ့စိတ်' လို့ အဓိပ္ပာယ်ရတယ်။

ဒါကြောင့် 'သရဏဂုံ' ဆိုတာ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်အားထားရာအဖြစ် ယုံကြည်သိမှတ်တဲ့စိတ် ဖြစ်ပါတယ်။

မြတ်စွာဘုရားကို ကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဆည်းကပ်ရင် ဗုဒ္ဓသရဏဂုံတည်တယ်။

မြတ်စွာဘုရားရဲ့ တရားတော်ကို ကိုးကွယ်အားထားရာ အဖြစ် ယုံကြည်ဆည်းကပ်ရင် ဓမ္မသရဏဂုံ တည်တယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်ကို ကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဆည်းကပ်ရင် သံဃသရဏဂုံ တည်တယ်။

ဘုရား, တရား, သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဆည်းကပ်တဲ့စိတ် ရှိနေတဲ့သူမှာ သရဏဂုံတည်နေတယ်လို့ ယူဆနိုင်တယ်။ တကယ်လို့ ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်တဲ့စိတ် ပျက်သွားရင် သရဏဂုံပျက်တယ်လို့ ဆိုရလိမ့်မယ်။

သရဏဂုံ ဆောက်တည်တဲ့အခါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စတဲ့ သရဏဂုံဂါထာကို ရွတ်ဆိုရိုးထုံးစံရှိတယ်။ အဲသလို ရွတ်ဆိုတဲ့ အခါ ...

**ဗုဒ္ဓံ** ဆိုတာ ဘုရားရုပ်ပုံ ရုပ်ပွား, ဆင်းတု စေတီမျှလောက် မဟုတ်ဘဲ အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတဲ့ 'ဘုရားရှင်' ကို ဆိုလိုတာမို့ ဘုရားရှင်ဆီ ရောက်အောင် စိတ်ညွှတ်ထားရမယ်။

**ဓမ္မံ** ဆိုတာ ဘုန်းကြီးများနဲ့ လူဓမ္မကထိကများ ဟောကြားတဲ့ တရား၊ ကျမ်းစာ၊ ပေစာလောက်ကို ဆိုလိုတာမဟုတ်ဘဲ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်နဲ့ ပရိယတ်တရား ဆယ်ဖြာကို ဆိုလိုတာမို့ ဒီတရားတော်များဆီ ရောက်အောင် စိတ်ကို ရည်မှန်းထားရမယ်။

**သံဃံ** ဆိုတာ မိမိမြင်ဖူးတဲ့ ဘုန်းကြီးလောက်တင် မဟုတ်ဘဲ

သံဃာ့ဂုဏ် ကိုးပါးနဲ့ ပြည့်စုံတဲ့ အရိယာသံဃာတော်ကို ဆိုလို တာမို့ အရိယာသံဃာဆီ စိတ်ရောက်အောင် ရည်မှန်းထားရမယ်။

သရဏဂုံဂါထာကို ရွတ်ဆိုတဲ့အခါ အနည်းဆုံး အောက်ပါ အဓိပ္ပာယ်အထိ ဆိုက်အောင် နှလုံးသွင်းသင့်တယ်။

**၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

ဗုဒ္ဓံ – သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ် တိုင်မြင်၍၊ မြင်စေဟောကြား၊ မြတ်စွာဘုရားကို၊

သရဏံ – ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့် ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍၊

ဂစ္ဆာမိ – ယုံကြည်သိမှတ်၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင် ဘုရား။

**၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

ဓမ္မံ – မဂ်လေးတန်, ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ် ဖြာသော တရားတော်မြတ်ကို၊

သရဏံ – ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍၊

ဂစ္ဆာမိ – ယုံကြည်သိမှတ်၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင် ဘုရား။

**၃။ သံဃံ သရဏံ ဂစ္ဆာမိ။**

သံဃံ – သမုတိသံဃာ၊ အရိယာသံဃာ နှစ်ဖြာသော သံဃာ တော်မြတ်အပေါင်းကို၊

သရဏံ – ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင်၊ စောင့် ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍၊

ဂစ္ဆာမိ – ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

လူတွေအတွက်က ဘုရား, တရား, သံဃာတို့ကို ကိုးကွယ်ဆည်းကပ်တဲ့စိတ်ထား ဖြစ်ပေါ်သွားရင် သရဏဂုံတည်သွားပြီ။ သရဏဂုံတစ်ခါတည်သွားပြီးရင်လည်း ရတနာသုံးပါးအပေါ်မှာ စိတ်ထားမပြောင်းသမျှ သရဏဂုံက မပျက်တော့ဘူး။

ရှင်သာမဏေတို့ကတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စတဲ့ပါဠိစကားလုံးများကို ပီပီသသ ရွတ်ဆိုနိုင်မှ သရဏဂုံတည်ပြီး ရှင်သာမဏေဖြစ်မြောက်တယ်။

## အရေးအကြီးဆုံး အခြေခံအုတ်မြစ်

သရဏဂုံဆောက်တည်ခြင်းဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံအုတ်မြစ်ပဲ။ လူတစ်ယောက်ဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့အတွက် ဘာအခမ်းအနားမှ ပြုဖို့မလိုဘူး၊ သရဏဂုံဆောက်တည်လိုက်တာနဲ့ ကိစ္စပြီးတယ်။

ဗုဒ္ဓဘာသာဝင်အဖြစ်မှ ထွက်ဖို့ဆိုတာက ပိုတောင် လွယ်သေးတယ်။ ဘုရား, တရား, သံဃာတို့ကို ကိုးကွယ်ရာအဖြစ် အသိအမှတ်မပြုတော့ဘူးဆိုတာနဲ့ သရဏဂုံပျက်ပြယ်သွားတယ်။

ဗုဒ္ဓဘာသာမှာ စိတ်စေတနာကို အဓိကထားတယ်။ စိတ်ဆိုတာက တစ်လောကလုံးကို လွှမ်းမိုးခြယ်လှယ်နေတဲ့ သဘောတရား မဟုတ်လား။

စိတ်ကိုတစ်ဖန် စေတသိက်တွေက ခြယ်လှယ်နေကြတယ်။ မောဟ, လောဘ, ဒေါသတို့ ဦးဆောင်နေတဲ့ ကိလေသာတရား

တွေက စိတ်ကို လွှမ်းမိုးသွားကြတဲ့အခါ စိတ်ဟာ ညစ်ညမ်းယုတ်ညံ့သွားတယ်၊ ညစ်ညမ်းယုတ်ညံ့တဲ့စိတ်နဲ့ ကြံတွေးပြောဆိုပြုမူမှုမှန်သမျှဟာ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်နစ်နာစေတဲ့ မကောင်းမှုတွေသာ ဖြစ်ကြတယ်။ ဒီမကောင်းမှုကံတွေက ဒီဘဝမှာရော၊ နောင်ဘဝတွေမှာရော မကောင်းကျိုးတွေကို ပေးတယ်၊ အပါယ်ကျရောက်စေတယ်။

ပါပသ္မိံ ရမတီ မနော။

စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်ဆိုတာ ကိလေသာတရားတွေ ခြယ်လှယ်နေကြတဲ့အတွက်ကြောင့်ပါပဲ။ ကိလေသာတရားတွေဟာ ပူလောင်စေတတ်တဲ့တရားတွေဖြစ်လို့ ကိလေသာ လွှမ်းမိုးနေတဲ့အခါ စိတ်ဟာ ဆင်းရဲနေတယ်။

ငရုတ်သီးပိုးဟာ ငရုတ်သီးထဲမှာနေရတာ မပူလောင်သလို ဝက်က မစင်ဗွက်ထဲမှာပဲ ပျော်ပိုက်သလို စိတ်ဟာ ကိလေသာပူလောင်တာကို ပူလောင်မှန်းမသိဘဲ ကိလေသာတောထဲမှာ ပျော်ပိုက်နေခြင်းဖြစ်တယ်။

စိတ်အစဉ်မှ ကိလေသာအညစ်အကြေးတွေကို ဆေးထုတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဗုဒ္ဓမြတ်စွာက ကိလေသာတွေကို အကုန်အစင် ရိုက်ချိုးပယ်သတ်ထားပြီးတဲ့အပြင် တရားသဘောအလုံးစုံကို သိမြင်တော်မူလို့ ကိလေသာပယ်သတ်ရေးတရားများနဲ့ ကိလေသာပယ်သတ်နည်းတွေကို တိတိကျကျဟောဖော်ညွှန်ပြနိုင်ခြင်း ဖြစ်ပေတယ်။

ဗုဒ္ဓမြတ်စွာဟာ ကိလေသာကင်းငြိမ်းပြီးတဲ့ အထိမ်းအမှတ်ဖြစ်သလို မင်္ဂလာတစ်ပါးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ

တရားများကလည်း ကိလေသာပယ်သတ်ပြီးတဲ့အထိမ်းအမှတ်များ ဖြစ်ကြတယ်။ အရိယာသံဃာတော်များကလည်း ကိလေသာ နှစ်ပါး, သုံးပါး သို့မဟုတ် အားလုံးကိုပယ်သတ်ထားပြီးတဲ့ အထိမ်းအမှတ်များ ဖြစ်ကြတယ်။

ဒါကြောင့် ဗုဒ္ဓ, ဓမ္မ, သံဃာ ဆိုတာ သဒ္ဓါကို ဖွံ့ဖြိုးတိုးတက်စေတဲ့ သဒ္ဒေယျဝတ္ထုများ ဖြစ်ကြတယ်။ ဘုရား, တရား, သံဃာတို့ကို အမြတ်ဆုံးရတနာများအဖြစ် သဘောပေါက်နားလည်ပြီး သက်ဝင်ယုံကြည်လာတာကို 'သဒ္ဓါ' လို့ ခေါ်တယ်။

သဒ္ဓါက ကုသိုလ်တရားတို့ရဲ့ ဦးစီးခေါင်းဆောင်ပဲ။ သရဏဂုံဆောက်တည်လိုက်တာနဲ့ သဒ္ဓါဖြစ်ပေါ်လာပြီး သဒ္ဓါဖြစ်ပေါ်လာတာနဲ့တစ်ပြိုင်နက် ကိလေသာတရားတွေ ရှောင်ရှားပေးရတယ်။ ဒါကြောင့် သဒ္ဓါဖြစ်ရင် စိတ်ကြည်လင်အေးမြသွားတယ်။ ဒါဟာ ရတနာမြတ်သုံးပါးကို သက်ဝင်ယုံကြည်လိုက်တာနဲ့ တစ်ပြိုင်နက် ချက်ချင်းလက်ငင်း စိတ်ချမ်းသာရတဲ့ အကြောင်းရင်းပါပဲ။

နောက်တစ်ချက်က သဒ္ဓါယှဉ်နေတဲ့စိတ်ဟာ မဟာကုသိုလ်စိတ်ဖြစ်ရတယ်။ ဒါကြောင့် 'သရဏဂမနံ မဟာပုညံ = သရဏဂုံစိတ်ဟာ မဟာကုသိုလ်စိတ်ဖြစ်တယ်' လို့ တောင်ဖီလာ ဆရာတော်ရဲ့ 'ယသဝဏ္ဏနကျမ်း' မှာ ဖော်ပြထားတယ်။

ဒီလို စိတ်တို့ရဲ့ဖြစ်မြဲသဘောတွေကို မသိနားမလည်ဘဲ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေဟာ နှစ် ၂၅၀၀ ကျော်နေတဲ့ ခေတ်ပြား ဟောင်းကြီး ဖြစ်နေပြီ၊ ခေတ်မမီတော့ဘူး၊ ဖက်ရှင်မရှိတော့ဘူးလို့ ထင်မှတ်မိရင် သရဏဂုံပျက်ပြီး ဗုဒ္ဓဘာသာဝင် အမည်ခံ

လျက် ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘူး။ အင်မတန်ကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေကို ဆုံးရှုံးရပေတော့တယ်။

ရောင်းကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက် မှောက်၊ သရဏဂုံပျက်လျှင် တစ်သံသရာလုံး ချောက်ကျတော့ တာပဲ။

အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ သဗ္ဗညုတဉာဏ်တော် ရရှိနိုင်တာမို့ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်တဲ့အခါ နဲ့ ကြုံကြိုက်ဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့ ဒုလ္လဘတရားတစ်ခု၊ လူ့ဘဝကိုရဖို့ဆိုတာလည်း ဒုလ္လဘတရားတစ်ခု၊ သဒ္ဓါတရားနဲ့ ပြည့်စုံဖို့ကလည်း ဒုလ္လဘတရားတစ်ခု၊ ဒီဒုလ္လဘတရားသုံးခုလုံး ပြည့်စုံဖို့ အခွင့်အရေးရပါလျက်နဲ့ တရားတော်ရဲ့အတိမ်အနက်ကို လည်း မသိဘဲနဲ့ ဗုဒ္ဓတရားတော်ကို ပစ်ပယ်ဖို့ ကြံမိလျှင် အမိုက် နင့်ပြင် မရှိတော့ပါဘူး။

ဗုဒ္ဓဘာသာဝင်တွေဟာ ဘာကုသိုလ်ကောင်းမှုပဲ လုပ်လုပ် သရဏဂုံဆောက်တည်ပြီးမှ လုပ်တယ်။ ဒီလိုလုပ်တော့ ကုသိုလ် အဆောက်အအုံက ပိုပြီး ကြီးကျယ်ခိုင်ခံ့သွားတယ်။

## စွမ်းအားကြီးသုံးရပ်

ဗုဒ္ဓဘာသာမှာ အတုမရှိတဲ့ စွမ်းအားကြီးသုံးရပ်ရှိတယ်။

(၁) ဘုရားစစ် ဘုရားမှန်ဆိုတဲ့ စွမ်းအား၊

(၂) တရားစစ် တရားမှန်ဆိုတဲ့ စွမ်းအား၊

(၃) သံဃာစစ် သံဃာမှန်ဆိုတဲ့ စွမ်းအား။

ဒီစွမ်းအားတို့ကြောင့် ဗုဒ္ဓဘာသာဟာ ကမ္ဘာမှာ အထူးခြားဆုံး ဘာသာကြီးတစ်ခု ဖြစ်တယ်။

လက်နက်မကိုင် သွေးတစ်စက်မျှ မြေမကျစေဘဲ မေတ္တာကရုဏာစစ်စစ်ဖြင့် ကမ္ဘာအနှံ့ ပြန့်ပွားအောင် သာသနာပြုခဲ့တဲ့ တစ်ခုတည်းသောဘာသာဟာ ဗုဒ္ဓဘာသာပဲ။

ဗုဒ္ဓမြတ်စွာဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီများ ဖြည့်ကျင့်ခဲ့တဲ့အကျိုးကြောင့် သိသင့်သိထိုက်တဲ့ တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တော်တိုင်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်လာရတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်လို့ သစ္စာလေးပါး မြတ်တရားကို အများသိမြင်အောင် ဟောကြားညွှန်ပြတော်မူပြီး ကုဋေပေါင်းများစွာသော လူနတ်ဗြဟ္မာတို့အား နိဗ္ဗာန်အမြိုက်ချမ်းသာကို ရရှိခံစားစေခဲ့တယ်။

အတုမရှိတဲ့ ဘုန်းတန်ခိုးတော်များနဲ့ သီလ, သမာဓိ, ပညာ ဂုဏ်တို့နဲ့ ကုံလုံပြည့်ဝနေတဲ့အတွက် ဗုဒ္ဓမြတ်စွာကို မင်းများ, မှူးမတ်များ, ပုဏ္ဏားများ, သူဌေး သူကြွယ်များနဲ့ ပြည်သူ ပြည်သား များတို့က သောင်းသောင်းဖြဖြ ရိုရိုသေသေ လေးလေးမြတ်မြတ် ရှိခိုးပူဇော်ခဲ့ကြတယ်။ ဒါတွေဟာ ဘုရားစစ် ဘုရားမှန်ရဲ့ စွမ်းအားတွေပဲ။

မဟာကရုဏာတော်ကို ရှေ့ထားပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များက သတ္တဝါများကို လက်ငင်း သောကငြိမ်းအေးစေတဲ့ တရား၊ ဝဋ်ဆင်းရဲများ ချုပ်ငြိမ်းပြီး ချမ်းသာအစစ်အမှန်ကို မျက်မှောက်ဒိဋ္ဌ ရစေတဲ့တရား ဖြစ်တယ်။ စိတ်ကူးယဉ်ပြီး တွေးခေါ်ကြံဆထားတဲ့တရား မဟုတ်ဘူး။ အနန္တတန်ခိုးရှင်တစ်ဦးက မိုးပေါ်က ချလာပေးတဲ့တရားလည်း မဟုတ်ဘူး။ သဗ္ဗညုတဉာဏ်တော်နဲ့ ထိုးထွင်းသိမြင်ထားတဲ့အကြောင်း

အကျိုးညီညွတ်တဲ့ တကယ့်သဘာဝအရှိတရားများ ဖြစ်တယ်။ သိပ္ပံနည်းကျ စာတွေ့ လက်တွေ့ မျက်မြင်ဒိဋ္ဌ စမ်းသပ်ကြည့်နိုင်တဲ့တရား ဖြစ်တယ်။ ဒါဟာ တရားစစ်တရားမှန်ရဲ့ စွမ်းရည်သတ္တိတွေပဲ။

ပြီးတော့ သီလ, သမာဓိ, ပညာ ပြည့်ဝအောင် ဖြည့်ကျင့်ထားတော်မူကြတဲ့ လယ်တီဆရာတော်ဘုရား၊ မိုးကုတ်ဆရာတော်ဘုရား၊ မိုးညှင်းဆရာတော်ဘုရား၊ ဝေဘူဆရာတော်ဘုရား စတဲ့ ဆရာတော်ဘုရားကြီးများကို ဆန်းစစ်ကြည့်ပါ။ တစ်လောကလုံးက ရှိခိုးပူဇော်ထိုက်အောင် စွမ်းအားများ ပြည့်စုံနေတာကို တွေ့ရလိမ့်မယ်။ ဒီဆရာတော်ဘုရားကြီးများဟာ သံဃာတော်ရဲ့ စွမ်းရည်သတ္တိများကို ဖော်ညွှန်းပြသနေကြတာပဲ။

## ယနေ့ကမ္ဘာမှာ လိုအပ်တာ

ယနေ့ကမ္ဘာမှာ သိပ္ပံပညာက တစ်နေ့တခြား ပိုပိုပြီး တိုးတက်နေတော့ ရုပ်ပိုင်းအားဖြင့် အလွန်တိုးတက်နေပြီး နာမ်ပိုင်းအားဖြင့် ဆုတ်ယုတ်ကျဆင်းနေတယ်။ တိုးတက်တယ်ဆိုတဲ့ နိုင်ငံများမှာ လူသားတို့ရဲ့ဘဝဟာ ငြိမ်းချမ်းသာယာလာတာ မဟုတ်ဘဲ ပိုပိုပြီးတော့ ရှုပ်ထွေးပွေလီလာကြတယ်။

လူနေမှုစနစ်ဟာ မြင့်မားလာလေလေ သောက, လောဘ, မောဟတို့က ကြီးထွားလာလေလေဖြစ်လို့ စိတ်ရောဂါ၊ စိတ်တင်းကျပ်မှုရောဂါ၊ ကိလေသာရောဂါများနဲ့ ရာဇဝတ်မှုတွေများပြားလာကြလေလေ ဖြစ်တယ်။

ဒီရောဂါများနဲ့ အန္တရာယ်တွေကို သိပ္ပံပညာ၊ နိုင်ငံရေးပညာ၊

လူမှုရေးပညာစတာတွေနဲ့ ဖြေရှင်းလို့မရဘူး။ လက်နက်အင်အားသုံးပြီး ဖြေရှင်းလို့လည်း မရဘူး။ ဘာကြောင့်လဲဆိုတော့ ကိလေသာ တိုးပွားလာလို့ ဖြစ်လာကြတဲ့ ပြဿနာများကို ဗုဒ္ဓ, ဓမ္မ, သံဃာ့ စွမ်းအား သုံးရပ်ဖြင့်သာ ဖြေရှင်းနိုင်ပြီး အခြားနည်းတွေနဲ့ မဖြေရှင်းနိုင်လို့ပါပဲ။

၁၉၇၈ ခုနှစ်က အစပြုပြီး တောင်ပုလုဆရာတော်ဘုရား၊ မဟာစည်ဆရာတော်ဘုရား၊ ချမ်းမြေ့ဆရာတော်ဘုရား၊ မဟာစည်သြဝါဒါစရိယဆရာတော်ဦးပဏ္ဍိတာဘိဝံသ၊ သဲကုန်းဆရာတော်အရှင်ဉာဏိဿရ စတဲ့ သာသနာ့အာဇာနည်များဟာ ကမ္ဘာနိုင်ငံအရပ်ရပ်သို့ ကြွချီပြီး သာသနာပြုတော်မူခဲ့ကြတယ်။

ဗုဒ္ဓဘာသာရဲ့ စွမ်းအားကြီးသုံးရပ်ကို တစေ့တစောင်း လေ့လာသိရှိကြတဲ့ နိုင်ငံခြားသားများစွာတို့ဟာ ဘဝအမြင် ပွင့်လင်းလာပြီး ဘဝရည်မှန်းချက်သစ်များကို ထားရှိလာနိုင်ကြတယ်။ မြန်မာနိုင်ငံသို့ လာရောက်ကြပြီးတော့လည်း လက်တွေ့တရားအားထုတ်ကြတယ်။

ကျေးဇူးရှင် **ဝေဘူဆရာတော်ဘုရားကြီး** မပျံလွန်မီက စကား မြွက်ကြားသွားဖူးတယ်။

"သာသနာတော်ကြီးက အလွန်အားရစရာကောင်းနေတယ်၊ မကြာမီတစ်နေ့မှာ နိုင်ငံအသီးသီးက ဘာသာခြားလူမျိုးတွေဟာ ဒီသာသနာတော်အကြောင်းကို ကြားကြလိမ့်မယ်၊ ကြားတော့ သူ့ထက်ငါ ဦးအောင်လာကြလိမ့်မယ်။

"လာရောက်ပြီး လက်တွေ့လုပ်ကြည့်တော့ သူတို့နှစ်သက်

အားရကာ သူတို့ရဲ့ဆွေမျိုးများကိုလည်း ဝမ်းသာအားရဖြန့်ဝေပေးကြလိမ့်မယ်။

"ကျန်တဲ့လူတွေကလဲ သတင်းကောင်းကို ကြားသိရတော့ မြန်မာနိုင်ငံကို ထပ်ထပ်ပြီး လာကြလိမ့်မယ်၊ ဒါကြောင့် အိမ်ရှင်တွေက သူတို့ယိုချင်တာတွေ ပေးနိုင်ရအောင် အသင့်ပြင်ဆင်ထားကြရလိမ့်မယ်၊ ဧည့်သည်တွေလာရင် ပြုစုရမှာက အိမ်ရှင့်တာလား၊ ဧည့်သည်တာလား"

အိမ်ရှင်တွေဟာ ကြာရှက်ပေါ်မှာထိုင်နေပြီး ကြာဝတ်ရည်ကို စားသုံးရကောင်းမှန်းမသိတဲ့ ဖားသူငယ်လိုမဖြစ်ကြပါစေနဲ့၊ ရပ်ဝေးကလာကြတဲ့ ပျားပိတုန်းတွေက ကြာဝတ်ရည်ကိုအားရပါးရစားသုံးနေကြပြီ။

## ရုပ်ပိုင်းချမ်းသာတာကို အားမကျနဲ့

၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့က မဟာစည်သာသနာ့ရိပ်သာ ပိဋကတ်တိုက်မှာ အမေရိကန်ရဟန်းတော် **ဦးသူရုတ္တမ** က အမေရိကန်ပြည် သာသနာရေးအခြေနေအကြောင်းကိုဟောပြောတယ်၊ ဦးသူရုတ္တမ ဟာ စိတ်ပညာပါရဂူဘွဲ့ရထားသူဖြစ်ပါတယ်။ အရပ်ခြောက်ပေခွဲကျော် ထောင်ထောင်မောင်းမောင်း၊ အသားက ဆွတ်ဆွတ်ဖြူပြီး သင်္ကန်းကို ကျစ်ကျစ်လျစ်လျစ်သေသေသပ်သပ် ဝတ်ရုံထားတယ်။ အသက် ၃၀ ကျော်သာ ရှိပေမယ့် ဣန္ဒြေသိက္ခာနဲ့နေထိုင်တာမို့ မထေရ်ကြီးတစ်ပါးလို့ထင်ရတယ်။

ဦးသူရုတ္တမ က ပြောကြားတဲ့စကားစုထဲက မှတ်သားစရာအချက်အချို့က ...

"အမေရိကန်နိုင်ငံဟာ ရုပ်ဝတ္ထုအားဖြင့် အလွန်ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်၊ ဒါပေမဲ့ စစ်မှန်တဲ့ တရားဓမ္မဘက်မှာတော့ အလွန်ဆင်းရဲတဲ့နိုင်ငံ ဖြစ်ပါတယ်။

"ဗုဒ္ဓသာသနာဆိုတဲ့ ဓမ္မရောင်ခြည် မထွန်းလင်း မတောက်ပသေးလို့ အမေရိကန်ပြည်သူ သန်း ၂၅၀ တို့ဟာ အဝိဇ္ဇာအမှောင်ထုထဲမှာ ရှိနေကြတယ်၊ အစာငတ်မွတ်ခေါင်းပါးတဲ့အခါ ရရာအစားအစာကို စားသောက်ကြသလို စစ်မှန်တဲ့တရား ခေါင်းပါးနေတဲ့အခါ ရရာတရားတွေကို မှီဝဲကျင့်သုံးနေကြပါတယ်။

"မြန်မာနိုင်ငံဟာ စစ်မှန်တဲ့တရားဓမ္မတွေနဲ့ အလျှံပယ်ကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်၊ ဆရာဝန်ကောင်းများဆိုတဲ့ ရဟန်းသံဃာတော်များနဲ့ ဆေးစစ်ဆေးမှန်ဆိုတဲ့ ဓမ္မဆေးစွမ်းကောင်းတွေကလဲ ပြည့်စုံနေတော့ လူအများစုက ကျန်းမာချမ်းသာနေကြပါတယ်။

"အမေရိကန်ပြည်မှာ ရဟန်းသံဃာဆိုတဲ့ ဆရာဝန်ကောင်းများလဲ မရှိဘူး၊ စစ်မှန်တဲ့ ဓမ္မဆေးစွမ်းကောင်းလဲ မရှိဘူး၊ ဒါကြောင့် ရောဂါဘယထူပြောနေပါတယ်၊ ဘာရောဂါလဲဆိုရင် ကိလေသာရောဂါဆိုးကြီးပါပဲ၊ ဒီရောဂါ ပျောက်ကင်းအောင် ဆရာရှာတော့လဲ ဒေါက်တာရမ်းကုတွေနဲ့ပဲ တိုးနေပါတယ်။

"ကိလေသာရောဂါဆိုးကြီး ရှိနေတဲ့အတွက် လူတွေဟာ ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်နေကြတယ်၊ လူမှုရေး ဖောက်ပြန်မှုတွေ ဖြစ်နေပါတယ်၊ အိမ်ထောင်စုနှစ်ခုမှာ တစ်ခုက ပြိုကွဲနေတယ်၊ လူငယ်တွေက အားကိုးစရာ ထောက်တည်စရာ ရှာမရဘဲဖြစ်နေကြတယ်၊ စိတ်သောက ပြေပျောက်ရေးအတွက် နှစ်စဥ်

ဒေါ်လာကုဋေပေါင်းများစွာတန်ဖိုးရှိတဲ့ ဘိန်းဖြူ၊ အယ်လ်အက်စ်ဒီ၊ ကိုကင်း စတဲ့ မူးယစ်ဆေးဝါးတွေကို သုံးစွဲနေကြရတယ်”

ကဲ… အမေရိကန်လူမျိုး ရဟန်းတော်က တင်ပြသွားတဲ့အချက်တွေဟာ အလွန်ထိတ်လန့်စရာ သံဝေဂရစရာမကောင်းဘူးလား၊ မြန်မာတွေက ရုပ်ဝတ္ထုချမ်းသာတဲ့ အမေရိကန်နိုင်ငံကို သွားပြီး နေထိုင်ကြရရင် သိပ်ပျော်မယ်လို့ ထင်နေကြတာ၊ ရုပ်ပိုင်း ချမ်းသာပြီး စိတ်ပိုင်းမချမ်းသာမှာ သေချာပါတယ်။ ကျွန်တော်က အမေရိကန်ပြည်မှာ သုံးနှစ်ကျော်ပညာသင်ရင်း နေထိုင်ခဲ့ရတော့ အမေရိကန်ပြည်ကို မလွမ်းတော့ပါဘူး။

*ရုပ်ဝတ္ထုချမ်းသာပြီး စိတ်မချမ်းသာတာနဲ့ နှိုင်းစာရင် ရုပ်ဝတ္ထုဆင်းရဲပြီး စိတ်ချမ်းသာတာက ယခုဘဝအတွက်ရော နောင်ဘဝအတွက်ရော ပိုကောင်းမယ် မဟုတ်ပါလား။*

## လူမျိုးစုံမြတ်နိုးနိုင်တဲ့ ရတနာသုံးပါး

ဗုဒ္ဓမြတ်စွာဟာ စိတ်ထားအင်မတန်မြင့်မြတ်ပြီး ပညာဉာဏ်အင်မတန်ကြီးတယ်ဆိုတာကို ဘာသာအားလုံးက လက်ခံကြတယ်။ ဒါကြောင့် လက်ရှိကမ္ဘာ့ဘာသာကြီးတွေမှာ မြတ်ဗုဒ္ဓဟာ သူတို့ဘုရားသခင်ရဲ့ တမန်တော်တစ်ပါးဖြစ်တယ်လို့ ဖော်ပြထားကြတယ်။ ဟိန္ဒူဘာသာမှာ မြတ်ဗုဒ္ဓကို ဗိဿနိုးနတ်ဘုရား နောက်ဆုံးဝင်စားတဲ့ နဝမမြောက် အဝတာရ (ဘုရားဝင်စားသူ) ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ [၁၊၂]

---

၁။ Sir Charles Eliot; "Hindusim and Buddhism" Vol.II, P.147–150.

၂။ Monier Williams, "Sanskrit English Dictionary" P.99

ဗုဒ္ဓမြတ်စွာက လူသားဘုရားဖြစ်ပြီး ဖန်တီးရှင် (Creator) တစ်ဦးမဟုတ်ဘူးဆိုတော့ ဘယ်ဖန်တီးရှင်ဘုရားနဲ့မှ စင်ပြိုင်မဖြစ်ဘူးပေါ့။ ပြီးတော့တစ်ခါ ဗုဒ္ဓမြတ်စွာဟောကြားတဲ့တရားတော်ကလည်း ယုတ္တိဗေဒနည်းကျ အကြောင်းအကျိုးဆက်စပ်ပြီး ဝေဖန်ဆန်းစစ်ပြထားတဲ့ သဘာဝတရားဖြစ်တဲ့အပြင် သိပ္ပံနည်းကျ မှန်ကန်တယ်ဆိုတာကိုလည်း လက်တွေ့ပြနိုင်လို့ လူတိုင်းလက်ခံနိုင်တဲ့တရားဖြစ်တယ်။ ဒါကြောင့်ဘယ်ဘာသာကမှ ဗုဒ္ဓတရားတော်ဟာ သူတို့ဘာသာနဲ့ ဆန့်ကျင်တယ်လို့ မဆိုကြဘူး။ ဆိုလိုက်ရင် သူတို့ဘာသာတရားက သဘာဝနဲ့ ဆန့်ကျင်ရာရောက်သွားလိမ့်မယ်။

မြတ်စွာဘုရားက သတ္တဝါတွေ စိတ်ဆင်းရဲနေကြရတဲ့ အကြောင်းရင်းဇာစ်မြစ်ဟာ လောဘ, ဒေါသ, မောဟစတဲ့ကိလေသာတရားတွေဖြစ်ပြီး ဒီကိလေသာတရားတွေကို ဖယ်ရှားပစ်ဖို့လွယ်ကူတဲ့လက်တွေ့ကျင့်စဉ်တွေကို ညွှန်ပြပေးတော်မူတယ်။ ဒီလက်တွေ့ကျင့်နည်းတွေကို လိုက်နာကျင့်ကြံလိုက်တာနဲ့ တစ်ပြိုင်နက် ချက်ချင်းစိတ်ချမ်းသာသွားကြတယ်။

အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ ဘယ်ရီဆိုတဲ့အရပ်မှာ **'ဂျိုးဇက်ဂိုးလ်စတိုင်း'** ဆိုတဲ့ပုဂ္ဂိုလ်က မဟာစည်တရားအားထုတ်နည်းကို ညွှန်ကြားသင်ပြပေးနေတယ်။ အဲဒီကမ္ဘဋ္ဌာန်းရိပ်သာမှာ တစ်နှစ်တစ်နှစ် လူတော်တော်များများ လာပြီး တရားအားထုတ်ကြတယ်။ အဲဒီရိပ်သာအနီးမှာရှိတဲ့ ခရစ်ယာန်ဘုန်းကြီးကျောင်းက ကျောင်းအုပ်ဘုန်းကြီးနဲ့ တကွ ကျန်ဘုန်းကြီးတွေအားလုံးဟာ တစ်နှစ် တစ်လ ဝင်ရောက်

အားထုတ်ကြတယ်၊ လက်တွေ့အကျိုးကျေးဇူးများလို့ဗုဒ္ဓနည်းကျ တရားအားထုတ်ကြခြင်းဖြစ်တယ်။

အဲဒီကမ္ဘာ့ဌာန်းကျောင်းမှ စည်းကမ်းချက်တစ်ရပ်က တရားစ,အားထုတ်တဲ့လူတိုင်းဟာ သရဏဂုံသုံးပါးကို ရွတ်ဆိုကြရတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
I take refuge in the Buddha.
(မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏)

ဓမ္မံ သရဏံ ဂစ္ဆာမိ။
I take refuge in the Dhamma.
(တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏)

သံဃံ သရဏံ ဂစ္ဆာမိ။
I take refuge in the Samgha.
(သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏)

ဗုဒ္ဓမြတ်စွာက အမှန်တရားကို ထိုးထွင်းသိမြင်ပြီး သတ္တဝါများ ချမ်းသာအောင် အမှန်တရားကို ညွှန်ကြားပြသပေးတဲ့ဆရာတစ်ဆူဖြစ်တဲ့အတွက် မြတ်ဗုဒ္ဓကို မြင့်မြတ်တဲ့ ဆရာတစ်ဆူအနေနဲ့ အားမကိုးနိုင်စရာ၊ မကြည်ညိုနိုင်စရာမရှိပါဘူး။

တရားတော်မြတ်ကလည်း မှန်ကန်သဘာဝကျတဲ့အပြင် ဘေးအန္တရာယ်အပေါင်းမှ ထုတ်ဆောင်ပြီး ချမ်းသာအစစ်ကို ပေးဆောင်နိုင်တဲ့တရားဖြစ်လို့ ဗုဒ္ဓတရားတော်ကို အားမကိုးနိုင်စရာ လက်မခံနိုင်စရာအကြောင်းမရှိပါဘူး။

သံဃာတော်မြတ်က ဗုဒ္ဓတရားတော်များကို ထိန်းသိမ်းထားသူ၊ ကျင့်ဆောင်ထားသူ၊ ဖြန့်ချိနေသူများဖြစ်ကြတဲ့အပြင် အရိယာ သံဃာမြတ်ဆိုတာ ကိလေသာခေါင်းပါးသူများ၊ ကင်းရှင်းသူများဖြစ်ကြလို့ တကယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။ ဒါကြောင့် သံဃာတော်ကိုလည်း မရိုမသေ မလေးမြတ်နိုင်စရာ အကြောင်းမရှိပါဘူး။

## ချက်ချင်းအကျိုးပေးတဲ့တရား

ကိလေသာကင်းစင်ကြတဲ့ ရဟန္တာအရှင်မြတ်များကလွဲရင် ကျန်ပုဂ္ဂိုလ်များမှာ ကိလေသာတရားတို့ရဲ့ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ဒဏ်ကို ခံနေကြရလို့ ခဏကလေးသော်မျှ စိတ်ချမ်းသာဖို့ဆိုတာ မလွယ်ဘူး။ စိတ်ဆင်းရဲတဲ့ဒဏ်ချက်ဖြင့်သာ အမြဲတစေ ခေါင်းငုံ့နေကြရတယ်။

ဒါကြောင့် စိတ်ကိုကိလေသာအညစ်အကြေးတို့မှ ဆေးကြောသုတ်သင်နိုင်စွမ်းတဲ့ မြတ်စွာဘုရားရဲ့ ဝိပဿနာတရားဆေးကို စားသုံးကြည့်တဲ့လူတွေဟာ ချက်ချင်းလက်ငင်း စိတ်သက်သာရာရပြီး ကိုယ်ပါချမ်းသာကြတယ်။

ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ယောက်က ၁၉၄၂ ခုနှစ်မှာ မန္တလေးမြို့မှာ မွေးဖွားခဲ့တဲ့ '**ဂိုအင်ကာ**' ဖြစ်ပါတယ်။ မာရဝါရီလူမျိုး၊ ဟိန္ဒူဘာသာကို သက်ဝင်ယုံကြည်တယ်။ အရွယ်ရောက်တော့ ဗန္ဒုလ စောင်စက်၊ ဆန်စက်၊ ဖွဲနုဆီစက်၊ ပလတ်စတစ်စက်ရုံတွေကို လုပ်ကိုင်လို့ အင်မတန်ကြီးပွားလာတယ်။

အဘက်ဘက်က ကုံလုံပြည့်စုံသူ၊ အောင်မြင်သူတစ်ဦး ဖြစ်

ပေမယ့် သူ့ဆီမှာ မပြည့်စုံတဲ့အချက်တစ်ချက်က ငယ်စဉ် က တည်းက ခေါင်းကိုက်ရောဂါ စွဲကပ်လာခြင်းဖြစ်တယ်။ ပြည်တွင်း ပြည်ပ ဆရာဝန်အမျိုးမျိုးနဲ့ ကုသတယ်၊ မပျောက်ဘူး။ နောက် ဆုံး မော်ဖီးယားထိုးပြီး သက်သာမှုကို ရှာခဲ့ရတယ်။

မိတ်ဆွေတစ်ဦးက ဂိုအင်ကာကို '**ကမ္ဘာ့ဌာန်းဆရာကြီး ဦး ဘခင်** ထံမှာ ဝိပဿနာတရား သွားထိုင်ကြည့်ပါလား' လို့ တိုက် တွန်းတယ်။ ဒါနဲ့ ရန်ကုန်မြို့ အင်းလျားမြိုင်လမ်းမှာရှိတဲ့ 'အ ပြည်ပြည်ဆိုင်ရာဝိပဿနာလုပ်ငန်းဌာန' သို့ ဂိုအင်ကာ ရောက် လာတယ်။ အငြိမ်းစားငွေစာရင်းမင်းကြီး ဦးဘခင်ထံမှာ ခေါင်း ကိုက်ရောဂါ ပျောက်အောင် တရားထိုင်ချင်ကြောင်း ခွင့်တောင်း တယ်။

ဦးဘခင်က "ရောဂါပျောက်လိုတဲ့ဆန္ဒတစ်ခုတည်းနဲ့ တရား ထိုင်ရင် ရောဂါပျောက်နိုင်မယ်မဟုတ်ဘူး၊ ဗုဒ္ဓလမ်းစဉ်အတိုင်း ယုံယုံကြည်ကြည်နဲ့ တရားအားထုတ်ရင် စိတ်အညစ်အကြေး တွေ လျော့ပါးကင်းစင်ပြီး ရောဂါလဲ ပျောက်ကင်းနိုင်ပါတယ်" လို့ ပြောပြတယ်။

ဂိုအင်ကာ တရားစ,ထိုင်တဲ့နေ့မှာပဲ ခေါင်းကိုက်ရောဂါဟာ အံ့ဖွယ်ကောင်းအောင် ပျောက်ကင်းသွားတယ်။ ၁၀ ရက်စခန်း ပြီးဆုံးတဲ့အခါ တရားသဘောတွေကို ရှင်းရှင်းလင်းလင်း မြင် သိလာလို့ ဗုဒ္ဓမြတ်စွာနဲ့ တရားတော်မှာ ယုံကြည်ပြီး သရဏဂုံ ဆောက်တည်လိုက်တယ်။

ဂိုအင်ကာဟာ ဝိပဿနာတရားကို ဆက်လက်အားထုတ်ပြီး ဦးဘခင်ထံမှာ ဆယ်နှစ်ကြာအောင် ဟင်ဒီစကားပြောတဲ့ယောဂီ

များအတွက် စကားပြန်လုပ်ပေးတယ်။ ဦးဘခင်ရဲ့ အားကိုးရတဲ့ တပည့်ကြီးတစ်ယောက် ဖြစ်လာတယ်။

၁၉၆၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံသို့ သွားရောက်နေထိုင်တဲ့ မိခင်က မကျန်းမာလို့ ဂိုအင်ကာလိုက်သွားတယ်။ မိဘနှစ်ပါး ကျေးဇူးဆပ်ဖို့ ဝိပဿနာတရားကို ပြသပေးတယ်။ ဆွေမျိုးသားချင်းများနဲ့ မိတ်ဆွေများကိုပါ အောင်မြင်စွာတရားပြနိုင်ခဲ့တယ်။

မြန်မာပြည်က ဇနီးသားများက အိန္ဒိယသို့ လိုက်လာကြပြီး အိန္ဒိယမှာ စီးပွားရေးအခြေချကြတယ်၊ လျင်မြန်စွာ ကြီးပွားတိုးတက်လာပြီး သန်းကြွယ်ချမ်းသာလာကြတယ်။

ဂိုအင်ကာက ဗုဒ္ဓကျမ်းစာများကို လေ့လာပြီး ဝိပဿနာတရား ဆက်ပြတာ အလွန်အောင်မြင်လို့ အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့ဌာန်း ရိပ်သာကြီးသုံးခုကို အမြဲတမ်း ဖွင့်လှစ်ထားနိုင်တယ်။ ကမ္ဘာလှည့်ပြီးတော့လည်း တရားဟောပြောပြသလို နိုင်ငံ ၈၀ ကျော်မှာ ရိပ်သာခွဲများ တည်ထောင်ထားပြီးပြီ။ လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာ ၁၀၀ ကျော်ကိုလည်း ခန့်ထားပြီးပြီ။

၁၉၈၂ ခုနှစ်မှာ ကျွန်တော် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ ရှိနေခိုက် ဂိုအင်ကာ ရောက်လာတယ်။ ၁၀ ရက် တရားစခန်းဖွင့်ဖို့ ဖြစ်တယ်။ ယမန်နှစ်က သူ့တရားစခန်းဝင်ဖူးတဲ့ ဩစတြေးလျန်း အမျိုးသမီးကြီးတစ်ဦးက ၁၉၈၂ ခုနှစ်မှာ လူ ၃၀၀ ခန့် တရားဝင်ကြမည့်အကြောင်း၊ တရားဝင်မည့်သူတို့ထံမှ အလှူငွေ လက်မခံဘဲ တရားအားထုတ်ပြီး သဒ္ဓါပေါက်လာမှ လှူခွင့်ပြုကြောင်း၊ ဂိုအင်ကာဟာ တရားဟောအလွန်ကောင်းသူ ဖြစ်ကြောင်းတို့ကို ကျွန်တော့်အား ပြောပြတယ်။

ဂိုအင်ကာကမ္ဘာလှည့်ပြီး လူနှစ်သိန်းလောက်ကို တရားပြသပေးခဲ့ပြီးဖြစ်တယ်။ တရားစခန်းတိုင်းမှာ မိမိဟာ မြန်မာနိုင်ငံကမ္မဋ္ဌာန်းဆရာကြီး ဦးဘခင်ရဲ့တပည့်ဖြစ်ကြောင်း၊ အနာဂါမ် ဦးသက်ကြီးမှတစ်ဆင့် ဦးဘခင် လေ့လာသိရှိခဲ့ရတဲ့ လယ်တီဆရာတော်ရဲ့ ဝိပဿနာတရားအားထုတ်နည်းကို မိမိညွှန်ပြပေးမှာဖြစ်ကြောင်းကို ပြောကြားပါတယ်။

ဂိုအင်ကာရဲ့ အောင်မြင်မှုကိုကြည့်ရင် မြတ်ဗုဒ္ဓရဲ့ တရားတော်ဟာ ဘယ်လောက်အစွမ်းထက်ပြီး ဘယ်လိုလက်ငင်းအကျိုးပေးနိုင်တာကို ခန့်မှန်းနိုင်ပါတယ်။

## စိတ်ရောဂါကုဆရာဝန်ကြီးရဲ့ စိတ်ရောဂါ

ပြင်သစ်ပြည် ပါရီမြို့က စိတ်ရောဂါကုဆရာဝန် **ယွန်းကလော့ဆိး** ဟာ အမေရိကန်ပြည်ထောင်စုသို့သွားပြီး နောက်ဆုံးပေါ် စိတ်ရောဂါကုထုံးများကို ဆည်းပူးခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အထိ ပြင်သစ်ပြည်စိတ်ရောဂါကုခန်းများစွာကိုလှည့်ပတ်ပြီး ကုသပေးခဲ့တယ်။

လူနာတွေရဲ့ စိတ်ရောဂါများက သူ့ထံ ကူးစက်လာပြီး သူစိတ်ကျရောဂါ (Mental depression) ဖြစ်လာတယ်။ ညဥ့်ဘက်မှာ သူ အိပ်မပျော်ဘူး။ အိပ်ဆေး စိတ်ငြိမ်ဆေးတွေကို အများကြီးသောက်ရတယ်။ ရောဂါသက်သာမလားလို့ ယောဂကမ္မဋ္ဌာန်းများကိုလည်း ထိုင်ကြည့်တယ်၊ ထူးမခြားနားဘူး။

၁၉၇၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ ဂိုအင်ကာရဲ့ ၁၀ ရက် တရားစခန်းကို သူဝင်ရောက်ခဲ့တယ်။ သူမျှော်မှန်းတာထက်

ပိုအံ့ဩဖွယ်ကောင်းတဲ့အကျိုးထူးကို ခံစားရတယ်၊ သူ့ရဲ့ ကိုယ်စိတ် နှစ်ပါးဟာ ထူးထူးခြားခြားစင်ကြယ်သန့်ရှင်းလာတယ်၊ သူ့ရဲ့စိတ်ရောဂါက သိသိသာသာသက်သာလာတယ်၊ ဆေးကုတဲ့နေရာမှာလည်း ယခင်ထက် ပိုအောင်မြင်လာတယ်၊ သူ့ဆက်ဆံရေးကလည်း ပိုကောင်းမွန်လာတယ်။

"ယခင်က လူနာတွေ၊ မိတ်ဆွေတွေ၊ ကျွန်တော့်ဇနီး သားသမီးတွေနဲ့ ကျွန်တော်ဆက်ဆံတဲ့အခါမှာ မကြာခဏ အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့တယ်၊ ကျွန်တော့်ရဲ့ စိတ်လှုပ်ရှားမှုကို ကျွန်တော်မထိန်းနိုင်လို့ပဲ၊ ဝိပဿနာတရား ရှုမှတ်ပြီးတဲ့နောက် စိတ်လှုပ်ရှားမှုကို ကျွန်တော်ထိန်းနိုင်လာတယ်၊ ဒါကြောင့် ဆက်ဆံမှုအဆင်ပြေလာပါတယ်။

"ကျွန်တော်ဟာ အသက် ၅၄ နှစ်အရွယ် စိတ်ရောဂါကုပညာရှင် ဖြစ်လို့ လူတွေရဲ့ စိတ်အခြေအနေတွေကို နားလည်တယ်၊ နားလည်လို့ စိတ်ရောဂါရှင်များကို ကုသပေးနိုင်တယ်လို့ မိမိကိုယ်ကို ခံယူထားခဲ့တယ်၊ ဝိပဿနာအားထုတ်လိုက်တော့မှပဲ ကျွန်တော်သိနားလည်ထားတဲ့စိတ်အကြောင်းတွေဟာ ဗုဒ္ဓမြတ်စွာ ထိုးထွင်းသိမြင်ပြီး သင်ကြားပေးခဲ့တာနဲ့ နှိုင်းစာရင် အသေးအဖွဲ့ကလေးဖြစ်တယ်ဆိုတာ သိရှိရတယ်၊ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ရာမှာ ဝိပဿနာတရားထက် သာလွန်တဲ့ နည်းလမ်း မရှိဘူး"

ယွန်းကလော့ဆီးရဲ့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံစားချက်တွေဟာ အလွန်မှတ်သားစရာကောင်းတယ်။ ဝိပဿနာတရားအားထုတ်တာ သူ့အတွက် အလွန်ကျေးဇူးများတဲ့အတွက် ဂို

အင်ကာရဲ့ နောက်ထပ် ၁၀ ရက် တရားစခန်းများစွာကို သူ ထပ်ဝင်ခဲ့တယ်။ သူ့အတွက် ပျော်ရွှင်စရာအကောင်းဆုံးရလဒ်က သူ့ရဲ့ စိတ်ကျရောဂါ အရှင်းပျောက်သွားပြီး သူ့မိသားစုဟာ ပျော်ရွှင်ချမ်းမြေ့လာခြင်းဖြစ်ပေတယ်။

(အကျယ်ကိုဖတ်ချင်ရင် မြတ်မင်္ဂလာ၊ အတွဲ ၅၊ အမှတ် ၂၊ ၁၉၈၉ ခု၊ ဩဂုတ်လ၊ မင်းယုဝေရဲ့ 'ဝိပဿနာအကျိုးကျေးဇူး' ဆောင်းပါးကို ဖတ်ပါ။)

## မမြင်နိုင်တဲ့ စွမ်းအားများ

အလင်းစွမ်းအင်၊ အသံစွမ်းအင်၊ လျှပ်စစ်စွမ်းအင်၊ သံလိုက်စွမ်းအင်၊ အဏုမြူစွမ်းအင်စသည့် စွမ်းအင်များကို သာမန်မျက်စိနဲ့ ကြည့်လို့ မမြင်ရဘူး။ ဒီစွမ်းအင်တွေရဲ့ စွမ်းရည်သတ္တိများကို သိပ္ပံက လေ့လာသိရှိထားပြီး သိပ္ပံက ဖော်ထုတ်ပေးလို့ လူသားတို့က ဒီစွမ်းအင်တွေကို အကျိုးရှိစွာ အသုံးချနိုင်နေခြင်းဖြစ်တယ်။

သိပ္ပံက မသိသေးတဲ့စွမ်းအားတွေ အများကြီး ရှိသေးတယ်။ အဲဒီအထဲက အရေးကြီးဆုံးစွမ်းအားတစ်ရပ်က စိတ်ရဲ့စွမ်းရည်သတ္တိပါပဲ။ စိတ်က သိပ္ပံပညာကို ချုပ်ကိုင်ထားတယ်၊ ကမ္ဘာကို ချုပ်ကိုင်ထားတယ်၊ သတ္တဝါအားလုံးတို့ရဲ့ ဘဝများကို ချုပ်ကိုင်ထားတယ်ဆိုတာ ထင်ရှားနေတာပဲ။

ဒါပေမဲ့ စိတ်ကို သိပ္ပံပညာရှင်တွေက စမ်းသပ်တိုင်းတာလို့ မရဘူး။ စိတ်ကိုမှီပြီး ဖြစ်နေကြတဲ့ လောဘရဲ့စွမ်းအား၊ ဒေါသရဲ့ စွမ်းအား၊ မောဟရဲ့ စွမ်းအား၊ သီလရဲ့စွမ်းအား၊ သမာဓိရဲ့ စွမ်းအား၊ မေတ္တာရဲ့စွမ်းအား၊ သစ္စာရဲ့စွမ်းအား စသည်တို့ကိုလည်း သိပ္ပံက နားမလည်သေးဘူး။

ဒီစွမ်းအားတွေရဲ့အကြောင်းကို ကောင်းစွာနားလည်ပြီး လူသားတို့ရဲ့ အကျိုးကျေးဇူးအတွက် အံ့မခန်းဖွယ်ရာ အသုံးချပြတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ မြတ်စွာဘုရားပါပဲ။

စိတ်ဟာ ခန္ဓာကိုယ်ကို လွှမ်းမိုးနိုင်ပြီး ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ရောဂါများစွာနဲ့ ဆက်စပ်နေတယ်ဆိုတာကို စိတ်ရောဂါကုပညာရှင်များ သိရှိကြတယ်။ ဒါပေမဲ့ လောဘ, ဒေါသ စတဲ့စိတ်အညစ်အကြေးတွေကို ဘယ်လိုဆေးကြောသုတ်သင်ရမှာကို မသိကြဘူး။ ဗုဒ္ဓမြတ်စွာညွှန်ပြတဲ့ ဝိပဿနာတရားအားထုတ်နည်းကို အသုံးချလိုက်တာနဲ့ စိတ်ကြည်လင်သန့်ရှင်းသွားပြီး ရောဂါတွေ ထူးထူးခြားခြား ပျောက်ကင်းသွားကြတာတွေကို သူတို့ အံ့သြစွာပဲ မြင်တွေ့နေကြရပေတယ်။

စိတ်ကြည်လင်ပြီး ရောဂါသက်သာပျောက်ကင်းသွားတာက သူတို့ လက်ငင်းမြင်တွေ့နိုင်တဲ့ အကြောင်းရပ်တွေပဲ။ သူတို့ မမြင်တွေ့နိုင်တဲ့ အကြောင်းရပ်တွေ အမြောက်အမြား ရှိသေးတယ်။ ဥပမာ ကိလေသာ အညစ်အကြေးတွေ ကင်းပြီး စိတ်ကြည်လင်သန့်ရှင်းလာတဲ့အခါ ဝိပဿနာကုသိုလ်စိတ်တွေ ဆက်ကာဆက်ကာ ဖြစ်ပွားပြီး နောင်တမလွန်ဘဝမှာ ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေကို ထပ်ပေးဦးမှာဆိုတာတွေပဲ။

အလွန်တရာ ဖြူစင်မြင့်မြတ်တဲ့ ဘုရား, တရား, သံဃာတို့အပေါ်မှာ ကြည်ညိုစိတ်တွေဖြစ်လိုက်ရုံနဲ့ အဲဒီကြည်ညိုစိတ်တွေက အလွန်တရာကြီးကျယ်တဲ့ လူ့စည်းစိမ်, နတ်စည်းစိမ်တွေကို ပေးဆောင်နိုင်တယ်ဆိုတာ သူတို့ နားမလည်နိုင်ကြဘူး။

## ဘုရားရှင်ကို ကြည်ညိုစိတ်ဖြစ်ရုံမျှနဲ့

ဥပမာတစ်ခုပြောမယ်၊ ဘုရားရှင်ဟာ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတယ်။ အရုဏ်တက်ခါနီး အချိန်မှာ မဟာကရုဏာသမာပတ်က ထပြီး ဉာဏ်စက္ခုနဲ့ လောကကို ကြည့်ရှုတော်မူတယ်။ ရာဇဂြိုဟ်မြို့ထဲ တစ်နေရာက **စဏ္ဍာလီ** အမည်ရှိတဲ့ သူတောင်းစားအမယ်အိုဟာ ဘုရားရှင်ရဲ့ ဉာဏ်စက္ခုမှာ ထင်လာတယ်။

စဏ္ဍာလီအမယ်အိုက နာရီပိုင်းအတွင်း သေတော့မယ်။ သူ့မှာ ဘာကုသိုလ်ကံမှ မည်မည်ရရမရှိဘူး။ အကုသိုလ်ကံတွေက သူ့ကို ငရဲသို့ ပို့ဆောင်ကြတော့မယ်။ ဒါပေမဲ့ မြတ်စွာဘုရားကို သူ ဖူးမြော်လိုက်ရရင် နတ်ပြည်ရောက်သွားလိမ့်မယ်။

ဒါတွေကို ဘုရားရှင်က အတိုင်းသားမြင်သိနေပေမယ့် အခြားသူတွေ မသိကြဘူး။ စဏ္ဍာလီက တောင်ဝှေးကို ထောက်ကာထောက်ကာ မြို့ထဲက ထွက်လာတယ်။ ဘုရားရှင်က ရဟန်းများကို နောက်တော်မှာထားပြီး မြို့ထဲကို ဆွမ်းခံဝင်တော်မူတယ်။ လမ်းမှာ ဘုရားရှင်နဲ့ စဏ္ဍာလီ ရင်ဆိုင်မိကြတယ်။

စဏ္ဍာလီ ရပ်ဆိုင်းသွားသလို ဘုရားရှင်ကလည်း ရပ်တန့်နေတော်မူတယ်။ အရှင်မဟာမောဂ္ဂလာန်က ဆင်ခြင်ကြည့်တော့ စဏ္ဍာလီရဲ့ သက်တမ်းကုန်ဆုံးနေတာနဲ့ ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ကို သိမြင်တော်မူပါတယ်။ ဒါကြောင့် မထေရ်မြတ်က စဏ္ဍာလီကို ဘုရားရှင်အားရှိခိုးဖို့ တိုက်တွန်းတယ်။

"စဏ္ဍာလီ...ဘုရားရှင်ဟာ သင့်ကို ချီးမြှောက်လိုလို့ ရပ်နေတော်မူတယ်၊ ဂုဏ်အပေါင်း ခသြောင်းတဲ့ မြတ်စွာဘုရားကိုလက်

အုပ် ချီမိုးပြီး ရှိခိုးလိုက်ပါ၊ သင့်အသက်ဟာ တိုတောင်းနေပြီ၊ မကြာခင် သင်ကွယ်လွန်ရလိမ့်မယ်”

မထေရ်ရဲ့စကားကို ကြားရတော့ စဏ္ဍာလီဟာ ထိတ်လန့်တုန်လှုပ်သွားပါတယ်။ ဘုရားရှင်အပေါ်မှာ ကြည်ညိုစိတ် ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ဘုရားရှင်ကို ထိခြင်းငါးပါးနဲ့ ရှိခိုးဦးချပါတယ်။ အသာအယာထပြီး လက်အုပ်ချီမိုးထားရင်း လမ်းဘေးဖယ်ပြီး ရပ်နေပါတယ်။

ဘုရားရှင်က ...“ဒီလောက်ကုသိုလ်ဟာ စဏ္ဍာလီအတွက် နတ်ပြည်မှာဖြစ်ဖို့ လုံလောက်ပြီ”လို့ နှလုံးသွင်းပြီး မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူတယ်။ အဲဒီအချိန်မှာပဲ သားငယ်ရှိတဲ့ နွားမတစ်ကောင်က စဏ္ဍာလီကို ဝှေ့သတ်လိုက်ပါတယ်။

စဏ္ဍာလီဟာ စုတေတာနဲ့တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်ပါတယ်။ နတ်သမီးတစ်သိန်းက သူ့ကို ခြံရံနေပါတယ်။ စဏ္ဍာလီနတ်သမီးဟာ အဲဒီနေ့မှာပဲ ဗိမာန်နဲ့တကွ လူ့ပြည်ကို ဆင်းသက်လာပြီး အရှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပါတယ်။ အမယ်အိုအသွင်နဲ့ မဟုတ်တော့ဘူး။ ၁၆ နှစ်အရွယ် လှပတဲ့ နတ်သမီးဖြစ်နေပြီ။

“အို...နတ်သမီး၊ သင်ဟာ လှပတင့်တယ်ရှုမောဖွယ်ကောင်းလှတယ်၊ ရွှေလိုဝါဝင်းတဲ့အဆင်းလဲ ရှိတယ်၊ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပြောင်လှပေတယ်၊ အခြွေအရံတွေ များလှတယ်၊ သင်ဟာ ဘယ်သူလဲ”

“အရှင်ဘုရား...တပည့်တော်ဟာ စဏ္ဍာလီပါပဲ၊ အရှင်ဘုရား တိုက်တွန်းလို့ ဘုရားရှင်ရဲ့ခြေတော်ကို ရှိခိုးခဲ့ရပါတယ်၊ အဲဒီ

ဘုရားရှင်ဟာ တကယ်ပဲ ပူဇော်အထူးကို ခံထိုက်သူဖြစ်ပါပေတယ်၊ ဘုရားရှင်ကို ရှိခိုးပြီးတဲ့နောက် သူတောင်းစားမျိုးက စုတောခဲ့ရပါတယ်၊ ချက်ချင်းပဲ တာဝတိံသာနတ်ပြည်မှာ တင့်တယ်ခမ်းနားတဲ့ ဘုံဗိမာန်မှာ အခြွေအရံတစ်သိန်း ခြံရံလျက် နတ်သမီးဖြစ်ခဲ့ရပါပြီ"

စဏ္ဍာလီနတ်သမီးဟာ သူ့ကျေးဇူးကိုသိတတ်ပြီး သူ့ကျေးဇူးကို ထင်ရှားအောင်ပြုတတ်သူလည်း ဖြစ်ပါတယ်။ အရှင်မဟာမောဂ္ဂလာန်ရဲ့ ခြေတော်ကို ရှိခိုးပြီး ပျောက်ကွယ်သွားပါတယ်။

လောဘ, ဒေါသတို့ရဲ့ စွမ်းအားက အပါယ်သို့ ချနိုင်သလို မြတ်စွာဘုရားကို ကြည်ညိုတဲ့သဒ္ဓါရဲ့စွမ်းအားက နတ်ပြည်သို့ ပို့ဆောင်ပေးနိုင်တယ်။ မြတ်စွာဘုရားက သေတော့မယ့်သူကို မသေအောင် ကံနဲ့ ဆန့်ကျင်ပြီး မတားဆီးနိုင်ပါသော်လည်း ကုသိုလ်စိတ်ဖြစ်အောင် လမ်းညွှန်ပြနိုင်တယ်။ အဲဒီ ကုသိုလ်စိတ်က သတ္တဝါတို့ကို ကောင်းရာသုဂတိသို့ရောက်အောင် ပို့ဆောင်လိုက်တာပဲ။

သဘာဝအရ စွမ်းအားအကြီးဆုံးဖြစ်တဲ့စိတ်ကို သဒ္ဓါနဲ့ ယှဉ်ပေးပြီး နတ်ဘုံမှာ ဘဝသစ်ဖြစ်စေအောင် လမ်းကြောင်းပေးလိုက်တာပဲ။ စိတ်ရဲ့ ကံအစွမ်းသတ္တိက အလွန်ထူးဆန်းလို့ သိပ္ပံက ဘယ်လိုမှ မစမ်းသပ်နိုင်ပါဘူး။ မြတ်စွာဘုရားက သတ္တဝါများနဲ့ ဘုံဌာနများကို ဖန်ဆင်းပေးနိုင်တဲ့ ကံရဲ့အစွမ်းသတ္တိကို သိရှိတော်မူလို့ သတ္တဝါတွေ အကျိုးရှိအောင် ဟောကြားညွှန်ပြတော်မူခဲ့တယ်။

(ဘဝဖန်တီးရှင် ကံတရားအကြောင်းကို နောက်စာအုပ်တွင် ရေးသားတင်ဆက်ပါမည်။)

## တရားသံရဲ့ စွမ်းအား

မြတ်စွာဘုရားရှင်ဟာ စမ္ပာပြည် ဂဂ္ဂရာရေကန်အနီးမှာ သီတင်းသုံး နေတော်မူတယ်။ အရုဏ်တက်ခါနီးမှာ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူပါတယ်။ သမာပတ်က ထပြီးတော့ ကျွတ်ထိုက်တဲ့သတ္တဝါတို့ကို ဉာဏ်စက္ခုနဲ့ ကြည့်တော်မူတယ်။ ဒါဟာ မြတ်ဗုဒ္ဓရဲ့ တစ်နေ့တာလုပ်ငန်းစဉ်ကို စတင်လိုက်တာ ပါပဲ။

"ယနေ့ညနေ ငါဘုရား တရားဟောလို့ရှိရင် ဖားကလေး တစ်ကောင်က တရားသံကို အာရုံပြုနေတုန်း သူတစ်ပါးပယောဂ နဲ့ သေဆုံးပြီး နတ်ပြည်မှာ ဖြစ်လိမ့်မယ်၊ နတ်အခြွေအရံ အများ အပြားနဲ့ ငါဘုရားရဲ့ ထံတော်မှောက်သို့ ရောက်လာလိမ့်မယ်၊ အဲဒီအခါ တရားဟောရလို့ လူအများအပြား ကျွတ်တမ်းဝင်ကြ လိမ့်မယ်"

မြတ်စွာဘုရားဟာ အနာဂတံသ အဘိညာဉ်နဲ့ နောင် အနာ ဂတ်မှာ ဖြစ်လာမယ့်အကြောင်းအရာများကို မြင်သိတော်မူတယ်။

ညနေပိုင်း ပရိသတ်စုံညီတဲ့အခါ အင်မတန်သာယာတဲ့ အသံ တော်နဲ့ မြတ်စွာဘုရား တရားဟောတော်မူပါတယ်။ ဖားကလေး တစ်ကောင်က ရေကန်မှ တက်လာပြီးတော့ သာယာတဲ့ တရားသံ ကို အာရုံပြုရင်း ပရိသတ်အစွန်မှာ ဝပ်စင်းနေတယ်။

နွားကျောင်းသားတစ်ယောက်ကလည်း ပရိသတ်အစွန်ကို ရောက်လာပြီးတော့ ဖားကလေးရဲ့ခေါင်းပေါ်မှာ တုတ်ထောက် မိလျက်သားဖြစ်သွားတယ်။ ဖားကလေးက သေဆုံးသွားပြီး တာဝတိံသာနတ်ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သား ဖြစ်တယ်။ နတ်သမီးအများကြီးက ဝိုင်းအုံခြံရံနေကြတယ်။

"ငါဟာ ဘယ်ဘဝကလာပြီး ဒီမှာဖြစ်ရပါလိမ့်"လို့ဆင်ခြင်စဉ်းစားတဲ့အခါ ဖားကလေးဘဝနဲ့ ဘုရားရှင်ရဲ့တရားသံကို အာရုံပြုကာ ကြည်ညိုနေတဲ့ကုသိုလ်ကြောင့် နတ်သားဖြစ်လာတာကို အမှန်အတိုင်း သိရတယ်။

ဖားဘဝက သေပြီး ဥပပတ်ပဋိသန္ဓေနဲ့ နတ်သား ချက်ချင်းဖြစ်လာရလို့ အချိန်က ဘာမှမခြားတဲ့အတွက် အတိတ်ကိုကောင်းကောင်း မြင်သိနိုင်ပါတယ်။ ဖားနတ်သားက ဗိမာန်နဲ့တကွ ဘုရားထံမှောက်သို့ ရောက်လာတယ်။ ဗိမာန်က ဆင်းပြီး လူအများကြည့်နေတုန်းမှာပဲ အခြံအရံများနဲ့တကွ မြတ်စွာဘုရားရဲ့ ခြေတော်ကို ရှိခိုးတယ်။ ပြီးတော့ လက်အုပ်ချီမိုးပြီး ရပ်နေပါတယ်။

မြတ်စွာဘုရားက အကြောင်းစုံကို သိပြီးဖြစ်ပေမယ့် လူအပေါင်းအား မျက်မြင်ကိုယ်တွေ့ပြလိုတဲ့အတွက် မေးမြန်းတော်မူတယ်။

"သင်ဟာ နတ်တို့ရဲ့တန်ခိုးနဲ့ အရပ်မျက်နှာအကုန်လုံးကို ထွန်းလင်းတောက်ပစေတယ်၊ အခြွေအရံတွေနဲ့လဲ ပြည့်စုံတယ်၊ သင်ဟာ ဘယ်သူလဲ"

"ရှင်တော်မြတ်ဘုရား…တပည့်တော်ဟာ အတိတ်ဘဝက ရေကန်ထဲမှာ ကျက်စားတဲ့ ဖားသတ္တဝါဖြစ်ခဲ့ရပါတယ်၊ အရှင်ဘုရားရဲ့ တရားတော်ကို နာနေတုန်းမှာ နွားကျောင်းသားတစ်ဦးက တုတ်ကို တပည့်တော်ကိုယ်ပေါ် ထောက်လိုက်မိလို့ တပည့်တော် သေဆုံးခဲ့ပါတယ်။

"တရားတော်ကို ကြည်ညိုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်မှာ တန်ခိုးအာနုဘော်နဲ့ပြည့်စုံတဲ့ နတ်သား

ဖြစ်ရပါတယ်၊ တပည့်တော်ရဲ့ အခြွေအရံများနဲ့ ကိုယ်အရောင်အဝါတို့ဟာ ရှင်တော်ဘုရား မြင်တွေ့တော်မူတဲ့အတိုင်းပါပဲဘုရား"

နတ်သားရဲ့စကားကို ကြားလိုက်ကြရတဲ့ ပရိသတ်အပေါင်းဟာ အလွန်နှစ်ထောင်းအားရဖြစ်ကြပါတယ်။ ဘုရားရှင်က အကျယ်တဝင့် တရားဟောတော်မူလို့ ဖားနတ်သားဟာ သောတာပတ္တိဖိုလ်မှာ တည်ပြီး လူများစွာတို့ကလည်း ကျွတ်တမ်းဝင်နိုင်ကြတော့တယ်။

မြတ်စွာဘုရားရဲ့ အတုမရှိတင့်တယ်တဲ့ ရုပ်အဆင်းတော်၊ သာယာတဲ့အသံတော်၊ မြတ်စွာဘုရားရဲ့ အသုံးအဆောင်ပစ္စည်းစသည်တို့ဟာ မြတ်စွာဘုရားရဲ့ မြင့်မြတ်တဲ့ ဂုဏ်တော်နဲ့ ဆက်စပ်ပြီး ကြည်ညိုဖွယ်ရာများ ဖြစ်ကြတယ်။ မြင်ရသူ ကြားရသူ အပေါင်းတို့ကို တဏှာရောဂါ ကင်းဝေးစေပြီး သဒ္ဓါတရားဖြစ်ပွားစေပါတယ်။ ဒါကြောင့် ကောင်းကျိုးချမ်းသာတို့ကို ပေးဆောင်နိုင်ကြတယ်။

မြတ်စွာဘုရားရဲ့ တရားတော်မှာလည်း မြင့်မြတ်တဲ့ ဂုဏ်တော်များကို ဆောင်ထားတယ်။ ကဿပမြတ်စွာဘုရား သာသနာမှာ လိဏ်ဂူတစ်ခုမှာ သီတင်းသုံးကြတဲ့ ရဟန်းတို့က အဘိဓမ္မာ ဒေသနာတော်ကို ရွတ်ဆိုကြတဲ့အခါ လင်းနို့ငါးရာတို့က တရားတော်ကို နားမလည်ပေမယ့် ကြည်ညိုကြတယ်။ ဒီလိုကြည်ညိုတဲ့စိတ်ကြောင့်ပဲ လင်းနို့ငါးရာ သေဆုံးကြတဲ့အခါ နတ်ပြည်မှာ အကြိမ်ကြိမ်နတ်ဖြစ်ကြရပြီးတော့ ဂေါတမမြတ်စွာဘုရား လက်ထက်မှာ လူဖြစ်လာကြတယ်။ အရှင်သာရိပုတ္တရာထံ

မှာ ရဟန်းပြုကြပြီး အဘိဓမ္မာတရား နာကြားကြရတယ်။ တစ်ဖန် ဘုရားထံမှ တရားနာကြားရတဲ့အခါ ရဟန္တာများ ဖြစ်ကြတယ်။

## သံဃာ့ဂုဏ်တော်ရဲ့ စွမ်းအား

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့အခါ ရဟန်းများစွာတို့ဟာ တောရွာကျောင်းတစ်ကျောင်းမှာ ဝါကပ်ကြတယ်။ ဝါလကျွတ်လို့ ပဝါရဏာ ပြုပြီးတဲ့အခါ သပိတ်, သင်္ကန်းကိုယ်စီ ဆောင်ယူကြပြီး ဘုရားရှင်ကို ဖူးမြော်ဖို့ သာဝတ္ထိသို့ သွားကြတယ်။

ကြည်ညိုစဖွယ် ဣန္ဒြေသိက္ခာနဲ့ ကြွသွားကြတဲ့ ရဟန်းတော်များကို ရွာသူအမျိုးသမီးတစ်ယောက်က ကြည်ညိုလေးမြတ်စွာ ဖူးမြော်ပါတယ်၊ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်၊ ရွှင်လန်း ဝမ်းမြောက်တဲ့ မျက်လုံးများနဲ့ မျက်စိတစ်ဆုံးကြည့်ရင်း နဖူးထိပ်မှာ လက်အုပ်ချီပြီး ရပ်နေပါတယ်။ ရဟန်းတော်တွေ ကွယ်ပျောက်သွားတော့မှ သူလုပ်စရာများကို ဆက်လုပ်ပါတယ်။

ဒီအမျိုးသမီး ကြည်ညိုရှိခိုးနေခဲ့တဲ့အချိန်ဟာ ငါးမိနစ်လောက်ပဲ ကြာလိမ့်မယ်၊ ဘယ်လောက်မှလည်း ပင်ပန်းမသွားဘူး။ ဒါပေမဲ့ ဒီကောင်းမှုအတွက် သူခံစားရမယ့်အကျိုးကျေးဇူးက အလွန်ကြီးကျယ်ပေတယ်။ ဒါကလည်း ကုသိုလ်စိတ်ရဲ့ စွမ်းအား တစ်ရပ်ပဲ။ မြတ်စွာဘုရားက 'သာမဏာနဉ္စ ဒဿနံ' ရဟန်းတော်များကို ဖူးမြင်ရခြင်းဟာ မင်္ဂလာတစ်ပါးပဲလို့ ဟောကြားတော်မူခဲ့တယ်။ ကံကောင်းကြတဲ့ မြန်မာတွေက ရဟန်းသံဃာများကို နေ့တိုင်း ဖူးမြော်နေကြရတယ်။ မင်္ဂလာယူတတ်ကြရဲ့လား။

စောစောက အမျိုးသမီးဟာ ကံကုန်တဲ့အခါ တာဝတိံသာမှာ ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရရှိတယ်။ အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့ ကြွသွားတော့ အဲဒီနတ်သမီးကို တွေ့ရလို့ မေးတော်မူတယ်။

"ဘယ်လို ကုသိုလ်ကောင်းမှုကြောင့် ဒီနတ်စည်းစိမ်ကို ရသလဲ"

"အရှင်ဘုရား ...တပည့်တော်ဟာ လူ့ဘဝတုန်းက သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတော်များကို ဖူးတွေ့ခဲ့ရပါတယ်၊ ရှိခိုးဦးတိုက်ခဲ့ရပါတယ်၊ ဒီအရှင်မြတ်တွေက မြတ်တဲ့အကျင့်တွေကို ကျင့်နေကြတဲ့ သူတော်ကောင်းအစစ်တွေပါပဲလို့ သံဃာဂုဏ်ကို အာရုံပြုပြီး စိတ်ကို ကြည်လင်စေခဲ့ပါတယ်၊ နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာနဲ့ လက်အုပ်ချီမိုးခဲ့ပါတယ်။

"ဒီကုသိုလ်ကြောင့် တပည့်တော်ဟာ အညစ်အကြေး ကင်းစင်တဲ့ အရောင်အဆင်းကို ပိုင်ဆိုင်ခဲ့တယ်၊ အခြားနတ်တွေထက် သာလွန်တင့်တယ်ရပါတယ်၊ မိမိကိုယ်ရောင်ဖြင့် အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေနိုင်ပါတယ်"

သံဃာတော်မှာ ကုသိုလ်ယူတတ်ရင် ဒီနတ်သမီးလို ထူးခြားကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာပဲ။ သီရိလင်္ကာ သာသနာတွင်းက အဖြစ်အပျက်တစ်ခုကို ဆက်ပြောချင်ပါသေးတယ်။

မစုအင်္ဂဏရွာမှာ **ဒမိဠ** လူမျိုး တံခါးစောင့်တစ်ဦး ရှိတယ်။ သူက နံနက်အစောကြီး ငါးမျှားချိတ်ကိုယူပြီး အမြဲငါးသွားမျှားတယ်။ ရလာတဲ့ငါးတွေကို သုံးပုံပုံပြီး တစ်ပုံကို ဆန်နဲ့လဲတယ်၊

တစ်ပုံကို ထောပတ်နဲ့ လဲတယ်၊ တစ်ပုံကို ချက်စားတယ်။ ဒီလို ချည်း အနှစ် ၅၀ လုံးလုံး သူနေထိုင်ခဲ့တယ်။

အသက်အရွယ်ကြီးလာတော့ ဖျားနာပြီး အိပ်ရာပေါ်မှာ လဲ နေတယ်။ အဲဒီအခါ တောင်ပေါ်ကျောင်းက မထေရ်တစ်ပါးက အိမ်ရှေ့မှာ ဆွမ်းလာရပ်တယ်။ သူ့ဇနီးက ရဟန်းတစ်ပါး ကြွ လာတဲ့အကြောင်း ပြောပြတော့ "ကန်တော့ဆွမ်းလို့ ပြောလိုက် ပါကွာ" လို့ လူနာက ပြောလိုက်တယ်။

အိမ်ရှင်မက "ကန်တော့ဆွမ်းပါဘုရား" လို့ ဖြေလိုက်တော့ မထေရ်က တံခါးစောင့်ရဲ့ ကျန်းမာရေးအခြေအနေကို မေးတယ်။ "သိပ်အားနည်းနေပါတယ်" လို့ လျှောက်ထားတော့ မထေရ်က "ဝင်ကြည့်ပါရစေ" ခွင့်တောင်းပြီး အထဲဝင်လာတယ်။ လူနာ အနားသို့ ချဉ်းကပ်သွားပြီးတော့...

"ဒကာကြီး... သီလခံယူမလား" လို့ မေးတယ်။

"သီလ ယူပါ့မယ်" လို့ လူနာက လျှောက်ထားတော့ မထေရ် က သရဏဂုံကို အရင်ချပေးပါတယ်။ ပြီးတော့ ငါးပါးသီလ ခံယူ ရန် ဆက်တိုင်ပေးတဲ့အခါ လူနာက မျက်ဖြူလန်ပြီး လိုက်မဆို နိုင်တော့ဘူး။ မထေရ်ပြန်ကြွသွားပါတယ်။

တံခါးစောင့်ဟာ မကြာမီဘဝပြောင်းပြီး စတုမဟာရာဇ်နတ် ပြည်မှာ နတ်သားဖြစ်ပါတယ်။ မိမိရဲ့ကုသိုလ်ကောင်းမှုကို ဆင် ခြင်ကြည့်တော့ မထေရ်ထံက သရဏဂုံယူခဲ့ရတဲ့ ကုသိုလ်ကြောင့် နတ်စည်းစိမ်ကို ရရှိကြောင်း သိလာပါတယ်။ ထိုခဏမှာပဲ နတ် ပြည်က ဆင်းသက်လာပြီး မထေရ်ကို ရှိခိုးတယ်။

"သင် ဘယ်သူလဲ" လို့ မထေရ်မေးတယ်။

"တပည့်တော် ဒမိဠ တံခါးစောင့်ပါဘုရား"

"သင် ဘယ်ဘုံမှာ ဖြစ်နေတာလဲ"

"စတုမဟာရာဇ်နတ်ပြည်မှာပါ ဘုရား၊ တကယ်လို့ အရှင်ဘုရား ငါးပါးသီလပေးတာကို တပည့်တော် လိုက်ယူနိုင်ခဲ့ရင် တပည့်တော် အထက်နတ်ပြည်မှာ ဖြစ်ရမှာပါဘုရား"

ဒီလိုဝမ်းမြောက်ဝမ်းသာပြောဆိုပြီးတော့ နတ်ပြည်ပြန်သွားပါတယ်။

## အကုသိုလ်ထက် ကုသိုလ်က စွမ်းအားပိုကြီး

ဒမိဠတံခါးစောင့်ဟာ အနှစ် ၅၀ လုံးလုံး ပါဏာတိပါတ ဆိုတဲ့ သူတစ်ပါးအသက်သတ်တဲ့ကံကို ကျူးလွန်ခဲ့တယ်။ သေခါနီးမှာ သရဏဂုံခံယူလိုက်တာနဲ့ အပါယ်ဘေးက လွတ်မြောက်ပြီး နတ်ပြည်ရောက်သွားတယ်ဆိုတာ ဖြစ်နိုင်မလားလို့ မေးစရာ ရှိပါတယ်။ ဒီအကြောင်းကို **မိလိန္ဒမင်းကြီးက** မေးလို့ **အရှင်နာဂသေန** ဖြေရှင်းခဲ့ဖူးပါတယ်။

"အရှင်ဘုရား နာဂသေန ... နှစ်ပေါင်းတစ်ရာလုံးလုံး မကောင်းမှု အကုသိုလ်ကို ပြုလုပ်ထားတဲ့ လူတစ်ယောက်ဟာ သေခါနီးကျမှ ဘုရားဂုဏ်တော်ကို တစ်ကြိမ်လောက် အောက်မေ့အမှတ်ရလိုက်တာနဲ့ အဲဒီလူဟာ နတ်ပြည်မှာဖြစ်နိုင်တယ်လို့ အရှင်ဘုရားတို့ ဟောပြောနေကြတယ်၊ ဒီစကားကို တပည့်တော် လက်မခံနိုင်ဘူး၊ မယုံကြည်နိုင်ဘူး။ ပြီးတော့ တစ်ခါ ပါဏာတိပါတကံကလေးတစ်ခုနဲ့ ငရဲမှာဖြစ်နိုင်တယ်လို့လဲ အရှင်ဘုရားတို့ ဟောပြောပြန်တယ်၊ ဒါကိုလဲ တပည့်တော် မယုံကြည်နိုင်ဘူး၊ လက်မခံနိုင်ဘူး"

"မဟာရာဇ...သင့်ကို ပြန်မေးပါရစေ၊ ကျောက်ခဲကလေး တစ်လုံးကို ရေထဲပစ်ချရင် ပေါ်နေမှာလား၊ မြုပ်သွားမှာလား"

"မပေါ်နိုင်ပါ၊ မြုပ်သွားမှာပဲ"

"ဒီအတိုင်းပဲ၊ ပါဏာတိပါတကံကလေးတစ်ခု ပြုလုပ်ထားတဲ့သူဟာ သေရင်ငရဲသို့ကျသွားနိုင်ပါတယ်၊ မဟာရာဇ...သင့်ကို ထပ်မေးပါရစေဦး၊ လှည်းအစီးတစ်ရာတိုက်လောက် ရှိတဲ့ ကျောက်ခဲတွေကို လှေကြီးကြီးတစ်စင်းနဲ့ တင်ဆောင်သွားမယ်ဆိုရင် ရေမှာပေါ်မှာလား၊ မြုပ်မှာလား"

"ရေမှာ ပေါ်နေနိုင်ပါတယ်ဘုရား"

"မဟာရာဇ...ကုသိုလ်ကံတွေဟာ လှေနဲ့တူပါတယ်၊ အကုသိုလ်ကံတွေက ကျောက်ခဲနဲ့ တူပါတယ်၊ အဲသလို မှတ်သားပေါ့"

"သင့်တော်လျောက်ပတ်လှပါတယ် အရှင်ဘုရား"

မြတ်စွာဘုရားရှင်ကလည်း **သရဏဉပါသကာ**နဲ့ ပတ်သက်ပြီး အလားတူမိန့်ဆိုဖူးပါတယ်။ ကပိလဝတ်နေပြည်တော်က ဘုရားဆွေမျိုးတော်စပ်တဲ့ ဉပါသကာတစ်ဦးဟာ သိတတ်စအရွယ်ကတည်းက သေတဲ့အထိ အရက်အလွန်သောက်တယ်၊ သူသေတော့ နတ်ပြည်မှာဖြစ်တယ်လို့ မြတ်စွာဘုရား မိန့်တော်မူတယ်၊ ဒါကို ငါးပါးသီလ လုံကြတဲ့ဆွေတော်မျိုးတော်များက မယုံကြည်ကြလို့ မြတ်စွာဘုရားကို ကဲ့ရဲ့ကြတယ်။

မဟာနာမ်က သည်းမခံနိုင်လို့ ဒီအကြောင်းကို မြတ်စွာဘုရားကို လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီလို ဖြေရှင်းတော်မူတယ်။

"မဟာနာမ်၊ ဒီဥပါသကာဟာ အရက်အလွန်အကျွံသောက်ပေမယ့် သူ့မှာ သရဏဂုံခိုင်မြဲနေတယ်၊ တစ်စုံတစ်ယောက်က သူ့ကို 'ဘုရားဟာ ဘုရားမဟုတ်ဘူး၊ တရားဟာ တရားမဟုတ်ဘူး၊ သံဃာဟာ သံဃာမဟုတ်ဘူးလို့ သင်ပြောပါ၊ မပြောရင် သင့်ကိုသတ်မယ်' လို့ အမိန့်ပေးရင် သူဟာအသက်အသေခံမယ်၊ ဘုရား တရား သံဃာကို မစွန့်လွှတ်ဘူး၊ အဲသလို အသက်ပေးပြီး သရဏဂုံတည်သူဖြစ်လို့ သူသေတာနဲ့တစ်ပြိုင်နက် မဂ်ရပြီး သောတာပန်ဖြစ်တယ်"

"ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးများဟာ အလွန် ကြီးကျယ်မြင့်မြတ်တယ်၊ အသက်ကို စွန့်ပြီး ရတနာသုံးပါးကို ယုံကြည်ခြင်းငှာ စွမ်းနိုင်သူရဲ့ ကုသိုလ်ဟာ အလွန်အားကြီးတဲ့ ဗလဝ ကုသိုလ်ဖြစ်တယ်၊ သေရည်သောက်တဲ့ အကုသိုလ်ကံက အားသေးတဲ့ ဒုဗ္ဗလမျိုးဖြစ်တယ်၊ ဒါကြောင့် သရဏဥပါသကာဟာ သေလွန်ပြီးတဲ့နောက် နတ်ပြည်မှာ ဖြစ်ရတာပဲ"

ဒါကြောင့် ရတနာသုံးပါးကို ကြည်ညိုလေးမြတ်ရတဲ့ကုသိုလ်ဟာ အလွန်ကြီးကျယ်ပြီး အားကိုးလောက်ပေတယ်။

ဘုရား, တရား, သံဃာတို့ကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်သူ (ဝါ) သရဏဂုံခိုင်မြဲသူများဟာ အပါယ်မကျဘူးလို့ **မဟာသမယသုတ်တော်** မှာ ပါရှိပါတယ်။ (သံ-၁၊၂၅)

## ရာသက်ပန် သရဏဂုံ

ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးဟာ ပရိသတ်များကို သီလပေးတိုင်း၊ တရားဟောတိုင်း ရာသက်ပန်သရဏဂုံကိုဆောက်တည်စေပါတယ်။ သရဏဂုံတစ်ရက်တည်တာထောင်

သရဏဂုံမတည်ဘဲ အသက်တစ်ရာနေရတာထက် ပိုမြတ်တဲ့အတွက် တစ်သက်လုံးသရဏဂုံတည်ရင် အကျိုးကျေးဇူးက အလွန့်အလွန် များတော့မှာပေါ့။

ဆရာတော်ဘုရားဟာ ပကတိအသံတိုးတိုးဖြင့် ပရိသတ်ကို ဒီလို ရှင်းလင်းဟောကြားလေ့ရှိပါတယ်။

"ခါတိုင်း ဆောက်တည်တဲ့သရဏဂုံကတော့ အခိုက်အတန့်ဖြစ်လို့ ယခုဆောက်တည်ရမယ့် သရဏဂုံကတော့ တစ်ကြိမ်တစ်ခါ ဆောက်တည်ခါမျှဖြင့် တစ်သက်လုံး အသက်ဆုံးသည့်တိုင်အောင် အမြဲတည်တဲ့သရဏဂုံတဲ့၊ ကလေးက စပြီး လူမရွေးဘူး၊ ဝန်လဲ မလေးဘူး၊ ဘာမှလဲ မကုန်ဘူး၊ ပင်လဲ မပင်ပန်းဘူး၊ သက်သက်သာသာကလေးနဲ့ အင်မတန်အပင်ပန်း အကုန်ခံပြီး ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေထက် ပိုအကျိုးများတယ်။

"ဘာကြောင့်တုံးဆိုတော့ ဘုရား, တရား, သံဃာဟု ဆိုအပ်သော ရတနာသုံးပါးဆိုတာ လောကမှာ ဒီ့ထက် အထွတ်အထိပ်အမြင့်အမြတ်ဆိုတာ မရှိတော့ဘူး၊ အဲဒီလို အထွတ်အထိပ် အမြင့်အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးကို 'အတ္တသမံ ပေမံနတ္ထိ' ဆိုတဲ့အတိုင်း မိမိအချစ်ဆုံးဖြစ်တဲ့ မိမိရဲ့ခန္ဓာကိုယ်ကို အပ်နှင်းပြီး သကာလ လှူဒါန်းရတဲ့အဖြစ်ကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့။

"အဲ ... လှူတယ်တန်းတယ်ဆိုတာဟာ ကိုယ်မှတစ်ပါး အခြားဖြစ်တဲ့ ပစ္စည်းကိုသာလျှင် လှူကြတန်းကြတယ်၊ ဒီသရဏဂုံကတော့ အဲဒီလိုမဟုတ်ဘူး၊ အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ခန္ဓာကိုယ်ကို အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးအား အပ်နှင်းပြီးသကာလ လှူဒါန်းရသည့်အဖြစ်ကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့၊ ဒီ

သရဏဂုံကုသိုလ်ဟာ အင်မတန်အားကောင်းတယ်၊ အားကြီးတယ်၊ အားလဲ ကိုးရတယ်၊ အကျိုးလဲပဲ အင်မတန်များတယ်။

"ဘယ်လိုအကျိုးများရစေတတ်သတုံးဆိုတော့ 'ဟိံသတိတိ သရဏံ' တဲ့၊ ညှဉ်းဆဲတတ်လို့ 'သရဏဂုံ'၊ နှိပ်စက် ဖျက်ဆီးတတ်လို့ 'သရဏဂုံ' လို့ ခေါ်တယ်၊ ဘာကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်သတုံးဆိုတော့ ဒီသရဏဂုံတည်တဲ့သူရဲ့ အပေါ်၌ ကျရောက်လတ္တံ့ ဖြစ်တဲ့ဘေးကို ရန်ကို ကြောက်ခြင်း ထိတ်လန့်ခြင်းကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းကို၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟုဆိုအပ်သော အပါယ်လေးပါးသို့ လားရောက်ခြင်းကို တားမြစ်ဖျက်ဆီးတတ်တယ်တဲ့"

"ဒီ သ ရ ဏ ဂုံ က ဒါ လား ဆို တော့ မ ဟုတ် သေး ဘူး တဲ့၊ ဒီသရဏဂုံတည်သူများဟာ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ ရောက်တယ်တဲ့၊ နတ်ပြည်ရောက်သွားတဲ့အခါကျတော့လဲ ဒီပြင်နတ်များနဲ့ မတူဘူးတဲ့၊ နတ်ပြည်မှာ နတ်တွေ များစွာရှိတယ်၊ သရဏဂုံမတည်တဲ့ နတ်များထက် သရဏဂုံတည်တဲ့နတ်များက ဆယ်ပါးသောအကြောင်းဖြင့် သာလွန်တယ်။

"ဒါပဲလားဆိုတော့ မဟုတ်သေးဘူးတဲ့ . . .

*တေခေါ သရဏံ ခေမံ တေသရဏ မုတ္တမံ၊*

*တေ သရဏ မာဂမ္မ သဗ္ဗဒုက္ခာ ပမုစ္စတိ။*

လို့ ဟောတော်မူတာကြောင့် ဤသရဏဂုံသည် ဘေးရန်ကင်းသဖြင့် အလွန်မွန်မြတ်တယ်၊ ဤသရဏဂုံကို အမှီတံကဲ သဟဲပြု၍ အလုံးစုံသောဝဋ်ဆင်းရဲမှ ကျွတ်ရာလွတ်ရာဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကိုလဲ ရရ ရောက်ရလိမ့်မယ်တဲ့"

## ခန္ဓာကိုယ်ကို ပေးလှူပါ

"အရှင်ဘုရား ...အခုသရဏဂုံပေးနေတဲ့ဥစ္စာ ကိုယ့်ခန္ဓာကိုယ်ကို ဘုရားကို လှူရမယ်၊ တရားကို လှူရမယ်၊ သံဃာကို လှူရမယ် ဆိုတာ ဘယ်ဘုရားကို လှူရမှာတုံး၊ ဘယ်တရားကို လှူရမှာတုံး၊ ဘယ်သံဃာကို လှူရမှာတုံးလို့ ဒီလိုမေးဖူးတယ်။

"အဲဒီတော့ ဘုရားဆိုတာ ဟုတ်ဟုတ်ညားညား ဘုရားမဟုတ်ဘူး၊ ဘုရားအစစ်ကို လှူရမှာ၊ တရားဆိုတာလဲ ဟုတ်ဟုတ် ညားညား တရားမဟုတ်ဘူး၊ တရားအစစ်ကို လှူရမှာ၊ သံဃာဆိုတာလဲ ဟုတ်ဟုတ်ညားညား သံဃာမဟုတ်ဘူး၊ သံဃာအစစ်ကို လှူရမှာ၊ အဲဒါ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်ကို မှတ်ကြဖို့ရာ...

ဘုရားအစစ်ဆိုတာ ဗုဒ္ဓေါ သဗ္ဗညုတဉာဏသ၊

တရားအစစ်ဆိုတာ ဓမ္မော လောကုတ္တရောနဝ၊

သံဃာအစစ်ဆိုတာ သံဃော မဂ္ဂဖလဋ္ဌောစ။

"ပြန်ရှင်းပြဦးမယ်၊ ဘုရားအစစ်ဆိုတာ သဗ္ဗညုတဉာဏ်တော်ကို ရတဲ့ သက်တော်ထင်ရှားရှိတဲ့ ဘုရားကို ရည်မှန်းပြီး သကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့"

"တရားအစစ်ဆိုတာကလဲ 'ဓမ္မော လောကုတ္တရောနဝ' လောကုတ္တရာတရားကိုးပါးဖြစ်တယ်၊ မဂ်လေးပါး ဖိုလ်လေးပါးနဲ့ နိဗ္ဗာန်တို့ကို ဆိုလိုတယ်၊ အဲဒီ လောကုတ္တရာကိုးပါးကို ရည်မှန်းပြီး သကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့"

"သံဃာအစစ်ဆိုတာကလဲ 'သံဃောမဂ္ဂဖလဋ္ဌောစ' မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်

သော ပရမတ္ထသံဃာကို ရည်မှန်းပြီးသကာလ ကိုယ့်ခန္ဓာကိုယ်ကို လှူဒါန်းကြဖို့”

“အဲ…အခုပြောတာ အားလုံးသဘောပေါက်နားလည်ကြပြီ မဟုတ်လား၊ အဲ…ခန္ဓာကိုယ်ကိုရည်မှန်းပြီးတော့လှူဒါန်းကြရအောင် လိုက်ဆိုကြ…

*အဇ္ဇအာဒိံ ကတွာ အဟံအတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊*
*အဇ္ဇအာဒိံ ကတွာ အဟံအတ္တာနံ ဓမ္မဿ နိယျာတေမိ၊*
*အဇ္ဇအာဒိံ ကတွာ အဟံအတ္တာနံ သံဃဿ နိယျာတေမိ၊*
*ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊*
*ဇီဝိတ ပရိယန္တိကံ ဓမ္မံသရဏံ ဂစ္ဆာမိ၊*
*ဇီဝိတ ပရိယန္တိကံ သံဃံသရဏံ ဂစ္ဆာမိ။*
*ဒုတိယမ္ပိ… … တတိယမ္ပိ… …*

အဇ္ဇအာဒိံ ကတွာ– ယနေ့ကအစပြု၍၊ အဟံအတ္တာနံ – မိမိကိုယ်ကို၊ ဗုဒ္ဓဿ – မြတ်စွာဘုရားအား၊ နိယျာတေမိ – အပ်နှင်းလှူဒါန်းပါ၏၊ ဓမ္မဿ – တရားတော်အား၊ နိယျာတေမိ – အပ်နှင်း လှူဒါန်းပါ၏။ သံဃဿ – သံဃာတော်အား၊ နိယျာတေမိ – အပ်နှင်းလှူဒါန်းပါ၏။

ဇီဝိတပရိယန္တိကံ– အသက်ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ – ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ – ဆည်းကပ်ပါ၏။

ဇီဝိတပရိယန္တိကံ– အသက်ဆုံးသည့်တိုင်အောင်၊ ဓမ္မံ– တရားတော်မြတ်ကို၊ သရဏံ– ကိုးကွယ်ရာဟူ ၍၊ ဂစ္ဆာမိ – ဆည်းကပ်ပါ၏။

ဓိဝိတပရိယန္တံ တံ – အသက်ဆုံးသည့်တိုင်အောင်၊ သံဃံ – သံဃာတော်မြတ်ကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ – ဆည်းကပ်ပါ၏။

"အဲဒီနေ့ကစပြီးတော့ ငါတို့တစ်သက်လုံး အသက်ဆုံးသည့်တိုင်အောင် သရဏဂုံအမြဲတည်ပြီလို့ အားလုံး ဒီလိုမှတ်ယူကြ၊ ဘာလုပ်လုပ် မပျက်တော့ဘူး၊ အယူတစ်ပါး ယူလျှင်တော့ မတည်တော့ဘူး"

ကျေးဇူးရှင်တောင်ပုလုဆရာတော်ဘုရားဟာ ရတနာသုံးပါးကို အလွန်အလေးအမြတ်ထားသူဖြစ်တာနဲ့အညီ ဆရာတော်ချပေးတဲ့ ရာသက်ပန် သရဏဂုံဟာလည်း အလွန်လေးနက်တည်ကြည်လှပါတော့တယ်။ ဆရာတော်ညွှန်ပြခဲ့တဲ့ နည်းနာနိဿယကို လိုက်နာပြီးတော့ ရာသက်ပန်သရဏဂုံကို ဆောက်တည်သင့်ကြပေတယ်။

## အပါယ်မလား နတ်ပြည်သွားရမယ်

**သမယသုတ္တန်** မှာ မြတ်စွာဘုရား ဒီလိုဟောကြားပါတယ်။

"ဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့သူတွေဟာ အပါယ်ဘုံကို ရောက်ကြရမှာမဟုတ်ဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရလိမ့်မယ်။

"တရားကို ဆည်းကပ်ကိုးကွယ်တဲ့သူတွေဟာ အပါယ်ဘုံကို ရောက်ကြရမှာမဟုတ်ဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရလိမ့်မယ်။

"သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တဲ့သူတွေဟာ အပါယ်

ဘုံကို ရောက်ကြရမှာမဟုတ်ဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရလိမ့်မယ်"

သက္ကတိုင်း ကပိလဝတ်ပြည်မဟာဝုန်တောမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့အခါ သုဒ္ဓါဝါသအရိယာ ဗြဟ္မာတစ်ဦး က ဘုရားရှင်ထံချဉ်းကပ်ပြီး ဒီလိုသီဆိုရင့်ကျူးတာကို ဘုရားရှင် ခွင့်ပြုတော်မူတယ်။

"သုဂတိဘုံဘဝကို ရရှိခြင်း၊ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ခြင်းတို့ဟာ လောကီသရဏဂုံရဲ့ အကျိုးကျေးဇူးတွေပဲ"

တစ်ခါ **သက္ကသုတ်တော်**မှာ တာဝတိံသာနတ်ပြည်သို့ အရှင် မဟာမောဂ္ဂလာန် ကြွရောက်တဲ့အခါ သိကြားမင်းနဲ့ နတ် ရှစ် သောင်းတို့က မထေရ်မြတ်ကို ရှိခိုးပူဇော်ကြတယ်။ အဲဒီအခါ မထေရ်မြတ်က အောက်ပါတရားစကားကို ဟောကြားတော်မူ တယ်။

"သိကြားမင်း... ဘုရားကို ဆည်းကပ်ကိုးကွယ်တာဟာ ကောင်းတယ်၊ ဒီလောကမှာ အချို့သူတို့က ဘုရားကိုဆည်းကပ် ကိုးကွယ်ကြတဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝ ကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရတယ်။

"တရားတော်ကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းမြတ် လှပေတယ်၊ ဒီလောကမှာ အချို့သူတို့က တရားတော် ဆည်း ကပ် ကိုးကွယ်ကြတဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရတယ်။

"တရားတော်ကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းမြတ်

လှပေတယ်၊ ဒီလောကမှာ အချို့သူတို့က တရားတော်ကို ဆည်းကပ် ကိုးကွယ်ကြတဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရတယ်။

"သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းမြတ်လှပေတယ်၊ ဒီလောကမှာ အချို့သူတို့က သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ကြတဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရတယ်"

## မှတ်တမ်းဝင် သရဏဂုံအမျိုးသား

ဒီကမ္ဘာက ပြန်ရေတွက်ရင် ၉၁ ကမ္ဘာထက်က အသက်တစ်သိန်းတမ်းမှာ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီအခါ ဆင်းရဲသားတစ်ဦးက မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးနေတယ်၊ ဆင်းရဲလွန်းလို့ ဘာမှများများစားစား မလှူတန်းရဘူး၊ ဥပုသ်လည်း မဆောက်တည်ရဘူး။ ဒါပေမဲ့ ရဟန်းတစ်ပါးထံက သရဏဂုံခံယူပြီး တစ်သက်ပတ်လုံး ဆောက်တည်တယ်။

သရဏဂုံကို ကြာကြာဆောက်တည်ရလေလေ အကျိုးကျေးဇူး များလေလေကိုး။ အဲဒီဆင်းရဲသား ကွယ်လွန်တဲ့အခါ တာဝတိံသာ နတ်ပြည် ရောက်ပါတယ်။ နတ်ပြည်မှာ သိကြားမင်းအဖြစ်နဲ့ အကြိမ် ၈၀၊ လူ့ပြည်မှာ လေးကျွန်းလုံးကို ပိုင်စိုးရတဲ့ စကြဝတေးမင်းအဖြစ်က ၇၅ ကြိမ်၊ ပဒေသရာဇ်ကေရာဇ်မင်းအဖြစ်က အကြိမ်မရေတွက်နိုင်ဘူး၊ ၉၁ ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ရဘဲ လူ့ပြည်နဲ့ နတ်ပြည်တို့မှာသာ လူးလာတုံ့ခေါက် ဖြစ်ခဲ့ရတယ်။

ဂေါတမမြတ်စွာဘုရားလက်ထက်မှာတော့ သာဝတ္ထိပြည်မှာ ဥစ္စာကြွယ်ဝတဲ့ သူဌေးသားဖြစ်တယ်။ ခုနစ်နှစ်သားအရွယ်မှာ အဖော်များနဲ့အတူ ကျောင်းတိုက်တစ်တိုက်သို့ ရောက်သွားတယ်။ ရဟန္တာတစ်ပါးက သရဏဂုံချပေးလိုက်တာနဲ့ တစ်ပြိုင်နက် ရှေးရှေးက အထုံဝါသနာပါလာသူဖြစ်လို့ ရဟန္တာဖြစ်သွားပေတော့တယ်။

သရဏဂုံဆောက်တည်ရတဲ့ အကျိုးကျေးဇူးက အလွန်အံ့ဩဖွယ်ကောင်းပေတယ်။ (သုဘူတိဝဂ္ဂ၊ သရဏဂမနိယထေရအပဒါန်)

## သရဏဂုံရဲ့အကျိုးကျေးဇူး

သရဏဂုံဆောက်တည်လိုက်တဲ့သူဟာ အမြင့်မြတ်ဆုံး ရတနာတွေကိုဆင်မြန်းလိုက်တာနဲ့တူလို့ အတင့်တယ်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သွားတယ်။ ဒါကြောင့် လူနတ်တို့ရဲ့ ချစ်ခင်လေးစားခြင်းကို ခံယူရပါတယ်။

ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတို့နဲ့ ထုံမွှမ်းထားတဲ့ ကိုယ်စိတ်နှစ်ပါးဟာ မြင့်မြတ်လာကြတဲ့အတွက် လူနတ်တို့ရဲ့ ကြည်ညိုလေးမြတ်ခြင်းကိုခံယူထိုက်တယ်။ တစ္ဆေသရဲဘီလူးစသည်တို့ရဲ့ ဘေးရန်မှလည်း ကင်းဝေးတယ်။ အဆိပ်အတောက် အန္တရာယ်တို့မှလည်း ကင်းဝေးတယ်။

ဒါကြောင့် ထမင်းစတဲ့ အစာတစ်ခုခုကို စားတဲ့အခါ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ စိတ်ထဲက နှလုံးသွင်းပြီး စားရင် အဆိပ်မသင့်ဘူး၊ သူများမပြုစားနိုင်ဘူး၊ အန္တရာယ်ကင်းတယ်လို့ လူကြီးသူမများ ပြောဆို

ကြတယ်၊ မှန်ပါတယ်၊ သရဏဂုံသုံးပါးကို အမြဲ့လုံးသွင်းနိုင်လေလေ ကောင်းလေလေပဲ။

ပြီးတော့ သရဏဂုံကို ဆောက်တည်ခြင်းဟာ လောကမှာ အမြတ်ဆုံးစွမ်းအားများနဲ့ ပြည့်စုံပြီး တကယ်အားကိုးထိုက်တဲ့ ဘုရား, တရား, သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းဖြစ်လို့ အပါယ်ဘေးအန္တရာယ်မှလည်း လွတ်မြောက်နိုင်တယ်။ အပါယ်ဘေးက လွတ်မြောက်တဲ့ အကျိုးကျေးဇူးလောက် ကြီးကျယ်တဲ့ လောကီအကျိုးကျေးဇူးဆိုတာ လောကမှာ မရှိဘူး။

ဒါဟာ အမြတ်ဆုံးရတနာသုံးပါးကို ယုံကြည်ကိုးကွယ်လို့ အမြတ်ဆုံးအကျိုးကို ရရှိခံစားရတာပဲ။ ဒီအကြောင်းကို **အဂ္ဂပသာဒသုတ္တန်** မှာ မြတ်စွာဘုရား ဒီလိုဟောထားပါတယ်။

"ရဟန်းတို့ ... လောကမှာ သတ္တဝါတွေအမျိုးမျိုးရှိတယ်၊ ခြေမရှိတဲ့သတ္တဝါ၊ ခြေနှစ်ချောင်းရှိတဲ့သတ္တဝါ၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ ခြေအများကြီးရှိတဲ့ သတ္တဝါဆိုပြီး သတ္တဝါတွေ အမျိုးမျိုးအစားစား ရှိကြတယ်၊ ပြီးတော့ ရုပ်ရှိတဲ့သတ္တဝါ၊ ရုပ်မရှိတဲ့ သတ္တဝါတွေလဲ ရှိတယ်၊ သညာရှိတဲ့သတ္တဝါ၊ သညာမရှိတဲ့သတ္တဝါတွေလဲ ရှိတယ်၊ သညာရှိတာလဲ မဟုတ်၊ မရှိတာလဲ မဟုတ် ဆိုတဲ့ သတ္တဝါမျိုးလဲ ရှိတယ်။

"ဒီသတ္တဝါအမျိုးမျိုးမှာ ကိလေသာကင်းစင်ပြီး လူနတ်ဗြဟ္မာတို့ရဲ့ ပူဇော်အထူးကို ခံယူထိုက်တဲ့ သိစရာမှန်သမျှကို ဆရာမကူ သယမ္ဘူဉာဏ်နဲ့ ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ ကံတော်အနန္တ ဂုဏ်တော်အနန္တ နဲ့

ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို အမြတ်ဆုံးလို့ ဆိုသင့်ပါတယ်။

"ဒီတော့ မြတ်စွာဘုရားကို ကြည်ညိုသူတွေဟာ အမြတ်ဆုံးကို ကြည်ညိုရာရောက်တဲ့အတွက် အမြတ်ဆုံးဖြစ်တဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်တယ်။

"ရဟန်းတို့ ... အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်ကြရတဲ့သင်္ခတတရားတွေမှာ အရိယာပုဂ္ဂိုလ်တို့ရဲ့ ဥစ္စာဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဟာ အမြတ်ဆုံးပါပဲ၊ အဲဒီမဂ္ဂင်ကျင့်စဉ်တရားကို ကျင့်သုံးကြတဲ့သူတွေဟာ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်သို့ ဆိုက်ရောက်ရပါတယ်။

"ဒါကြောင့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ကြည်ညိုကြတဲ့သူတွေဟာ အမြတ်ဆုံးကို ကြည်ညိုရာရောက်လို့ အမြတ်ဆုံး အကျိုးကျေးဇူးတွေကို ရရှိခံစားနိုင်ကြတယ်။

"ရဟန်းတို့ ... အကြောင်းတရားတွေက ပြုပြင်ဖန်တီးအပ်တဲ့ သင်္ခတတရားများနဲ့ အကြောင်းတရားတွေ မပြုပြင်မဖန်တီးအပ်တဲ့ အသင်္ခတတရားတွေထဲမှာ အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ဟာ အမြတ်ဆုံးပါပဲ၊ နိဗ္ဗာန်ကို ဆိုက်ရောက်ကြတဲ့သူတွေဟာ မာန်ယစ်ခြင်းမှန်သမျှ ကင်းပျောက်ကုန်တယ်၊ မွတ်သိပ်ဆာလောင်မှုမှန်သမျှ ကင်းပျောက်ကုန်တယ်၊ တပ်စွန်းငြိတွယ်မှုမှန်သမျှ ကင်းပကုန်တယ်၊ ကိလေသာအပူမှန်သမျှ ချုပ်ဆုံးကုန်တယ်၊ ဆင်းရဲဒုက္ခမှန်သမျှ ချုပ်ငြိမ်းကုန်တယ်။

"ဒါကြောင့် နိဗ္ဗာန်တရားကို ကြည်ညိုတဲ့သူတို့ကလဲ အမြတ်

ဆုံးကို ကြည်ညိုရာရောက်လို့ အမြတ်ဆုံးကျေးဇူးတွေကို ရရှိခံစားနိုင်ကြတယ်။

"ရဟန်းတို့... ဂိုဏ်းသံဃာအဖွဲ့ အစည်းတွေထဲမှာ ငါဘုရားရဲ့ တပည့်သံဃာဆိုတဲ့ အဖွဲ့ အစည်းဟာ အမြတ်ဆုံးဖြစ်တယ်၊ ငါဘုရားရဲ့ တပည့်သံဃာအဖွဲ့ အစည်း ဆိုတာကလဲ...

သောတာပတ္တိမဂ်ပုဂ္ဂိုလ်နဲ့ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊

သကဒါဂါမိမဂ်ပုဂ္ဂိုလ်နဲ့ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊

အနာဂါမိမဂ်ပုဂ္ဂိုလ်နဲ့ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊

အရဟတ္တမဂ်ပုဂ္ဂိုလ်နဲ့ အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊

အစုံအနေနဲ့ လေးစုံ၊ အရေအတွက်အနေနဲ့ ရှစ်ယောက်ရှိတဲ့ အရိယာပုဂ္ဂိုလ်တွေပဲ။

"ဒီအရိယာပုဂ္ဂိုလ်တွေဟာ အဝေးက ဆောင်ယူလာပြီး ပေးလှူတဲ့ပစ္စည်းလေးပါးကိုလဲ ခံယူထိုက်ကြတယ်၊ ဧည့်သည်အာဂန္တုများအတွက် ရည်မှန်းစီရင်ထားတဲ့ ထူးခြားကောင်းမွန်တဲ့ လှူဖွယ်ဝတ္ထုများကိုလဲ ခံယူထိုက်ကြတယ်၊ တမလွန်ဘဝ ကြီးပွား ချမ်းသာရန်ရည်သန်ပြီး ပေးလှူတဲ့ အလှူများကိုလဲ ခံယူထိုက်ကြတယ်၊ လူနတ်အပေါင်းတို့ရဲ့ လက်အုပ်ချီမိုး၍ ရှိခိုး ပူဇော်ခြင်းကိုလဲ ခံယူထိုက်ကြတယ်၊ နတ်လူအများတို့ရဲ့ ကောင်းမှုတိုးပွားဖို့ ကုသိုလ်မျိုးစေ့များကို ကြဲချစိုက်ပျိုးဖို့ရာ အကောင်းဆုံး လယ်ယာမြေသဖွယ်လဲ ဖြစ်ကြပေတယ်။

"ဒါကြောင့် 'ငါဘုရားရဲ့ တပည့်သံဃာ' ဆိုတဲ့အဖွဲ့ အစည်းကို ကြည်ညိုကြတဲ့သူတွေကလဲ အမြတ်ဆုံးကို ကြည်ညိုရာ

ရောက်လို့ အမြတ်ဆုံးအကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြပေတယ်”

ဒါကြောင့် သရဏဂုံကို ဆောက်တည်ကြတဲ့အခါ အမြတ်ဆုံးသုံးပါးကို ကြည်ညိုကိုးကွယ်ရာရောက်အောင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များအထိ ဆိုက်ရောက်အောင် နှလုံးသွင်းကြပါ၊ ဒီလိုနှလုံးသွင်းနေကြတဲ့သူတွေဟာ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိတို့ကိုလည်း ပွားများအားထုတ်ရာရောက်လို့ အမြတ်ဆုံးအကျိုးကျေးဇူးတွေကို ခံစားကြရလိမ့်မယ်။

## အကောင်းဆုံး ဂါထာတော်များ

လောကထဲက လူတွေဟာ ကြီးပွားတိုးတက်လိုကြတယ်၊ ဘေးရန်အန္တရာယ်ကင်းရှင်းလိုတယ်၊ လာဘ်လာဘ ရွှင်လန်းချင်ကြတယ်၊ စီးပွားရေးဖွံ့ဖြိုးလိုကြတယ်၊ ရာထူးတိုးတက်လိုကြတယ်၊ ဒီအလိုဆန္ဒပြည့်ဝနိုင်ရေးကို မျှော်တွေးပြီး ဂါထာမန္တန်၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့ အဆောင်အမျိုးမျိုးကို ဆောင်ထားတတ်ကြတယ်။

အမှန်က အထက်ပါ လိုအင်ဆန္ဒအဝဝကို ပြည့်ဝစေတဲ့ အကောင်းဆုံး အဆောင်ကတော့ သရဏဂုံဂါထာ၊ ဘုရား ဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော် ဂါထာများပါပဲ။ ဒီဂါထာများကို လေးလေးနက်နက် ယုံယုံကြည်ကြည်ဖြင့် အနက်အဓိပ္ပာယ်ဆိုက်အောင် နှလုံးသွင်းနေတတ်ဖို့ပဲ လိုပါတယ်။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ . . . တတိယမ္ပိ . . .။

စုစုပေါင်းလိုက်ရင် ပါဠိကိုးကြောင်းပေါ့။ ဒါကို **သစေထိုး မပါ ကိုးဂါထာ**လို့ခေါ်တယ်၊ နာမည်ကြီး အန္တရာယ်ကင်းဂါထာနဲ့ လာဘ်ပေါတဲ့ ဂါထာပါပဲ။ ဒီဂါထာကို နှလုံးသွင်းပြီး ဘေးအန္တရာယ် ထူးထူးခြားခြားကင်းရှင်းသွားကြတဲ့သူတွေ၊ အရောင်းအဝယ် ကောင်းလို့ စီးပွားတိုးတက်လာကြတဲ့သူတွေ၊ ရာထူးတိုးသွားကြတဲ့လူတွေ အများကြီးရှိပါတယ်။

တောင်တန်းသာသနာပြုဆရာတော်ကြီး **ဦးဥတ္တမသာရ**က ချမ်းသာစွာနေနည်းနဲ့ သေနည်းအကြောင်းတို့ကို ဩဝါဒပေးရာမှာ သရဏဂုံ, ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို နှလုံးသွင်းနေထိုင်ကြဖို့ရယ်၊ သေခါနီးအချိန်မှာ မိမိပြုထားတဲ့ ကုသိုလ်များထဲက မိမိအကြိုက်ဆုံးကုသိုလ်ကို နှလုံးသွင်းဖို့ရယ်၊ ဘာဝနာပွားများဖို့ရယ် ဒါတွေကို အဓိကထားပြီး ဩဝါဒပေးထားပါတယ်။

နောက်ဆုံး သေခါနီးအချိန်မှာ ဘာမှ နှလုံးမသွင်းနိုင်ရင် သရဏဂုံသုံးပါး ဂါထာ(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ) ကို ရွတ်ဆိုနှလုံးသွင်းရမယ်လို့ တောင်တန်း ဆရာတော် အမိန့်ရှိပါတယ်။

ဆရာတော်မိန့်မှာတဲ့အတိုင်း ဆရာတော်ရဲ့ ကပ္ပိယကာရကတစ်ဦးဖြစ်တဲ့ တပ်ကြပ်ကြီး **ဦးလှရွှေ**ဟာ ငှက်ဖျားရောဂါနဲ့ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေတဲ့အခါမှာ သရဏဂုံသုံးပါးကို ကြိုးစားပြီး ရွတ်ဆိုတယ်။ ဦးလှရွှေကွယ်လွန်တော့ နတ်ပြည်ကို ရောက်သွားတဲ့ အထောက်အထားများ တွေ့ရတယ်လို့ ဆရာတော် အမိန့်ရှိတယ်။

## ဂုဏ်တော်နဲ့ မုန့်တိုင်း

**မောင်တင်မျိုးဝင်း** က နိုင်ငံခြားသင်္ဘောပေါ် တက်ရတော့မယ်ဆိုတော့ သူ့မိဘတွေက သူ့ကို ရန်ကုန်ဘုရားကြီးကျောင်းတိုက် ဆရာတော်ထံ လွှတ်တယ်။ ဆရာတော်က နမောတဿ သုံးခေါက်၊ ဗုဒ္ဓါမေ သရဏံ အညံနတ္ထိဂါထာ၊ သရဏဂုံသုံးပါး၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ပါဠိလို ဌာန်ကရိုဏ်းကျကျ ရွတ်တတ်အောင် သင်ပေးတယ်။

မောင်တင်မျိုးဝင်းက သင်္ဘောပေါ်တက်တော့ အရာရှိငယ်အဖြစ်နဲ့ သီးသန့်ခန်းရတယ်။ ဒါကြောင့် မိဘပေးလိုက်တဲ့ဘုရားကျောင်းဆောင်ကလေးနဲ့ ရုပ်ပွားဆင်းတုတော်ကို သူ့အခန်းခေါင်းရင်းမှာ ပူဇော်ထားနိုင်တယ်။ ရတတ်သမျှ ပန်း၊ ရေချမ်း၊ သစ်သီးနဲ့ မုန့်ဆွမ်းများကိုလည်း ကပ်လှူရတယ်။

အရာရှိငယ်ဆိုတော့ အလုပ်က များတယ်၊ ဒါပေမဲ့ ညဥ့်ဘုရားဝတ်တက်တာကို အပျက်မခံဘူး။ တဖြည်းဖြည်း ထူးခြားလာတာက အရာရှိများနဲ့ ငယ်သားများရဲ့ ချစ်ကြည်လေးစားမှုကို တစ်နေ့တခြား ပိုမိုရရှိလာတယ်။

တစ်နေ့တော့ အကြီးဆုံးအရာရှိက သူ့အခန်းပေါက် ရောက်လာပြီး ဘုရားစင်မှာပန်း၊ ရေချမ်း၊ သစ်သီး လှူထားတာကိုကြည့်တယ်၊ ပြီးတော့ "မင်း ဗုဒ္ဓကို ဘယ်အချိန်ရှိခိုးလဲ" လို့ မေးတယ်။

"ညဥ့်အိပ်ရာဝင် တစ်ကြိမ်သာ ရှိခိုးပါတယ်၊ နံနက်ပိုင်းမှာတော့ အလုပ်များလို့ ရှိမခိုးနိုင်ဘူး"

"ဟာ... ဒီလိုဆိုရင် နံနက်ပိုင်းမှာပါ ဘုရားရှိခိုးနိုင်အောင် စီစဥ်ပေးမယ်"

အရာရှိက အခုလို ကြည်ကြည်ဖြူဖြူလိုက်လျော တဲ့ အကြောင်းက လက်ထောက်အရာရှိက အရာရှိကြီးထံ ဒီလို အစီရင်ခံထားလို့ပါပဲ။

"မောင်တင်မျိုးဝင်း ဆောင်ယူလာတဲ့ဗုဒ္ဓရဲ့ တန်ခိုးကြောင့် စောစောပိုင်းကလို တစ်ခုမဟုတ်တစ်ခု ကသိကအောက်ဖြစ်မှု တွေ နည်းနည်းလာပြီး သင်္ဘောကြီး ယခုလိုဘေးအန္တရာယ်ကင်း ရှင်းနေတာဖြစ်တယ်လို့ လက်ထောက်အရာရှိက အိပ်မက်မက်ပါကြောင်း"

ဒီနောက် အရာရှိနှစ်ဦးက တန်ဖိုးကြီးတဲ့မုန့်နဲ့ သစ်သီးမျိုးစုံ လာပေးပြီး 'မင်း ဗုဒ္ဓကို လှူပေးပါ' လို့ တောင်းပန်ကြတယ်။ မောင်တင်မျိုးဝင်းလည်း ပွဲတော်ကျတွေ အကောင်းစားရတာပေါ့။

တစ်နေ့တော့ မောင်တင်မျိုးဝင်းက အနားရတဲ့ ကိုယ်ပိုင် အချိန်မှာ သူ့အခန်းထဲ ပက်လက်လှန်ပြီး ဇိနတ္ထပကာသနီကို ဖတ်နေတယ်။ အရာရှိကြီးက အခန်းရှေ့လာရပ်ပြီး လက်ယပ်ခေါ်နေတယ်။

မောင်တင်မျိုးဝင်း ထွက်လာတော့ အရာရှိကြီးက ပင်လယ်ပြင်ကြီးကို လက်ညှိုးထိုးပြီး . . .

"ဟိုမှာကြည့်စမ်း မစ္စတာ တင်မျိုးဝင်း . . . မကြာခင် နာရီပိုင်း အတွင်းမှာ မုန်တိုင်းကြီး ရောက်လာတော့မယ်၊ မင်းရဲ့ ဗုဒ္ဓထံမှာ ဆုတောင်းပေးပါ"

ပြောပြောဆိုဆို အရာရှိကြီးက သင်္ဘောဦးခန်းဘက်သို့ ခပ်သုတ်သုတ် ထွက်သွားတယ်။ သင်္ဘောသားတွေ အားလုံးကလည်း

ပျာပျာသလဲဖြစ်နေကြတယ်။ မောင်တင်မျိုးဝင်းက မုန်တိုင်းဘက် မျက်နှာမူကာ မတ်တတ်ရပ်လက်အုပ်ချီပြီး သူ့ဆရာတော်သင်ပေးခဲ့တဲ့ ဘုရားစာကို အသံထွက်အောင် အခေါက်ခေါက်ရွတ်တော့တယ်။

ခါတိုင်းလို ခိုးကြောင်ခိုးဝှက် ရှိုးတိုးရှန့်တန့်မဟုတ်တော့ဘူး၊ သင်္ဘောနှင့်တကွ သင်္ဘောသားအားလုံး ဘေးကင်းရေး၊ ဗုဒ္ဓတရားတော် ဂုဏ်မငယ်စေရေးတို့အတွက် စိတ်စေတနာ ထက်ထက်သန်သန်နှင့် ဂုဏ်တော်များမှာ စိတ်ညွတ်ပြီး ရွတ်ဆိုတယ်။ မုန်တိုင်းကြီးကို ဂုဏ်တော်များနှင့် တားဆီးနိုင်အောင် စိတ်စွမ်းအားကို လွှတ်နေတာပဲပေါ့။

ခေတ်မီကိရိယာများနှင့်တိုင်းတာချက်အရ တစ်နာရီ မိုင် ၁၀၀ ခန့် ကြီးမားတဲ့မုန်တိုင်းကြီးဟာ နာရီပိုင်းအတွင်း သင်္ဘောဆီ ရောက်လာတော့မယ်၊ ရေဒါက ပြောတာဟာ ဘယ်လိုမှ မလွဲနိုင်ဘူး။ ဒါကြောင့် အရာရှိကြီးများနှင့် သင်္ဘောသားများက လုပ်သင့်တာတွေကို အကြိတ်အနယ် လှုပ်ရှားလုပ်ကိုင်နေကြပေမယ့် အဆိုးဆုံးအတွေ့အကြုံကို စိုးရိမ်တကြီးနဲ့ မျှော်လင့်စောင့်စားနေကြတယ်။

မုန်တိုင်းကြီးရဲ့ တဝီဝီမြည်သံကြီးနဲ့အတူ အမောက်ပါးပျဉ်းကြီး ထောင်လာတဲ့ လှိုင်းလုံးကြီးများက သင်္ဘောဆီ ချဉ်းကပ်လာကြပြီ၊ တဝုန်းဝုန်းရိုက်ခတ်သံတွေ နီးလာပြီ။ မောင်တင်မျိုးဝင်းက လဲကျမသွားအောင် သင်္ဘောလက်တန်းကို မြဲမြဲဆုပ်ထားပြီး ဘုရားစာကို တအားဖိရွတ်နေတယ်၊ သူ့ရင်တွေလည်း လှိုင်းလုံးကြီးတွေလို ခုန်နေပါတယ်။

ဟော…မုန်တိုင်းသံကြီး တဖြည်းဖြည်းဝေးသွားပါကလား၊ ဘယ်ညာလူးလှိမ့်နေတဲ့ သင်္ဘောကြီးကလည်း ငြိမ်မှန်းမသိ ငြိမ်လာပါလား။ မောင်တင်မျိုးဝင်း မျက်စိဖွင့်ကြည့်တော့ သင်္ဘောဆီ ဦးတည်လာတဲ့ မုန်တိုင်းကြီးဟာ သင်္ဘောသို့ မရောက်မီ မိုင်အနည်းငယ်ကွာလောက်ကနေပြီး သင်္ဘောရဲ့ လက်ဝဲဘက်ဆီ ကွေ့ထွက်သွားတယ်။ ကြည့်ရင်း ကြည့်ရင်း ပိုပိုဝေးသွားတယ်။

ပင်လယ်ပြင်ကြီး ငြိမ်သက်လာပြီး ပြန်လင်းလာတယ်။ မောင်တင်မျိုးဝင်းရဲ့ ရင်ခုန်သံများလည်း ငြိမ်ကျသွားပြီ။ ပီတိလှိုင်းတွေ ဖြာထွက်လာကြတယ်။ လူတစ်ယောက်က သူ့အနား လာပြီး ပခုံးပုတ်လိုက်တယ်။ မောင်တင်မျိုးဝင်း လှည့်ကြည့်လိုက်တော့ ပြုံးရွှင်နေတဲ့ အရာရှိကြီးကို မြင်ရတယ်။

"အား…မစ္စတာ တင်မျိုးဝင်း၊ ဘေးကင်းသွားပြီ၊ အားလုံး အိုကေ…သိပ်အံ့ဩစရာကောင်းတယ်၊ ဗုဒ္ဓတန်ခိုးဟာ တယ်ကြီးပါလား"

မောင်တင်မျိုးဝင်းလည်း ခေါင်းညိတ်ပြီး ပြုံးလိုက်တယ်။ ဘုရား၊ တရား၊ သံဃာတို့ရဲ့ ဂုဏ်တော်များမှာ လျှို့ဝှက်စွမ်းအားကြီးတွေ ရှိတာကို မျက်မြင်ဒိဋ္ဌ လက်တွေ့ပြလိုက်ခြင်းပင် မဟုတ်ပါလား။

ဒီခေတ် အဖြစ်အပျက်ကလေးက ရေလမ်း၊ လေလမ်း၊ ကုန်းလမ်းတို့ဖြင့် နေ့စဉ်ခရီးသွားနေကြတဲ့လူတွေအဖို့ အလွန်ဝမ်းမြောက် အားရဖွယ်ကောင်းတဲ့ ဟာဒယရွှင်အားဆေးကြီးပါပဲ။ ဒီဇာတ်လမ်းအကျယ်ကို ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ 'ခရီးဖော်' စာအုပ်မှာ ဖတ်ရှုနိုင်ပါတယ်။

## သမိုင်းအထောက်အထားများ

'မီးရဲရဲညီနေတဲ့သံကျပ်စင်ပေါ် တင်ပြီး သတ်စေ' ဆိုတဲ့အမိန့်ဟာ ကျောချမ်းလောက်အောင် ရက်စက်ကြမ်းကြုတ်လှတဲ့အမိန့်ဖြစ်ပေတယ်။ ဒီအမိန့်ပေးသူက ပုဂံသမိုင်းရဲ့ နောက်ဆုံးမင်းဖြစ်တဲ့ 'နရသီဟပတေ့'ဖြစ်ပါတယ်။

သူ့ကို 'တရုတ်ပြေးမင်း'လို့လည်း ခေါ်တယ်၊ 'မင်းခွေးချေး' လို့လည်း ခေါ်တယ်၊ သက္ကရာဇ် ၆၁၇ ခုနှစ်မှာ နန်းတက်တယ်၊ မိဖုရားအများကြီးနဲ့ ပျော်ပါးတယ်။

မင်းကြီးနှစ်သက်စုံမက်တဲ့ ကိုယ်လုပ်မောင်းမငယ်ကလေးတွေက စောလုံ၊ စောနန်း၊ ရှင်ဖား၊ ရှင်မောက်၊ ရှင်ရွှေတို့ဖြစ်ကြတယ်။ သည်အထဲမှာ မင်းကြီးအချစ်ဆုံးက စောလုံပဲ။ 'မီးရဲရဲညီနေတဲ့သံကျပ်စင်ပေါ်တင်ပြီး သတ်စေ' လို့ တစ်ချက်လွှတ် အမိန့်ပေးခံရသူကလည်း စောလုံပဲ ဖြစ်ပါတယ်။

'အကျိုးသန်လို့ ရန်ဖြစ်လာရသလို အချစ်ကြီးလို့ အမျက်ကြီး' လာရတာပဲ။ လောဘတဏှာရဲ့ လှည့်စားပုံက ကြောက်စရာကောင်းလှတယ်။ အချစ်ဆုံးကို အမုန်းဆုံးဖြစ်အောင်လည်း လှည့်စားတတ်တယ်။ ဖြစ်ပျက်ပုံဇာတ်လမ်းက ဒီလိုပါ။

နရသီဟပတေ့မင်းဟာ နွေရာသီရောက်တိုင်း နန်းတော်မှ ဧရာဝတီမြစ်ဆိပ်အထိ တဲတန်းလျားကြီး ဆောက်စေပြီး အလုံကာရံထားစေတယ်၊ မြစ်ဆိပ်မှာ ယာယီနန်းတော်ကို ဆောက်စေပြီး မိဖုရား မောင်းမငယ်တွေနဲ့အတူ ဧရာဝတီမြစ်ထဲမှာရေဆင်းကစားလေ့ရှိတယ်။

စောလုံက လှပချောမောပြီး ချစ်စရာကောင်းသလောက် တည်ကြည်သိမ်မွေ့တယ်၊ ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ပြီး အရှက်အကြောက်ကြီးတယ်။ မင်းကြီးကို ရိုရိုသေသေ ကျိုးကျိုးနွံနွံ ပျပ်ဝပ်ပိရိစွာ ခစားလေ့ရှိတယ်။

မူယာမာယာ မကြွယ်ဘဲ အရိုးခံ ရိုးတိုးရှန့်တန့် ရှက်တတ်သူ စောလုံကို အကျိစားသန်တဲ့ ရှင်ဘုရင်က ပိုပြီးကျီစားလိုတယ်။ ဒါကြောင့် အခြားမောင်းမတွေကို အတွင်းစကား မှာကြားထားပြီး ရေကစားကြတဲ့အခါ ရှင်ဘုရင်ကအစ စောလုံကို ရေဝိုင်းပက်ကြတယ်။

စောလုံက တစ်ကိုယ်လုံးရွှဲရွှဲစိုပြီး အသက်ရှူလို့မရအောင် မွန်ထူသွားရှာတယ်။ 'မပက်ကြပါနဲ့…မပက်ကြပါနဲ့' လို့ လက်ကလေးများနဲ့ ကာရင်း စောလုံတောင်းပန်တာကို ဘယ်သူကမှ အလေးမထားဘဲ ဘုရင်ကအစ သဲသဲမဲမဲဝိုင်းပက်ကြတယ်။ စောလုံ ခမျာ တစ်ကိုယ်တည်း ဆတ်ဆတ်တုန်ပြီး ရှက်လည်းရှက် ဒေါသလည်း ထွက်နေမိတယ်၊ 'သူ့ကို လုပ်ရက်လေခြင်း' ဆိုပြီး မင်းကြီးကို အခဲမကျေဘူး။

ဒါကြောင့် ပွဲတော်ဆက်သရတဲ့သူနဲ့ ပေါင်းပြီး ပွဲတော်ဟင်းထဲမှာ စောလုံအဆိပ်ခတ်ထည့်လိုက်တယ်။ နရသီဟပတေ့မင်းက အစားကြူးသူဖြစ်တယ်။ ဟင်းခွက်သုံးရာကျော်မှ ပွဲတော်တည်လေ့ရှိတယ်။

မင်းကြီး ပွဲတော်တည်ခါနီးမှာ ပွဲတော်ဆောင်အောက်က ခွေးသံကိုကြားရတယ်၊ 'နိမိတ်မကောင်း' လို့ ယူဆပြီး ပွဲတော်မတည်သေးဘဲ အသားဟင်းတစ်တုံးကို အောက်သို့ပစ်ချလိုက်တယ်။

ခွေးက အသားတုံးကို အားရပါးရစားပြီး ခဏအကြာမှာ လူးလဲပြီး သေသွားရှာတယ်။

ယမ်းပုံထဲ မီးကျသွားသလို မင်းကြီး အမျက်ခြောင်းခြောင်းထွက်လာတော့တယ်။ အဆိပ်ခတ်တာ ဘယ်သူလဲလို့ မေးတဲ့အခါ စောလုံလို့ စားတော်ကဲက ဖော်ထုတ်တယ်။

"ဟယ်... အယုတ်မ၊ အကြံပက်စက်လှချေလား၊ အကြောင်းစုံကို သံတော်ဦးတင်စမ်း"

စောလုံကလည်း အထိမခံ ရှေပန်းကန်၊ ဆတ်ဆတ်ကြဲကလေး။

"ဟယ်... ပန်းပွတ်သည်မြေး၊ နင်ငါ့ကို ရောဝတီမြစ်ထဲမှာ လူပုံအလယ် အရှက်ခွဲတာ မေ့နေပြီလား၊ နင်ပေးချင်တဲ့ အပြစ်ကို ပေး၊ ငါခံမယ်"

စောလုံက ငယ်ကျိုးငယ်နာကို ထုတ်ဖော်ပြီး မချေမငံ ပြောလိုက်တယ်။ နရသီဟပတေ့ရဲ့ မယ်တော်က ပန်းပွတ်သည်ရဲ့ သမီးဖြစ်ပါတယ်။ ဒါကြောင့် ရှင်ဘုရင်က ပိုပြီးဒေါသထွက်သွားတယ်။

"မိန်းမယုတ်စောလုံကို မီးရဲရဲညီနေတဲ့ သံကျပ်စင်ပေါ်တင်ပြီး သတ်စေ"

စိတ်ကို ဒေါသလွှမ်းမိုးသွားတဲ့အခါ အမှောင်ဖုံးပြီး အဆင်ခြင်ဉာဏ် တုံးသွားတယ်၊ စောလုံကို ချစ်တယ်ဆိုပေမယ့် မိမိရဲ့ အသက်ကို ပိုချစ်တယ်မဟုတ်လား။ မိမိရဲ့ ငယ်ကျိုးငယ်နာကို ထိုးဆွလိုက်တော့ ဒေါသမီးက ထတောက်တော့တယ်။

မိဖုရားစောလုံက ပန်းပဲသမားကို ရွှေငွေများ ပေးပြီး ခုနစ်ရက်

ကြာအောင် သံကျုပ်စင်ကိုပြုလုပ်စေတယ်။ ဒီအတွင်းမှာ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာရှိတော့တယ်လို့ စောလုံဆုံးဖြတ်ပြီး သရဏဂုံနဲ့တကွ သီလဆောက်တည်လိုက်တယ်။ မြတ်စိန္တေ ဘုရားထံမှာ ပန်းရေချမ်းဆက်ကပ်ပြီး ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို နှလုံးသွင်းပြီး နေရှာတယ်။

ခုနစ်ရက်ကြာတဲ့အခါ အာဏာပါးကွက်သားတို့က စောလုံကို လက်ပြန်ကြိုးတုပ်၊ မျက်နှာကိုပဝါစည်းပြီး သံကျုပ်စင်ဆီသို့ ခေါ်ထုတ်သွားကြတယ်။

သံကျုပ်စင်ထက်က သံပြားကြီး မီးရဲရဲပူလာအောင် မီးသွေးမီးနဲ့ ရှို့မြှိုက်ကြတယ်၊ မတ်တတ်ဖားဖိုနှစ်ခုနဲ့ လေမှုတ်ပေးတော့ မီးသွေးမီးဖိုက တဖျစ်ဖျစ် တဖြောက်ဖြောက်နဲ့ တောက်လောင်နေတယ်။ မကြာခင် သံပြားကြီး ရဲရဲနီလာတယ်။

မိဖုရားစောလုံ ရတနာသုံးပါးရဲ့ ဂုဏ်တော်ကိုသာ တွင်တွင်ကြီး အာရုံပြုနေတယ်။ အားကောင်းမောင်းသန် အာဏာသားနှစ်ဦးက စောလုံကို ချုပ်ကိုင်ပြီး ရဲရဲနီနေတဲ့ သံပြားကြီးပေါ်ကို ပစ်တင်လိုက်ကြတယ်။

အံ့သြဖွယ်ကောင်းလိုက်တာက သံပြားကြီးဟာ အလွန်အေးမြတဲ့ ဂေါ်သီတစန္ဒကူးကို ထည့်ခတ်လိုက်သလို ချက်ချင်း အေးမြသွားပြီး မီးကြီးလည်း ငြိမ်းသွားခြင်းပင် ဖြစ်ပေတယ်။

ဒါကြောင့် စောလုံကို သံကျုပ်စင်ပေါ်က ချပြီး မီးပြန်မွေးကာ သံကျုပ်စင်ကို ရဲရဲနီပူလောင်အောင် မီးမြှိုက်ကြပြန်တယ်။ ရဲရဲပူလောင်တဲ့အခါ စောလုံကို ဖမ်းချုပ်ပြီး သံကျုပ်စင်ထက်သို့ ပစ်

တင်ကြပြန်တယ်။ အံ့ဩဖွယ်ကောင်းအောင်ပဲ မီးငြိမ်းပြီး သံကျပ်စင် အေးမြသွားပြန်တယ်။

လူသတ်သမားများက စောလုံကို ကြောက်ရွံ့လာကြတယ်။ ရှိခိုးတောင်းပန်ကြတယ်။

"ဘုရင့်အမိန့်တော်အရ ဆောင်ရွက်ရတာကို သခင်မ ခွင့်လွှတ်တော်မူပါ"

"သင်တို့ ဝတ္တရားအရ ဆောင်ရွက်နေတာကိုငါအပြစ်မယူ"

ဒါလောက် အံ့ဩစဖွယ်ကြုံဆုံနေရတာကို ပါးကွက်သား မင်းချင်းတွေက ရှင်ဘုရင်သို့ သံတော်ဦးတင်ဖို့ကောင်းတယ်။ မိဖုရား စောလုံရဲ့ ကြမ္မာဝင့်ကြွေးက ပါလာလို့ ပြေးလို့မလွတ်ရတာပဲလား။

ပါးကွက်သားတွေက ဝတ္တရားကျေပွန်ဖို့ အရေးကိုသာဦးထိပ်ထားပြီး သံကျပ်စင်ကို တစ်ဖန်မီးမြှိုက်ကြပြန်တယ်။ သံပြားကြီး ရဲရဲနီမြန်းလာတဲ့အခါ စောလုံကို မင့်မညှာ သံကျပ်စင်ပေါ် ပစ်တင်ကြပြန်တယ်။

တတိယအကြိမ် မီးငြိမ်းသွားပြန်တယ်။ ရတနာသုံးပါးရဲ့ ကျေးဇူးတော်က ကြီးမားလှပါပေ့။ ဒါပေမဲ့ စောလုံက စိတ်ကို လျှော့ချတယ်။

"ငါသည် ဤကြမ္မာဝင့်က လွတ်မြောက်ချမ်းသာခွင့်ရမည် မဟုတ်လျှင် တစ်ခဏချင်း လောင်ကျွမ်းပါစေတော့"

စောလုံအဓိဋ္ဌာန်ပြုလိုက်တဲ့အခါ သံကျပ်စင်မီးရဲရဲပြောင်ပြောင် တောက်လောင်စေကာ စောလုံရဲ့ လှပတဲ့ခန္ဓာကိုယ် က

လေးကို တွန့်လိမ်ကောက်ကွေးလာစေပြီး ခဏာတွင်းချင်း ပြာအတိ ဖြစ်သွားစေပါတော့တယ်။

ဝင့်မှာအမြဲ ငရဲမှာအပ၊ ပြုသူမှာအသစ် ဖြစ်သူမှာအဟောင်း ပါတကား။

စောလုံအား သံကျပ်စင်အကြိမ်ကြိမ်တင်ရပုံအကြောင်းကို နရသီဟပတေ့မင်း ကြားသိတဲ့အခါ ယူကျုံးမရဖြစ်ပြီး အကြီးအကျယ် နောင်တရတော်မူတယ်။

"စောလုံရေ...ငါ့ကို ကယ်လှည့်ပါ၊ စောလုံရေ...ငါ့ကို ကယ်လှည့်ပါ" လို့ တဖျစ်တောက်တောက်မြည်တမ်းရေရွတ်နေတော်မူတယ်။

ရတနာသုံးပါးကျေးဇူးကို သူမအောက်မေ့မိတာ သူ့အတွက် နစ်နာဆုံးရှုံးမှုတစ်ရပ်ပါပဲ။ သူသည်လည်း မကြာမြင့်မီသောကာလမှာ သားတော်ငယ် သီဟသူရဲ့ အဆိပ်ခတ်ကျွေးတဲ့အစာကို သိလျက်နဲ့ မျိုချရပြီး မချိမဆံ့သေပွဲဝင်ရလေတော့တယ်။

ဘဝအနှစ်သာရက ဘုရင့်စည်းစိမ်အာဏာပေါ်မှာ တည်သလား၊ ရတနာမြတ်သုံးပါးကို ကြည်ညိုလေးမြတ်တဲ့စိတ်ထားပေါ်မှာ တည်သလား။

အဖြေက ရှင်းနေပါတယ်။ ရတနာမြတ်သုံးပါးကိုသာ ဆည်းကပ် ကိုးကွယ်ကြပါ။

## အမျိုးသမီး အာဇာနည် ဘာမထိ

"ဒူ...ဒူ...တိုင်းသူပြည်သား လူအများတို့လေး...ဘုရင့်အမိန့်တော် ထုတ်ပြန်လိုက်တယ်။ ကနေ့ကစပြီး ဘယ်သူမှ ဗုဒ္ဓ

ဘာသာကိုမကိုးကွယ်ရ၊ ဗုဒ္ဓဆင်းတုတွေကို အိမ်မှာမထားရ၊ ဗုဒ္ဓဆင်းတု ကိုးကွယ်တာတွေ့ရင် သေဒဏ်ကျခံစေ ... ဒူ ... ဒူ"

ဂျပန်ပြည် ဟီးရိုရှီးမားမြို့ပေါ်မှာ ပထမဆုံး အဏုမြူဗုံး ကျတာထက် ပိုဆိုးတဲ့ သတင်းပါပေ။ ဒီအမိန့်ကို ထုတ်ပြန်တဲ့သူဟာ အေဒီ ၁၀၄၃–၁၀၅၇ အတွင်း ဟံသာဝတီနေပြည်တော်မှာ နန်းစံခဲ့တဲ့ **မွန်ဘုရင် တိဿမင်း** ဖြစ်ပါတယ်။ အမိန့်ထုတ်ပြန်ရတဲ့ အကြောင်းက ရှင်ဘုရင်ဟာ ဗြဟ္မဏပုဏ္ဏားတို့ရဲ့ မိစ္ဆာအယူကို လက်ခံလိုက်ခြင်းကြောင့် ဖြစ်တယ်။

တိုင်းသူပြည်သားတို့ဟာ စိတ်မချမ်းမသာနဲ့ ဗုဒ္ဓဆင်းတုတော်များကို မြစ်ချောင်းအင်းအိုင်တွေမှာ စွန့်ပစ်ကြရတယ်။ ဗုဒ္ဓသာသနာတော်ဟာ အောက်မြန်မာပြည်မှာ တစ်မုဟုတ်ချင်း ကွယ်ပျောက်သွားသလို ဖြစ်သွားပေတော့တယ်။

ဒီအခါမှာ မွန်အာဇာနည်မယ် သူကြွယ်သမီး **တလထော်** ပေါ်ပေါက်လာတယ်။ တလထော်ဆိုတာ 'တရားသခင်မ'လို့ အမည်ရတယ်။ တလထော်ဟာ မိဘဘိုးဘွားတို့ရဲ့သွန်သင်ပဲ့ပြင်ပေးမှုကြောင့် ရတနာမြတ်သုံးပါးကို အသည်းနှလုံးမှာ စွဲကပ်ကာ ကြည်ညိုလေးမြတ်နေသူ ဖြစ်ပါတယ်။

တလထော်က လှပယဉ်ကျေးတဲ့ အပျိုဖျန်းကလေးဖြစ်နေပြီ။ တလထော်နဲ့ အဖော်တစ်စုက စမ်းချောင်းတစ်ခုမှာ ရေသွားကစားကြတဲ့အခါ စမ်းချောင်းထဲမှာ လူတွေစွန့်ပစ်ထားတဲ့ ဗုဒ္ဓဆင်းတုတော် ရှစ်ဆူကို ဖော်ယူရရှိပါတယ်။ တလထော်က ဆင်းတုတော်များကို ရေသပ္ပာယ်ပေးပြီးတဲ့နောက် အနီးရှိစေတီတစ်ဆူမှာ တည်ထားစေပါတယ်။

ဆင်းတုတော်များကို တလထော်ဆည်းကပ်ကိုးကွယ်နေတာကို မင်းချင်းများက တွေ့သွားလို့ ဘုရင့်ထံသို့ သတင်းပို့ကြတယ်။ တိဿမင်းကလည်း ချက်ချင်းပဲ 'ဒီအမိုက်မကို ဆင်နဲ့နင်းသတ်စေ' လို့ အမိန့်ချမှတ်လိုက်တယ်။

ကိလေသာမကင်းသေးတဲ့ လူတိုင်း သေရမှာကို ကြောက်ရွံ့ကြတယ်။ ဒါပေမဲ့ ရတနာမြတ်သုံးပါးကို အသက်အပ်နှင်းပြီး လေးလေးနက်နက် ကြည်ညိုနိုင်ကြတဲ့လူတွေက ထူးထူးခြားခြား ရဲစွမ်းသတ္တိ ရှိကြတယ်။

တလထော်ဟာ ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ရာ ရှိတော့တာကို သိနားလည်တဲ့အတွက် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ အကြိမ်ကြိမ် ရွတ်ပွားသရဇ္ဈာယ်ပြီး ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တော်များကို ဆင်ခြင်နှလုံးသွင်းနေတယ်။

မင်းချင်းအာဏာသားတွေက တလထော်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်ပြီး ဆင်သွားလမ်းမှာ ဝပ်စင်းနေစေတယ်။ တလထော်ဟာ လူကြီးသူမတို့ရဲ့ ပွဲပြင်ဆုံးမမှုကြောင့် ဘယ်သူ့အပေါ်မှာမှ ဒေါသစိတ်, အာဃာတစိတ် မထားဘူး။ ရှင်ဘုရင်နဲ့တကွ မင်းချင်းများ၊ ဆင်ထိန်းနဲ့ ဆင်များကိုပါ မေတ္တာပွားပို့လိုက်တယ်။

ဆင်ထိန်းက ဆင်တင်းကုပ်မှ မုန်ယိုနေတဲ့ဆင်ကြီးကို ထုတ်ယူလာပြီးမှ တလထော်ကို နင်းသတ်စေတယ်။ တလထော်ရဲ့ နှလုံးသားမှ ပျံ့နှံ့ထွက်လာတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့ မေတ္တာလှိုင်းဓာတ်တို့က ဆင်ကြီးကိုရှေ့မတိုးဝံ့အောင် ဟန့်တားလိုက်ကြတယ်။ ဆင်ထိန်းက တရကြမ်း ချွန်းအုပ်ပြီး မောင်းနှင်

ပေမယ့် ဆင်ကြီးက ရှေ့မတိုးဝံ့ဘဲ အသံကုန်အော်မြည်ပြီး ထွက်ပြေးသွားတယ်။

ဆင်ထိန်းက ဆင်တင်းကုပ်မှ ဆင်တွေကို တစ်ကောင်ပြီး တစ်ကောင် ထုတ်ယူပြီး တလထော်ကို နင်းသတ်စေတယ်၊ မရဘူး။ ဆင်တွေက ကြောက်ကြောက်လန့်လန့် ဟစ်အော်ပြီး ထွက်ပြေးကြတယ်။

အာဏာသားတွေက ဘုရင့်ထံကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ သံတော်ဦးတင်ကြတယ်။ ဘုရင်က တလထော်ကို ထောက်ထားညှာတာဖို့ကောင်းပေမယ့် သူ့အာဏာစက်တည်ရေးအတွက် အမူးအရူးဖြစ်နေတော့ 'အယုတ်တမာမကို ကောက်ရိုးပုံပြီး မီးရှို့သတ်စေ' လို့ အမိန့်ချမှတ်ပြန်တယ်။

အာဏာသားတွေက ဘုရင့်အမိန့်အတိုင်း တလထော်ကို ကောက်ရိုးဖုံးအုပ်ပြီး မီးရှို့ကြတယ်။ ဘယ်လိုရှို့ရှို့ မီးမလောင်ဘူး။

ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော်စွမ်းအားများနဲ့ မေတ္တာစွမ်းအားတို့ဟာ အံ့မခန်းဖွယ်ထူးခြားလှပါပေတယ်။ ဒါပေမဲ့ ရှင်ဘုရင်နဲ့ မင်းချင်းယောကျ်ားတွေက အဲဒီစွမ်းအားတွေကို တိုက်ဖျက်ဖို့ ကြိုးစားနေကြတယ်။ ဘယ်လောက်အပြစ်ကြီးတယ်၊ ဝန်လေးဖွယ် ကောင်းတာကို သူတို့မတွေးမိကြဘူး။

"မင်းချင်းတို့ ...အမိုက်မကို တွင်းထဲချပြီး မြေဖို့သတ်စေ"

အာဏာသားတို့က တွင်းအမြန်တူးပြီး တလထော်ကို တွင်းထဲပစ်ချတယ်။ ဘုရင်ကြီးကြွလာပြီး တွင်းနှုတ်ခမ်းပေါ် ရပ်လျက်မိန့်ဆိုလိုက်တယ်။

"ဟဲ့ . . . အမိုက်မ၊ နင့်ဆရာဗုဒ္ဓက နင့်ကိုကယ်နိုင်ဦးမလား၊ ကြည့်သေးတာပေါ့၊ နင့်ဆရာဗုဒ္ဓက ဘယ်လောက်များ စွမ်းလို့လဲ၊ မင်းကိုးကွယ်တဲ့ ဆင်းတုတော်တွေ ကောင်းကင်က ကြွလာအောင် မင်းခေါ်ကြည့်စမ်း၊ ကြွလာတာကို ငါကိုယ်တိုင်မြင်တွေ့ရရင် နင့်ကို အသက်ချမ်းသာပေးမယ်၊ ကြွမလာရင် ဒီတွင်းထဲမှာ နင်သေပေတော့"

တလထော်ဟာ ဖြည်းဖြည်းသာသာ လက်အုပ်ပင့်ချီလိုက်ပြီး မြတ်စွာဘုရားကို တိုင်တည်ကာ သစ္စာဆိုတယ်။

"ဘုန်းတန်ခိုးအနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မဟာ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို မမှိတ်မသုန်ဆည်းကပ်ကိုးကွယ်ပါ၏၊ ဗုဒ္ဓဂုဏော အနန္တော– မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ဟာ အတိုင်းအဆမရှိ ကြီးမားလှပါတယ်၊ ဓမ္မဂုဏော အနန္တော – တရားတော်ရဲ့ ဂုဏ်ကျေးဇူးဟာ အတိုင်းအဆမရှိ ကြီးမားလှပါတယ်၊ သံဃာဂုဏော အနန္တော – သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးဟာ အတိုင်းအဆမရှိ ကြီးမားလှပါတယ်။ ဤမှန်ကန်တဲ့ သစ္စာစကားကြောင့် ဗုဒ္ဓဆင်းတုတော် ရှစ်ဆူတို့ဟာ ကောင်းကင်မှ ပျံကြွလာပြီးတော့ နန်းရင်ပြင်ထက်မှာ စံပယ်တော်မူကြပါဘုရား"

တလထော်ဟာ မျက်စိကို စုံမှိတ်ပြီး ရတနာသုံးပါး ဂုဏ်ကျေးဇူးများမှာ စိတ်စူးစိုက်ထားတယ်။ ဗုဒ္ဓဆင်းတုများ ကြွလာတာကို ယုံယုံကြည်ကြည်နဲ့ အာရုံယူထားတယ်။

"ဟေး . . . ဘုရားဆင်းတုတွေ ကောင်းကင်မှာ ကြွလာနေတယ်၊ တစ်ဆူ . . . နှစ်ဆူ . . . ရှစ်ဆူတောင်မှပဲ"

ထူးဆန်းလှလွန်းလို့ တစ်ယောက်တစ်ခွန်း အော်ပြောနေကြတယ်။

တိဿမင်းနဲ့တကွ မင်းချင်းတွေ ပြည်သူတွေပါ ဖူးမြင်ကြရလို့ မြို့တွင်းသို့လည်း ခဏချင်း ဥက္ကောဌေယျဖြစ်သွားပေတယ်။

တိဿဘုရင်က တလထေဝ်အား တွင်းမှထုတ်စေပြီး ရှေ့တော်မှောက်သို့ သွင်းစေတယ်။

"နှမလေး...သင့်ဆရာဗုဒ္ဓရဲ့ တန်ခိုးကြီးမားပုံကို ငါ ကိုယ်တိုင် မြင်တွေ့ရလို့ သင့်ကိုအသက်ချမ်းသာခွင့် ပေးလိုက်ပြီ၊ သင် လျှောက်ထားချင်တာရှိရင် လျှောက်ထားပါလေ"

"အရှင်မင်းကြီး...ကျွန်ုပ်တို့ရဲ့ဆရာ ဗုဒ္ဓမြတ်စွာက ပရိနိဗ္ဗာန်စံလွန်တော်မူပါပြီ၊ ဒါကြောင့် ဘုရားရှင်ရဲ့ကိုယ်စားဖြစ်တဲ့ ဆင်းတုတော်များလောက်သာ ကောင်းကင်က ပျံကြွလာတာကို အရှင်မင်းကြီး ဖူးမြင်နိုင်တော့တယ်၊ အရှင်မင်းကြီးက အသက်ထင်ရှား ရှိကြတဲ့ မိစ္ဆာဒိဋ္ဌိဆရာကြီးများကို ကိုးကွယ်နေသူ ဖြစ်ပါတယ်၊ အဲဒီဆရာကြီးတွေရဲ့အစွမ်းသတ္တိကို သိမြင်နိုင်ဖို့ အတွက် သူတို့ကို ကောင်းကင်သို့ ပျံတက်စေတော်မူပါဘုရား"

ဘုရင်ကြီးက မနေသာတော့လို့ သူ့ဆရာတွေကို ကောင်းကင် ပျံတက်ဖို့ ပန်ကြားတယ်။

မိစ္ဆာဒိဋ္ဌိဆရာတွေက အစွမ်းပြကြရတော့မှာကိုး။ သူတို့ အမျိုးမျိုး ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပျံတက်နိုင်အောင် ခုန်ကြတယ်၊ မပျံနိုင်ကြဘဲ အမေရိကန်ကြက်ဖကြီးများလို မြေပေါ် တဖုတ်ဖုတ် ပြန်ကျလာကြတယ်။ အခြေအနေမလှ ဣန္ဒြေမရဖြစ်နေတဲ့တိတ္ထိ

ပုဏ္ဏားတွေကို ဘုရင်ကြီးက မေတ္တာကုန်ခန်းပြီး အပြီးအပြတ် နှင်ထုတ်လိုက်တော့တယ်။

တိဿရာဇာဟာ လှကလျာတလထော်ကို နံ့သာရေဖြင့် ရေချိုးစေပြီး '**ဘဒြာဒေဝီ**' ဘွဲ့အမည်ဖြင့် မိဖုရားခေါင်တင်မြှောက်လိုက်တယ်။ ဘဒြာဒေဝီရဲ့ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဟာ အောက်မြန်မာပြည်မှာ မကွယ်ပသွားဘဲ ယနေ့တိုင် ထွန်းတောက်လျက် ရှိပေတယ်။

တိဿရာဇာနဲ့ ဘဒြာဒေဝီတို့ရဲ့ကောင်းမှုတော်စေတီများကို ပဲခူးမြို့ဝန်းကျင်မှာ ယနေ့တိုင် မြင်တွေ့နိုင်ပါသေးတယ်။

ဘဒြာဒေဝီရဲ့ ဇာတ်လမ်းကို အင်္ဂလိပ်လူမျိုး သမိုင်းဆရာ ဂျီ၊ အီး၊ ဟာဗေး (G.E. Harvey) က 'မြန်မာ့သမိုင်းအကျဉ်း' (Outline of Burmese History) စာအုပ်မှာ မှတ်တမ်းတင်ခဲ့တာမို့ အလွန်ခိုင်လုံပါတယ်။ ဒီမှာတင်ပြထားတာထက် ပိုမိုပြည့်စုံတဲ့ ဇာတ်ကြောင်းကို သိချင်ရင် ကျွန်တော်ရေးသားထားတဲ့ 'မေတ္တာနှင့် သစ္စာအဖွင့်' မှာ ဖတ်ရှုနိုင်ပါတယ်။

## ဆန်းကြယ်တာတွေ ပြောလို့မကုန်

ဘုရား၊ တရား၊ သံဃာတို့ကို နတ်များကပါ ကြည်ညိုလေးမြတ်ကြတာ ယုံမှားစရာမရှိပါဘူး။ ခေတ်အထောက်အထားတွေ အများကြီး ရှိပါတယ်။

တလထော်က သစ္စာအဓိဋ္ဌာန်ပြုလို့ ဗုဒ္ဓဆင်းတုတော်များ ကောင်းကင်က ပြန်ကြွလာတာဟာ နတ်တွေက ဆောင်ပင့်ယူလာတာ ဖြစ်နိုင်ပါတယ်။

ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ စမ်းချောင်းလမ်းမှာ နေထိုင်ကြတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေ **ဦးမျိုးလွင်နဲ့ ဒေါ်ခင်သန်း** တို့ဟာ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၅ နာရီကျော်ကျော်က လေးလောက်မှာ ဧည့်သည်တစ်ဦးနဲ့ စကားပြောနေတုန်း ဝင်းခနဲ အရောင်လက်လာတာကို မြင်ကြရပြီး ရေဒီယိုထားတဲ့ မှန်ဗီရို (Show Case) ထဲကို ဗုဒ္ဓဆင်းတုတော်တစ်ဆူ ကြွလာကာ သီတင်းသုံးနေတာကို ဖူးမြင်ကြရတယ်။

ဦးမျိုးလွင်နဲ့ ဒေါ်ခင်သန်းတို့ဟာ ရေဒီယိုကို ရောင်းလိုက်ပြီး မှန်ဗီရိုကို ကျောင်းဆောင်အဖြစ် ဆင်းတုတော်အား သီတင်းသုံးစေတယ်။ မှန်ဗီရိုတံခါးကို ဖွင့်ပြီးမှ ပန်း၊ ရေချမ်းတော်နဲ့ ဆွမ်းတော်များကို ကပ်တင်ကြတယ်။

၁၃၂၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် မွန်းလွဲပိုင်းမှာ ဦးမျိုးလွင်နဲ့ ဒေါ်ခင်သန်းတို့က မှန်ဗီရိုကို ပိတ်၊ အိမ်တံခါးကိုလည်း သော့ပိတ်ပြီး မိဘအိမ်သို့ ခေတ္တသွားကြတယ်။ ပြန်လာတဲ့အခါ မှန်ဗီရိုကို ဖွင့်ကြည့်တော့ ရှင်သီဝလိ ရဟန္တာဆင်းတုတစ်ဆူ ထူးထူးဆန်းဆန်း ကြွရောက်နေပြီး ဘုရားဆင်းတုတော်ဘေးမှာ သီတင်းသုံးနေတာကို တွေ့ကြရတယ်။

၁၃၂၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့မှာတော့ မှန်ဗီရိုတံခါးကို ဖွင့်ပြီး ဒေါ်ခင်သန်းက ရေချမ်းတော် ကပ်လှူနေဆဲ အချိန်မှာပဲ ရှင်ဥပဂုတ်ဆင်းတုတစ်ဆူကြွလာပြီး ဘုရားဆင်းတုဘေးမှာ သီတင်းသုံးလာတာကို ဝမ်းမြောက်စွာဖူးမြင်ရပါတယ်။

အဆိုပါ ဗုဒ္ဓဆင်းတုတော်၊ ရှင်သီဝလိဆင်းတုတော်နဲ့ ရှင်ဥပဂုတ် ဆင်းတုတော်တို့ကို ဦးမျိုးလွင် ဒေါ်ခင်သန်းတို့ အိမ်

မှာ ယနေ့တိုင်အောင် တင့်တယ်ကြည်ညိုစဖွယ် ဖူးမြော်နိုင်ပါတယ်။

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ရန်ကုန်မြို့၊ ရေကျော်ရပ်မှာရှိတဲ့ ရွှေဘုန်းပွင့်ဘုရားမှာ ထူးထူးခြားခြား စေတီပုံရိပ်ကြီးတွေ ပေါ်တယ်။ စေတီတော်ရဲ့ တနင်္ဂနွေထောင့်၊ တနင်္လာထောင့်၊ အင်္ဂါထောင့်၊ ရာဟုထောင့်၊ ကြာသပတေးထောင့်စတဲ့ စေတီပတ်ပတ်လည်က ကောင်းကင်ထက်မှာ အလွန်ကြီးမားတဲ့စေတီပုံရိပ်တွေ ပေါ်လာကြတယ်။

ရပ်နီးရပ်ဝေးက လူအများကြီးလာပြီး ကြည့်ရှုကြတယ်။ တချို့က ညဥ့်လုံးပေါက် စောင့်ကြည့်ကြတယ်။ ပုံရိပ်တွေက သိပ်ထူးခြားတယ်၊ ဆလိုက်မီးလုံးတွေ မီးမောင်းတွေ ထိုးထားလို့ ပေါ်တဲ့ ပုံရိပ်တွေမဟုတ်ဘူး၊ ပေါ်ချင်တဲ့အချိန်မှ ပေါ်တယ်၊ လျှပ်စစ်မီးတွေ ပျက်နေတဲ့အချိန်မှာလည်း ပေါ်တာပဲ။

ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့က မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးထားလို့ ဒီဓာတ်ပုံများကို ယနေ့တိုင် ဖူးမြော်နိုင်တယ်။ ဒါပေမဲ့ ဂေါပကအဖွဲ့က မှတ်တမ်းမတင်လိုက်နိုင်တဲ့ အံ့ဖွယ်တစ်ပါးက လျှပ်စစ်မီးပျက်နေတဲ့အချိန်မှာ စေတီတော်က ရောင်ခြည်တောင်ကွန့်မြူးတဲ့အကြောင်းပါပဲ။

လျှပ်စစ်မီးရောင်စုံတွေလို ထွန်းလင်းတောက်ပတဲ့ ရောင်ခြည်တော်များဟာ စိန်ဖူးတော်မှစတင်ကာ အောက်ပစ္စယံများသို့ တဖြည်းဖြည်း နိမ့်ဆင်းလာကြတယ်။ ပြီးတော့ စိန်ဖူးတော်ဘက်သို့ တဖြည်းဖြည်း မြင့်တက်သွားကြတယ်။ ဖူးမြော်ကြရသူတွေက ကြည်နူးဝမ်းမြောက်လို့ မဆုံးဘူး။

ရွှေဘုန်းပွင့်စေတီတော်မှာ စေတီပုံရိပ်များ ထင်တဲ့ အချိန်လောက်မှာပဲ ဆူးလေစေတီတော်မှာလည်း စေတီပုံရိပ်များ ပေါ်တယ်။ ဒီစေတီပုံရိပ်များကိုလည်း ဆေးရောင်စုံဓာတ်ပုံများနဲ့ မှတ်တမ်းတင်ထားကြပါတယ်။ ဓာတ်ပုံထဲမှာ အခြားထူးဆန်းမှုတစ်ရပ်က ရွှေသင်္ကန်းကပ်ထားတဲ့ စေတီရုံများဟာ မြစိမ်းရောင် စေတီများအဖြစ် ထင်ပေါ်နေခြင်းပါပဲ။

စေတီတော်, ဆင်းတုတော်များမှာ ထူးခြားဆန်းကြယ်မှုတွေဖြစ်ပေါ်သလို ရဟန်းသံဃာများမှာလည်း အံ့သြဖွယ်ရာတွေ ဖြစ်ပေါ်ကြပါတယ်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျိုက္ကရွာရဲ့ အရှေ့ဘက်တောထဲမှာ သပိတ်အိုင်တောရဆိုတာ ရှိတယ်။ အဲဒီတောရမှာ ပထမ သီတင်းသုံးတဲ့ **သပိတ်အိုင်တောရဆရာတော်ဘုရား**ဟာ ကျိုက္ကရွာမှာပဲ နေ့စဉ်ဆွမ်းခံတော်မူတယ်။ ဒါပေမဲ့ ၁၃၁၃ ခုနှစ်မှစပြီး ဆရာတော်ပျံလွန်တဲ့ ၁၃၃၁ ခုနှစ်အထိ ဆရာတော်ဟာ မော်လမြိုင်၊ သထုံ၊ ရန်ကုန် စတဲ့မြို့များမှာလည်း ဆွမ်းခံကြွတယ်လို့ မျက်မြင်တွေ့ရှိသူများက ပြောဆိုကြတယ်။

၁၃၁၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့မှာ မော်လမြိုင်မြို့၊ မုပွန်ကျောက်တန်းမှ ဦးသူရိယနဲ့ ဦးတေဇနိယတို့က ဆရာတော်ထံ ရောက်လာကြပြီး မေးလျှောက်ကြတယ်။

"ဆရာတော်ဘုရား ...ရန်ကုန်မှာ ဆွမ်းခံကြွတယ်လို့ မုန့်နဲ့သစ်သီး လောင်းလှူလိုက်တဲ့ ဒကာများက ပြောကြတယ်၊ ကျိုက္ကမှ ဒကာတွေကို မေးကြည့်တော့လဲ ဆရာတော်ဒီမှာ နေ့တိုင်း ဆွမ်းခံကြွတယ်လို့ ပြောကြပါတယ်ဘုရား"

"အင်း...အဲဒီတုန်းက မုန့်နဲ့သစ်သီးတွေ ရလိုက်ပါရဲ့" လို့ ဆရာတော်က မိန့်တော်မူတယ်။

ဖြစ်ပုံက ယောကျ်ားတစ်ယောက်ဟာ သုံးအိမ်စုရွာနေ မောင်ထွန်းရှိန်နှင့် မဖွားတင့်တို့ဆီလာပြီး ချိဇာကိတ်ရှစ်လုံး၊ သစ်တော်သီး သုံးလုံးနဲ့ စပျစ်သီးအတွဲကြီးတို့ကို ပေးတယ်။

"သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွလာရင် လောင်းလှူပေးပါ၊ ရန်ကုန်က ပို့လိုက်တာပါ" လို့ မှာသွားတယ်။ အဲဒီလူကို မောင်ထွန်းရှိန်တို့က မသိဘူး၊ မှာတဲ့အတိုင်း လှူဖွယ်ဝတ္ထုများကို သပိတ်အိုင်ဆရာတော်အား လောင်းလှူလိုက်တယ်။ ဒါကြောင့် ဆရာတော်ရတယ်လို့ ဆိုတာပါပဲ။

တစ်နေ့မှာ ဒကာတစ်ဦးက ဆရာတော်ကျောင်းဆီသို့ လာပြီး စားသောက်ဖွယ်များ လှူတယ်။

"လမ်းခုလတ်က လူတစ်ယောက်ကလဲ ဒီစားသောက်ဖွယ်တွေကို တစ်ဆင့်လှူလိုက်ပါတယ်ဘုရား"

"မင်း အဲဒီလူရဲ့နာမည်ကို မေးကြည့်သေးလား၊ သူ့မျက်နှာကို မြင်ရင် မှတ်မိအောင် သတိထားပြီးကြည့်လိုက်သေးလား"

"မမေးလိုက်မိဘူး၊ မကြည့်လိုက်မိဘူး"

"နောက်မှတ်ထား...အဲဒီလူမျိုးကို သေသေချာချာ ကြည့်၊ မျက်တောင်မခတ်ဘူးကွဲ့"

ဆရာတော်ရဲ့သီလက အင်မတန်စင်ကြယ်လို့ နတ်တွေက ဆရာတော်ဟာ ကိလေသာချုပ်ငြိမ်းတဲ့ ရဟန္တာဖြစ်နေပြီလို့ ထင်မှတ်ကြတယ်။ ဆရာတော်က 'ပျားရည်လိုတယ်'၊ 'သကာန်း လိုတယ်' စသည်ဖြင့် တစ်စုံတစ်ရာကို အလိုဆန္ဒရှိလိုက်ရင် စိတ်

အကြံကိုသိတဲ့နတ်တွေက စေ့ဆော်လို့ ဆရာတော်အား လှူမယ့် ဒကာများ မကြာခင် ပေါ်ပေါက်လာကြတယ်။

ဒီအကြောင်းကို ရိပ်မိလို့ ဆရာတော်က စိတ်အကြံမဖြစ်မိအောင် သတိထားပြီး သိတင်းသုံးတော်မူရတယ်။ သီလ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တို့ အလိုရှိတိုင်းပြည့်စုံတယ်ဆိုတာ သီလတန်ခိုးကြောင့်ရော၊ နတ်တွေ ကူညီဆောင်ရွက်ပေးတဲ့အတွက်ကြောင့်ရော ဖြစ်ပါလိမ့်မယ်။

သပိတ်အိုင်တောရဆရာတော်ဘုရားရဲ့ အကြောင်းစုံကိုဆရာတော်ရဲ့ ထေရုပ္ပတ္တိစာအုပ်မှာရော၊ ဦးဌေးလှိုင်ရဲ့ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်မှာရော ဖတ်ရှုနိုင်ကြပါတယ်။

## ဈာန်ပျံရဟန်းများအကြောင်း

အမှန်က ဈာန်ရရုံနဲ့ ကောင်းကင်မပျံနိုင်ဘူး၊ ဈာန်သမာပတ်ရှစ်ပါးလုံးရအောင် အားထုတ်ပြီးနောက် စိတ်ရဲ့စွမ်းရည်သတ္တိထက်မြက်လာအောင် ဈာန်တွေကို ကောင်းစွာလေ့ကျင့်ရတယ်။ စိတ်တန်ခိုးရှိလာပြီးတော့ ဣဒ္ဓိဝိဒအဘိညာဉ်ကို ရမှ ကောင်းကင်မှာ ပျံနိုင်တယ်၊ ရေပေါ်မှာလည်း လမ်းလျှောက်နိုင်တာပေါ့။

ဈာန်ရဖို့နဲ့ အဘိညာန်တန်ခိုးရဖို့ လေ့ကျင့်နည်းများကို ဗုဒ္ဓကျမ်းစာတွေမှာ ဖော်ပြထားပါတယ်။ အတိတ်ဘဝတွေတုန်းက ဈာန်အဘိညာဉ်ရခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေဟာ နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တာနဲ့တစ်ပြိုင်နက် အဘိညာဉ်တန်ခိုးတွေကိုပါ ရရှိလာကြတော့တယ်။

အဲဒီတော့ ကောင်းကင်ပျံနိုင်တိုင်းလည်း ရဟန္တာမဟုတ်ဘူး၊ ရဟန္တာတိုင်းကလည်း ကောင်းကင်မပျံနိုင်ဘူး။ ဣဒ္ဓိဝိဒ အဘိ

ညာဉ် ရတဲ့ ပုဂ္ဂိုလ်တွေက မြေလျှိုး မိုးပျံနိုင်ကြတယ်။ ဝိဇ္ဇာမိုရ် – ဂန္ဓာရီလမ်းစဉ်နဲ့ ကောင်းကင်ပျံနိုင်တာတွေလည်း ရှိကြတယ်။

မြတ်ဗုဒ္ဓသာသနာမှာ ကောင်းကင်ပျံနိုင်တဲ့ ရဟန္တာများဟာ ကုဋေပေါင်း မြောက်မြားစွာ ပေါ်ပေါက်ခဲ့ပါတယ်။ အမရပူရ နေပြည်တော် ဘိုးတော်မင်းတရားကြီးလက်ထက်မှာ မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံပြုစုတဲ့ 'သာသနာလင်္ကာရစာတမ်း' မှာ ဒီလိုရေးထားတယ်။

> *"ချာန်အဘိညာဉ်တန်ခိုးရှိသော ရဟန်းမွန် ရဟန်းမြတ်တို့ လူးလာခေါက်ပြန် ကောင်းကင် အပျံအသွားများသောကြောင့် အစဉ်တစိုက် နေရောင်နေ ရှိန် မရ၍ စပါးလှန်းသော်မှ မသွေ့တတ်ခဲ့ရကား စပါးထောင်းမိန်းမတို့ အောင့်အဲကြရအောင်ပင် သာသနာတော် စည်ပင် ထွန်းလင်းသည်။"*

သာသနာတော်နှစ် ၃၇၂ ခုနှစ်မှာ သီဟိုဠ်ကျွန်းမှာ ဒုဋ္ဌဂါမဏိ မင်းကြီး ဒါယကာပြုပြီး မဟာစေတီတော်ကြီးကို တည်ဆောက်ကြတယ်။ စေတီတော်ကို ပန္နက်ချတဲ့အချိန်ကစပြီး ကမ္ဘာ့အရပ်ရပ်မှ အရိယာသူတော်ကောင်းကြီးများ ၉၆ ကုဋေတို့က ကောင်းကင် ခရီးဖြင့် ကြွလာချီးမြှောက်တော်မူကြတယ်လို့ ဆိုပါတယ်။

သထုံပြည် ကေလာသကျောင်းတိုက်ကြီးမှ သူရိယဂုတ္တမထေရ်ကြီး ဦးဆောင်ပြီး ရဟန္တာ ၉၆,၀၀၀ တို့က မဟာစေတီ တည်ဆောက်ပွဲသို့ ကြွရောက်တော်မူကြတယ်လို့ မဟာဝံသ (၂၉၊ ၄၃) မှာ ဖော်ပြထားတယ်။

တောင်တန်းသာသနာပြု **ဆရာတော်ဦးဥတ္တမသာရ**က ရှော့ဘိ နယ်အတွင်းရှိ တကောင်းမြို့ပေါင်းနယ်၊ ဟန်လင်းကြီးမြို့ ပေါင်းနယ်၊ ဒီပဲယင်းကိုးသန်းနယ်တို့မှ ရဟန္တာဓာတ်တော် များကို အများအပြားတွေ့ရကြောင်း၊ သထုံမြို့နှင့် သုံးမိုင် ကွာ ဝေးတဲ့ ရဟန္တာကုန်းမှာလည်း ရဟန္တာဓာတ်တော်များ ရှိကြောင်း၊ ဒီ ရဟန္တာဓာတ်တော်များကို ထောက်ချင့်ပြီး မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ရဟန္တာများ မဆိတ်သုဉ်းခဲ့ဘူးလို့ မိန့်တော် မူပါတယ်။

"ယခုအခါ ဈာန်ပျံနိုင်တဲ့ရဟန္တာရှိသလား၊ ရှိရင် ပြစမ်းပါ" လို့ မေးမြန်းသူတို့အတွက် ထင်ရှားတဲ့ဖြစ်ရပ်တစ်ခုကတော့...

၁၉၈၇ ခုနှစ်၊ မေလ ၂၈ ရက်၊ နံနက် ၁၁ နာရီ ၅ မိနစ်အချိန် မှာ လူ ၁၀၀ ကျော်တို့က ကောင်းကင်ထက်မှာပျံကြွသွားတဲ့ရဟန်း တော်တစ်ပါးကို ၁၈ မိနစ်ကြာအောင် အားရပါးရဖူးတွေ့လိုက် ရတဲ့ ဖြစ်ရပ်ဆန်းပါပဲ။

ဖူးတွေ့ရတဲ့နေရာက မြဝတီနဲ့ ကော့ကရိတ်မြို့နှစ်မြို့အကြား ရှိ ဒေါနတောင်ထိပ်အလယ် ဘိုတဲစခန်းဖြစ်ပါတယ်။

ဖူးတွေ့ခဲ့ကြရတဲ့ ခရီးသည်များက မော်လမြိုင်မြို့ပေါ်သို့ ရောက်လာကြတဲ့အခါ အဲဒီသတင်းထူးဟာ တစ်မြို့လုံး ပျံ့နှံ့သွား တယ်။ ဈာန်ပျံမထေရ်ကို မျက်မြင်ဖူးတွေ့ခဲ့ကြရတဲ့ ဒေါ်ကျင်ညွန့် (၄၂ နှစ်)၊ ဒေါ်အုန်း (၄၀ နှစ်) နဲ့ မောင်ထွန်းဦး (၁၇ နှစ်) တို့ကို ကျွန်တော်တွေ့ဆုံမေးမြန်းပြီး မဂ္ဂဇင်းတစ်စောင်မှာ ဆောင်း ပါးရေးသားခဲ့ပါတယ်။

တခြားပုဂ္ဂိုလ်များနဲ့ ကိုယ်တိုင်မြင်တွေ့ခဲ့ကြရတဲ့ ကာယကံရှင်များကလည်း မြတ်မင်္ဂလာ၊ ရတနာမွန် စတဲ့ မဂ္ဂဇင်းများမှာ ဆောင်းပါးများ ဆက်လက်ရေးသားကြပါတယ်။

ဖူးတွေ့ပုံက ဒီလိုပါ၊ ဒေါနတောင်ထိပ်အလယ် ဘိုတဲစခန်းမှာ လော်ရီကားနှစ်စီးက ခရီးသည် ၁၀၀ လောက်နဲ့ တာဝန်ကျ တပ်မတော်သားများဟာ နံနက်စာ စားသောက်ပြီး အနားယူနေကြတယ်။ ဈာန်ပျံရဟန်းကို စတင်မြင်တွေ့တဲ့သူတို့က ...

"ဟော့ ... ဘုရား ... ဘုရား" လို့ အော်လိုက်တာကို တပ်မတော်သားတို့က "ဟဲ့ ... ကျား ... ကျား" လို့ ကြားမိလို့ သေနတ်တွေကို ဆွဲကိုင်ပြီး ပြေးထွက်လာကြတယ်။

"ဘယ်မှာလဲ ကျား ... ကျား"

"ကျားမဟုတ်ဘူး၊ ဈာန်ပျံရဟန်းဗျို့၊ ရှိခိုးကြ"

ဒါနဲ့ လူတွေအားလုံး စုလာပြီးတော့ ရှိခိုးဦးချကြတယ်။ ဘာသာခြား ဗိုလ်ကြီးကလည်း မြေပေါ် ဒူးတုပ်ကာ ဦးချလိုက်တယ်။

"ဈာန်ပျံမထေရ်က အလယ်ဘိုတဲစခန်းရဲ့ အရှေ့မြောက်အရပ်မှာရှိတဲ့ တရုတ်ဖြူတောင်ထိပ်က စပေါ်လာတယ်၊ မထေရ်က ဣန္ဒြေရရ ခြေစုံရပ်ပြီး ပျံကြွသွားတာ၊ လက်တစ်ဖက်မှာ သပိတ် ပိုက်ထားပြီး အခြားလက်တစ်ဖက်မှာ ယပ်ကိုင်ထားတယ်၊ ရွှေရောင်သင်္ကန်းက နေရောင်မှာဝင်းလက်နေတာပဲ၊ ဖြည်းဖြည်း ရွေ့လျားတာ ၁၈ မိနစ်ကြာတယ်၊ နောက်ဆုံးမှာ ဘိုတဲစခန်းရဲ့ အရှေ့တောင်ဘက်ရှိသံပရာတောင်ဘက်ကို ကြွသွားပြီး ပျောက်ကွယ်သွားတယ်။

ဖူးမြင်ကြရတဲ့လူအပေါင်းက အလွန်ကြည်နူးဝမ်းမြောက်ကြ

ပြီးတော့ သာသနာတော်ကို လေးလေးနက်နက် သက်ဝင်ယုံကြည်လာပါတယ်။

ကျွန်တော်ဒါတွေကို ပြောပြတာက ဗုဒ္ဓသာသနာတော်ဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတို့က တကယ်ဘုန်းတန်ခိုးကြီးမားပြီး အားကိုးအားထားပြုထိုက်တယ်ဆိုတာကို ထင်ရှားစေချင်လို့ပါပဲ။ အမှန်က ဗုဒ္ဓမြတ်စွာဟာ တန်ခိုးပြာဋိဟာပြတာတွေကို နှစ်သက်တော်မမူဘူး၊ တရားတော်ကို လက်တွေ့ကျင့်ကြံပြီး တကယ်ငြိမ်းချမ်းမှုရှိသွားတာကိုသာ အလိုရှိတော်မူတယ်။

## ရဟန်းတော်များ တန်ခိုးမပြရ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှာ မြတ်ဗုဒ္ဓပွင့်ပေါ်တဲ့အချိန်မှာ ဘုရားလို့ အမည်ခံထားကြတဲ့ တိတ္ထိဂိုဏ်းဆရာကြီး ခြောက်ဦးရှိတယ်။ မက္ခလိဂေါသာလ၊ ပူရဏကဿပ၊ အဇိတကေသာ၊ ကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌိပုတ္တနဲ့ နိဂဏ္ဌနာဋပုတ္တတို့ ဖြစ်ကြတယ်။

ရာဇဂြိုဟ်သူဌေးတစ်ဦးက ဘုရားစစ်နဲ့ ဘုရားတုကို မခွဲခြားနိုင်လို့ စန္ဒကူးသပိတ်ကို ဝါးပိုးလုံးအဆက်ဆက်ရဲ့ ထိပ်ဖျားမှာ ချည်ထားတယ်။ အဲဒီသပိတ်ယူနိုင်တဲ့သူကို သူ့မိသားစုက ဘုရားအစစ်အဖြစ် ကိုးကွယ်မယ်လို့ ကြေညာလိုက်တယ်။

တိတ္ထိဆရာကြီးတို့က စန္ဒကူးသပိတ်ကို အင်မတန်လိုချင်ကြတယ်၊ သူတို့က အဘိညာဉ်တန်ခိုးနဲ့ ပျံတက်မယ့်ဟန် ပြုလိုက်၊ တပည့်များက ဝိုင်းဆွဲထားလိုက်၊ ဘာမှအဖိုးမတန်တဲ့ စန္ဒကူး

သပိတ်အတွက် တန်ခိုးမပြပါရစေနဲ့တဲ့၊ သပိတ်ကို သူတို့အား အသာတကြည်ပေးပါလို့ သူဌေးကို ချော့မော့ကြတယ်၊ သူဌေးက လိုချင်ရင် တက်ယူလို့ ရှင်းရှင်းပဲ ပြောလိုက်တယ်။

ဒါနဲ့ ခုနစ်ရက်ပြည့်တော့မယ်၊ တိတ္ထိတွေက သပိတ်ကို မယူနိုင်ကြဘူး။ အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလတို့က ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဖို့ မြို့ပြင်ကျောက်ဖျာကြီးထက်မှာ သင်္ကန်းရုံနေကြတယ်။ အဲဒီအခါ ကာလသားတို့အချင်းချင်း ဝေဖန်ပြောတဲ့စကားကို မထေရ်နှစ်ပါး ကြားကြရတယ်။

"လောကမှာ သူဘုရား ငါဘုရားနဲ့ အလကားကြွားဝါနေကြတာ၊ ရာဇဂြိုဟ်သူဌေးရဲ့ စန္ဒကူးသပိတ်ကို ဘယ်သူမှ မယူနိုင်ကြဘူး၊ လောကမှာ ဘုရားမရှိပါဘူးကွာ"

အရှင်မဟာမောဂ္ဂလာန်က ပိဏ္ဍောလမထေရ်အား စန္ဒကူးသပိတ်ကို ယူဖို့တိုက်တွန်းတယ်။ မထေရ်က ရေမကျောက်ဖျာကြီးကို ခြေမနဲ့ အသာညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ်ကို သုံးပတ် ပတ်ပြတယ်။ ဒါ အဘိညာဉ်တန်ခိုးပဲ။ ရာဇဂြိုဟ်ပြည်သားတွေက ကျောက်ဖျာကြီးက သူတို့ခေါင်းပေါ် ကျလာမှာကို စိုးရွံ့ ထိတ်လန့်ကြလို့ မထေရ်ကို တောင်းပန်ကြတယ်။ မထေရ်က ခြေမနဲ့ ကျောက်ဖျာကို အသာတွန်းထုတ်လိုက်တာ ကျောက်ဖျာဟာ မူလနေရာကို ကျရောက်သွားတယ်။ မထေရ်က ကောင်းကင်ထက်မှာ တည်နေတယ်။

ရာဇဂြိုဟ်သူဌေးက အလွန်ကြည်ညိုသွားပြီး ပိဏ္ဍောလမထေရ်ကို ဆင်းသက်ရန်ပန်ကြားတယ်။ သူဌေးက စန္ဒကူးသပိတ်ကို ချစေပြီး မွန်မြတ်တဲ့ဆွမ်းအပြည့်ထည့်ကာ မထေရ်အား ဆက်

ကပ်လိုက်တယ်။ သူဌေးက သူ့မိသားစုနဲ့အတူ မြတ်ဗုဒ္ဓရဲ့ဥပါသကာအဖြစ်ကို ခံယူလိုက်တယ်။

ကျွန်တော်တို့က ပိဏ္ဍောလမထေရ်အောင်ပွဲခံလိုက်ရတယ်လို့ ထင်မိကြလိမ့်မယ်၊ မဟုတ်ဘူး၊ ဝေဠုဝန်ကျောင်းတော်သို့ မထေရ်ပြန်ကြွတဲ့အခါ လူစုလူဝေးကြီးက မထေရ်နောက်ကိုလိုက်လာပြီး "တန်ခိုးပြာဋိဟာပြပါဦး"လို့ တောင်းပန်ကြတယ်၊ ဆူညံလာကြတယ်။ လူတွေက တရားကို စိတ်မဝင်စားဘူး၊ တန်ခိုးမှာသာ စိတ်ဝင်စားကြတယ်။ တန်ခိုးက လူတွေကို နိဗ္ဗာန်မရောက်စေနိုင်ဘူး၊ တရားတော်ကသာ ရောက်စေနိုင်တယ်။

မြတ်ဗုဒ္ဓက ပိဏ္ဍောလမထေရ်ကို အပြစ်တင်ရှုတ်ချတော်မူတယ်၊ "ရဟန်းများ တန်ခိုးပြာဋိဟာမပြရ"လို့လည်း သိက္ခာပုဒ်ပညတ်တော်မူတယ်။ ဂန္ဓာရီမန္တန်စတဲ့ ပဥ္စလက်အတတ်ပညာနဲ့လည်း တန်ခိုးပြနိုင်တော့ တန်ခိုးပြတိုင်း တရားအစစ်မဟုတ်ဘူး ဆိုတာကို ဗုဒ္ဓမြတ်စွာက သိမြင်စေချင်လို့ပါပဲ။

## တရားအတုက အစစ်ဆေးမခံနိုင်

နာဠန္ဒမြို့ သူဌေးကြီး ပါဝါရိကာရဲ့ သရက်ဥယျာဉ်မှာ မြတ်ဗုဒ္ဓ သီတင်းသုံးနေခိုက်မှာ **နိဂဏ္ဌနာဋပုတ္တ**ရဲ့ တပည့် **ဒီဃတပဿီ**က ဗုဒ္ဓနဲ့ ဝင်ဆွေးနွေးတယ်။

နိဂဏ္ဌနာဋပုတ္တက ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်လို့ ဒဏ်သုံးပါး သတ်မှတ်ကြောင်း၊ မကောင်းမှုပြုလုပ်ရာမှာ ကာယဒဏ်က အပြစ်အကြီးဆုံးလို့ သတ်မှတ်ကြောင်း တင်ပြတယ်။

ဗုဒ္ဓမြတ်စွာက ကာယကံ၊ ဝစီကံ၊ မနောကံလို့ ကံသုံးပါး

သတ်မှတ်ကြောင်း၊ မကောင်းမှုပြုရာမှာ မနောကံက အပြစ်အကြီးဆုံးလို့ သတ်မှတ်ကြောင်း ပြန်မိန့်ကြားတယ်။

ဒီဃတပဿီက သူ့ဆရာထံ ပြန်ပြီး ဗုဒ္ဓနဲ့ ရေရေလည်လည် စကားဆိုခဲ့ရတဲ့အကြောင်းနဲ့ စကားဆိုခဲ့ရပုံကို ပြန်ပြောတော့ ဆရာကြီးက 'ဆရာကောင်းတပည့် ပီသပါတယ်' လို့ ချီးကျူးတယ်။

ဒီလိုချီးကျူးတာကို နိဂဏ္ဌနာဋပုတ္တရဲ့ တပည့်တစ်ဦးဖြစ်တဲ့ **ဥပါလိသူကြွယ်**က အားကျလို့ သူပါ ရဟန်းဂေါတမကို သွားအပြစ်တင်မယ်လို့ ပြောတယ်။ ဆရာကြီးက ခွင့်ပြုတယ်၊ ဒီဃတပဿီက တားတယ်၊ ရဟန်းဂေါတမက လူတွေကို စိတ်ညှို့အတတ်နဲ့ သူ့တပည့်ဖြစ်အောင် လှည့်ပတ်ယူတတ်တယ်လို့ ဒီဃတပဿီက သတိပေးတယ်။

"ငါ့တပည့် မစိုးရိမ်နဲ့၊ ဥပါလိသူကြွယ်ဟာ ရဟန်းဂေါတမရဲ့ တပည့်ဖြစ်စရာအကြောင်းမရှိဘူး၊ ရဟန်းဂေါတမကသာ ဥပါလိရဲ့တပည့်ဖြစ်လာပါလိမ့်မယ်လို့ နိဂဏ္ဌနာဋပုတ္တက ဆိုတယ်"

ဥပါလိသူကြွယ် ဘုရားထံရောက်တော့ ဒီဃတပဿီ ဘာဆွေးနွေးသွားပါသလဲလို့ မေးတယ်။

"ဒီဃတပဿီလာပြီး ဒဏ်သုံးပါးအကြောင်း ပြောသွားတယ်၊ မနောဒဏ်က သာမန်မျှဖြစ်ပြီး ကာယဒဏ်က အရေးအကြီးဆုံးလို့ ပြောသွားတယ်"

"ဒါ သိပ်မှန်တာပေါ့၊ ဒီစကားဟာ ယုံမှားဖွယ်မရှိအောင် ထင်ရှားနေတာ"

"သူကြွယ်...ငါဥပမာတစ်ခု ပြောပါရစေ၊ သင်တို့ရဲ့ ဂိုဏ်းဆရာတစ်ဦးဟာ အပြင်းဖျားနေတယ်၊ သိပ်ပင်ပန်းပြီး ရေငတ်နေတယ်ဆိုပါတော့၊ သင်တို့ဂိုဏ်းက ရေအေးကိုမသောက်ရဘူး၊ ရေနွေးကိုသာသုံးဆောင်ရမယ်လို့ ပညတ်ထားတယ်၊ အဲဒီ ဖျားနာသူက ရေဆာလျက် ရေနွေးမရလို့ သေသွားရင် ဘယ်ဘုံမှာဖြစ်မယ်လို့ သင်တို့ဆရာ ပညတ်သလဲ"

"စိတ်စွဲလမ်းပြီး သေတဲ့အတွက်ကြောင့် စိတ်စွဲလမ်းပြီးဖြစ်တဲ့ နတ်မျိုးမှာဖြစ်မယ်လို့ ပညတ်ပါတယ်"

"သူကြွယ်...စဉ်းစားပြီးဖြေနော်၊ သင့်အဖြေက မနောဒဏ်အရေးကြီးတယ်လို့ ဖြေရာရောက်နေတယ်၊ သင့်ရဲ့ ရှေ့စကားနဲ့နောက်စကား ညီညွတ်ရင်ကောင်းမယ်"

"အရှင်ဘုရား...ဘာပဲဖြစ်ဖြစ် မကောင်းမှုပြုရာမှာ ကာယဒဏ်ကသာ အပြစ်အကြီးဆုံးဖြစ်ပါတယ်"

"သူကြွယ်...သင်တို့ရဲ့ဆရာတစ်ဦးက မြေပြင်ပေါ်မှာ လမ်းလျှောက်သွားတယ်၊ ပိုးမွှားသတ္တဝါတွေကို နင်းမိလို့ ပိုးမွှားတွေသေကြတယ်၊ အဲဒီဆရာဟာ ဘယ်အပြစ်သင့်တယ်လို့ သင်တို့ဆရာကြီး နာဋပုတ္တက ပညတ်သလဲ"

"အရှင်ဘုရား...စေ့ဆော်ခြင်းစေတနာမရှိလို့ ကြီးကျယ်တဲ့အပြစ် မသင့်ပါ"

"ကောင်းပြီ သူကြွယ်၊ အကယ်၍ စေ့ဆော်တဲ့စေတနာ ရှိရင်ကော"

"အရှင်ဘုရား...စေတနာရှိရင် အပြစ်ကြီးပါတယ်"

"သူကြွယ် ...သင်တို့ဆရာကြီးက စေ့ဆော်တဲ့စေတနာကို ဘယ်ဒဏ်လို့ ပညတ်သလဲ"

"အရှင်ဘုရား ...မနောဒဏ်လို့ သတ်မှတ်ပါတယ်"

"သူကြွယ် ...သင့်အဖြေဟာ မနောဒဏ်က ပိုအရေးကြီးတယ်လို့ ဆိုရာမရောက်ဘူးလား၊ သင့်ရဲ့ရှေ့စကားနဲ့ နောက်စကား ညီညွတ်ရင် ကောင်းမယ်နော်"

"ဘာပဲဖြစ်ဖြစ် မကောင်းမှုပြုရာမှာ ကာယဒဏ်က အပြစ်အကြီးဆုံးပါ၊ ဝစီဒဏ် မနောဒဏ်တို့က မပြောပလောက်ဘူး"

"သူကြွယ်...သင့်ကိုငါထပ်မေးပရစေ၊ ဒီနာဠန္ဒမြို့မှာလူတွေ အများကြီးရှိတယ်၊ အကယ်လို့ ယောကျ်ားတစ်ယောက်က ဓားထမ်းလာပြီးတော့ 'နာဠန္ဒမြို့သားတွေကို ယခုချက်ချင်း အကုန်သတ်ပစ်မယ်၊ အရိုးပုံ အသားပုံဖြစ်စေမယ်"လို့ သူကြုံးဝါးတယ် ဆိုပါတော့။ သူကြုံးဝါးတဲ့အတိုင်း သူပြုလုပ်နိုင်မလား"

"မပြုလုပ်နိုင်ပါ၊ ယောကျ်ားဆယ်ယောက်လာပြီး ခုတ်ရင်တောင် နာဠန္ဒမြို့သားတွေကို တစ်ခဏချင်းနဲ့ အရိုးပုံ အသားပုံ မဖြစ်စေနိုင်ပါ"

"သူကြွယ်...စိတ်တန်ခိုးရှိကြတဲ့ ရသေ့, သာမဏ, ဗြဟ္မဏတို့ရဲ့အကြောင်းကို သင်ကြားဖူးတယ်မဟုတ်လား၊ အဲဒီစိတ်တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီနာဠန္ဒမြို့ကို တစ်ခဏချင်း ပြာဖြစ်သွားအောင် လုပ်မယ်လို့ ပြောကြားရင် သူပြောတဲ့အတိုင်း လုပ်နိုင်မလား"

"အရှင်ဘုရား...လုပ်နိုင်ပါတယ်၊ နာဠန္ဒမြို့တစ်မြို့တည်း

ကိုသာမက ဆယ်မြို့ကိုတောင် တစ်ခဏချင်းပြာကျအောင် လုပ်နိုင်လိမ့်မယ်”

“သူကြွယ် ...စဉ်းစားပြီးဖြေပါ၊ သင့်ရဲ့ရှေ့စကားနဲ့ နောက်စကားက မစပ်ဟပ်မိဘူး”

“အရှင်ဘုရားပြောတာ မှန်ပါတယ်၊ အရှင်ဘုရားရဲ့ ပထမဥပမာစကားဖြင့်ပင် အရှင်ဘုရားရဲ့တရားသဘောကို တပည့်တော် နားလည်ခဲ့ပါပြီ၊ နောက်ထပ်ဥပမာစကားများ ကြားနာရအောင်လို့ ထပ်မေးနေခြင်းဖြစ်ပါတယ်။ နိဂဏ္ဌနာဋပုတ္တရဲ့ တရားဟာ ပညာရှိတို့ အစစ်အဆေးမခံနိုင်ဘူး။

“အရှင်ဘုရားရဲ့ တရားတော်ဟာ ဖုံးအုပ်ထားတဲ့ အရာဝတ္ထုကို လှန်ပြလိုက်သလို၊ မျက်စိလည်သူကို လမ်းညွှန်ပြလိုက်သလို အမှောင်ထဲမှာ ဆီမီးတန်ဆောင်ကို ထွန်းညှိလိုက်သလို နှစ်သက်ဝမ်းမြောက်ဖွယ် ရှိလှပါပေတယ်၊ တပည့်တော်ကို ဥပါသကာ တပည့်ရင်းအဖြစ် အသိအမှတ်ပြုတော်မူပါဘုရား”

## အတုက အစစ်ကို မယှဉ်နိုင်

တစ်ခါက ရွာတစ်ရွာမှာ မောင်ဖြူနဲ့ မောင်ညို သူငယ်ချင်း နှစ်ယောက် ရှိတယ်။ မောင်ဖြူသေတော့ ရွာထိပ်က ကျွန်းပင်ကြီးမှာ နတ်ဖြစ်တယ်။ ဒါပေမဲ့ သူ့အရင် ရောက်နှင့်တဲ့ နတ်တစ်ပါးနဲ့ ဘုံလုကြရတယ်။

မောင်ဖြူနတ်က မောင်ညိုကို အိပ်မက်ပေးတယ်။

“သူငယ်ချင်း ...မနက်ဖြန်နံနက် ကြက်တစ်ကောင်နဲ့ အရက်တစ်ပုလင်း ဝယ်ပြီး ရွာထိပ်က ကျွန်းပင်ကြီးမှာ လာပူဇော်ပေးသပါ၊ မင်းတို့ ဘိုးဘွားလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့

မောင်ဖြူနတ်ကို ပူဇော်ပသပါတယ်လို့ မင်းကျယ်ကျယ်ရွတ်ဆိုကွာ၊ အဲသလိုလုပ်ရင် ငါနဲ့ ဘုံလုနေတဲ့နတ်ကို ငါနိုင်မယ်၊ ငါနိုင်ရင် မင်းကို စောင်မပါ့မယ်ကွာ”

မောင်ညိုက မောင်ဖြူပြောတဲ့အတိုင်း ပူဇော်ပသတော့ မောင်ဖြူနတ်ဟာ မောင်ညိုတို့ရဲ့ ဘိုးဘွားလက်ထက်ကတည်းက ဒီအပင်ကြီးမှာ စိုးစံခဲ့တယ်လို့ သက်သေထူရာရောက်သွားတယ်။ ဒါကြောင့် မောင်ဖြူနတ်က အနိုင်ရပြီး ကျွန်းပင်ကြီးမှာ တစ်ဦးတည်း စံစားခွင့်ရသွားတယ်။ ဒါပေမဲ့ မောင်ညိုကို မ,စဖို့ သူမေ့နေတယ်။

မောင်ညိုက နှစ်ရက် သုံးရက် စောင့်ကြည့်ပြီး မထူးတော့ ပုဆိန်နဲ့ ကျွန်းပင်ကြီးရဲ့ အရင်းကို ခုတ်တယ်။ မောင်ဖြူနတ်က ကုလားထိုင်လှုပ်သွားတော့ မြေပြင်ဆင်းလာပြီး တောင်းပန်တယ်။

“သူငယ်ချင်းရာ…ငါမင်းကို မ,စပါမယ်ကွာ၊ မင်း ငွေတစ်ထောင် ရှာပြီး မြင်းလောင်းကွာ၊ ငါက မြင်းလိုဖန်ဆင်းပြီး နိုင်အောင် ပြေးပေးမယ်”

ဒါနဲ့ မောင်ညိုက ပစ္စည်းတွေကို ထုရောင်းပြီး မြင်းလောင်းတယ်။ မောင်ဖြူနတ်က မြင်းယောင်ဆောင်ပြီး ဝင်ပြေးတယ်၊ တာစလွှတ်တော့ မောင်ဖြူမြင်းဟာ ရှေ့ဆုံးက ပြေးနေတယ်။ မောင်ညိုက သိပ်အားရနေတာပေါ့၊ ဒါပေမဲ့ တာတစ်ဝက်ကျော်လာတော့ တခြားမြင်းတွေက မောင်ဖြူမြင်းကို တဖြည်းဖြည်း ကျော်တက်သွားတယ်။ ဒါကြောင့် မောင်ညို ငွေရှုံးရော။

မောင်ညိုက စိတ်ဆိုးပြီး ကျွန်းပင်ကြီးကို ပုဆိန်နဲ့ ခုတ်တယ်၊ မောင်ဖြူနတ်က တောင်းပန်တယ်။

"သူငယ်ချင်းရာ...ငါကြိုးစားပြေးတာပဲကွာ၊ ငါက မြင်းအတု မဟုတ်လား၊ ကြာတော့ မြင်းအစစ်ကို မယှဉ်နိုင်ဘူးပေါ့၊ ငါမင်း ကျေးဇူးကိုဆပ်ပါ့မယ်၊ ငါ ဆင်ပြောင်ကြီးဖန်ဆင်းပေးမယ်၊ မင်း ငွေ ၂၀၀၀ ကျပ်နဲ့ ရောင်းကွာ"

ဒါနဲ့ မောင်ဖြူနတ်က ဆင်ပြောင်ကြီးဖြစ်အောင် ဖန်ဆင်း လိုက်တယ်။ မောင်ညိုက ဆင်ကိုစီးပြီး ရွာတွေမှာ လိုက်ရောင်း တော့ လူတစ်ယောက်က ၂၀၀၀ ကျပ်နဲ့ ဝယ်လိုက်တယ်။

ဆင်ဝယ်လိုက်တဲ့လူက ဝမ်းမြောက်ဝမ်းသာနဲ့ ဆင်ကိုစီးပြီး သူ့အိမ်ပြန်တာ လမ်းတစ်ဝက်လောက် ရောက်တော့ ဖြုတ်ဆို ဆင်ကြီးကနေ ကျွဲကြီးဖြစ်သွားတယ်။ 'တော်သေးရဲ့၊ ငါ ကျွဲ တစ်ကောင် ရသေးတယ်' ဆိုပြီး ဆက်စီးသွားတာ ခဏလေး ကြာ တော့ ဖြုတ်ဆို ကျွဲကြီးက ဝက်ကြီးဖြစ်သွားတယ်၊ ဟိုလူလဲ ဝက် ကြီးကို မောင်းပြီး ဆက်သွားတော့ အိမ်ခြံဝင်းလဲ ရောက်ရော ဖြုတ်ဆို ဝက်ကြီးကနေ ကြွက်ကြီးဖြစ်ပြီး ထွက်ပြေးသွားပါလေ ရော။

ဆင်အတုကြီးကိုး၊ ဘယ်ကြာကြာခံပါ့မလဲ။

ဒါကြောင့် အတုကိုရှောင်ပြီး အစစ်ကို ဆောင်ကြ။

## သရဏဂုံညှိုးခြင်း ပျက်ခြင်း

မိမိဆောက်တည်ထားတဲ့ သရဏဂုံကို ညစ်နွမ်းညှိုးရော်စေ တဲ့ အကြောင်းလေးမျိုးရှိတယ်။

၁။ ရတနာသုံးပါးရဲ့ဂုဏ်များကို မသိခြင်း၊

၂။ ရတနာသုံးပါးရဲ့ ဂုဏ်များကို အသိမှားခြင်း၊

၃။ ရတနာသုံးပါးကို ယုံမှားသံသယရှိခြင်း၊

၄။ ရတနာသုံးပါးကို မရိုသေမလေးစားခြင်း။

သရဏဂုံညစ်နွမ်းရင် ကြီးကျယ်တဲ့ဖွံ့ဖြိုးတဲ့ကောင်းကျိုးများကို မရနိုင်ဘူး။ (ဒီ၊ ၄၊ ၁၊ ၂၀၉)

သရဏဂုံပျက်စီးခြင်းအကြောင်းနှစ်မျိုးရှိတယ်။

၁။ တခြားဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်ခြင်း၊

၂။ သေခြင်း၊

တို့ဖြစ်ကြတယ်။

အယူဝါဒ ပြောင်းလဲလိုက်လို့ သရဏဂုံပျက်ရင် ဒိဋ္ဌိ, တဏှာ စတဲ့ကိလေသာတွေတိုးပွားလို့အပြစ်များတယ်။ သေခြင်းကြောင့် သရဏဂုံပျက်ရင် အပြစ်မရှိဘူး။ (ခုဒ္ဒကပါဌ၊ ၇)

## သရဏဂုံပျက်သူရဲ့ဘဝဆိုး

ရန်ကုန်မြို့ စမ်းချောင်းက မငွေရီ၊ မိဘမဲ့ကလေး ဖြစ်လို့ အမေလှက မွေးစားထားတယ်။ အမေလှရဲ့မိသားစုက ရတနာသုံးပါးကို ကြည်ညိုလို့ မငွေရီလည်းဘုရား, တရား, သံဃာကို ကြည်ညိုတတ်သူဖြစ်လာတယ်။

မငွေရီအရွယ်ရောက်လာတော့ နေ့စဉ်ချက်ပြုတ်ဖို့ ဈေးဝယ်ရတယ်။ ဘာသာခြားအမျိုးသားတစ်ဦးက ဖွဲ့ရှိရှိနဲ့ ချစ်ကြိုးသွယ်လာလို့ မငွေရီလက်ခံလိုက်တယ်။ မကြာမီချစ်သူ ခိုးရာလိုက်ပြေးတယ်။

ချစ်စခင်စ ဇနီးမောင်နှံဘဝမှာ ကြည်နူးပျော်ပိုက်ခဲ့မိတယ်။ မကြာမီ ခင်ပွန်းက သူ့ဘာသာထဲ ဝင်ခိုင်းတယ်။ ခင်ပွန်းရဲ့ မျက်နှာကို တစ်ရွာထင်၊ ခင်ပွန်းရဲ့စကားကို အမှန်တရား ထင်

ပြီး ဗုဒ္ဓမြတ်စွာနဲ့ ဗုဒ္ဓဘာသာကို အထင်သေးကာ ပမာမခန့် ပြောဆို ပြုမူမိခဲ့တယ်။

အိမ်ထောင်သက် ကြာလာတော့ ချစ်ခင်ကြင်နာမှုတွေ ပျောက်ပျက်ပြီး ခင်ပွန်းရဲ့ နှိပ်စက်မှုကို တစ်စတစ်စ ပိုခံလာရတယ်။ ပေါက်တဲ့နဖူး မထူးတော့လို့ ကြိတ်မှိတ်ပြီး သည်းခံနေရတယ်။ သားသမီးသုံးယောက် ထွန်းကားပြီးတဲ့အချိန်မှာတော့ ဒေါ်ငွေရီကျန်းမာရေးချွတ်ယွင်းပြီး မျက်စိရောဂါဖြစ်လာတယ်။

ခင်ပွန်းက အညှာတာကင်းစွာနှိပ်စက်တဲ့အပြင်အကြော်သည်ဘဝနဲ့ တစ်နေကုန် အညှော်ခံနေရတော့ မျက်စိနှစ်ကွင်းဟာ ဖူးရောင် ကိုက်ခဲလာပြီးတော့ မှုန်ဝါးလာတော့တယ်။ ဒီအတိုင်းဆက်သွားရင် မျက်စိကွယ်တော့မယ်၊ မျက်စိကွယ်ရင် ဒေါ်ငွေရီရဲ့ဘဝဟာ ဘယ်လိုဖြစ်လာမှာကို မတွေးဝံ့တော့ဘူး။

ဒါကြောင့် ဒေါ်ငွေရီဆုံးဖြတ်လိုက်တယ်။ အငယ်ဆုံး သားငယ်ကို လက်ဆွဲပြီး လမ်းခွဲထွက်လာပါတယ်။ ဒုက္ခမျိုးစုံ ကြုံတွေ့ပြီး မျက်စိလုံးလုံးကွယ်သွားပါတယ်။ သူ့ဘဝ မတိမ်းပါးမီ သူ့ရဲ့ မိုက်ပြစ်များကို ဝန်ချတောင်းပန်ချင်တယ်။ ဒါကြောင့် အမေလှထံ သူသွားတယ်။

အမေလှက ဗုဒ္ဓရဲ့အဆုံးအမနဲ့ သဒ္ဓါသီလ ပြည့်စုံသူဖြစ်လို့ သူထင်သလို သူ့ကို မောင်းမထုတ်ပါဘူး။ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကြိုဆိုပါတယ်။ အမေလှရဲ့ ရှေ့မှာ ဒူးတုပ် ထိုင်ချပြီး ကန်တော့ပါတယ်။

"အမေ... သမီး မိုက်မှားမိခဲ့သမျှ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ"

"သမီး…ညည်းကို အမေခွင့်လွှတ်တယ်၊ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ညည်းရဲ့အပြစ်တွေကို ဝန်ချတောင်းပန်လိုက်ဦး"

ဘုရားစင်ရှေ့မှာ ဒေါ်ငွေရီဆတ်ဆတ်တုန်နေတယ်၊ ကြက်သီး တဖြန်းဖြန်းထနေတယ်၊ နောင်တစိတ်, ကြောက်ရွံ့စိတ်, သဒ္ဓါစိတ်, ပီတိစိတ်တို့ဖြင့် တုန်ယင်နေခြင်းဖြစ်တယ်။ လက်အုပ်ချီပြီး အသံမထွက်။ အမေလှက ရိပ်စားမိလို့…

"ကဲ…သမီး လိုက်ဆို၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

လို့ တိုင်ပေးတယ်။

ဒေါ်ငွေရီက ပီသအောင် ကြိုးစားလိုက်ဆိုတယ်။ ဒါကြောင့် သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဝင်ပြန်ဖြစ်သွားတယ်။ ပြီးတော့ အမေလှဆက်တိုင်ပေးတဲ့ ငါးပါးသီလကို ဆက်ခံယူတယ်။

ရတနာသုံးပါးနဲ့ မိဘတို့ရဲ့ အရိပ်အာဝါသက အလွန်အေးမြလှပါတယ်။ ဒေါ်ငွေရီဘာမှမလုပ်ကိုင်နိုင်စေကာမူ အမေလှနဲ့ သမီးများက သူ့ကို ပြုစုစောင့်ရှောက်ထားကြတယ်။ သူ့သားငယ်ကိုပါ ကျွေးမွေးထားတယ်။ ဒေါ်ငွေရီရဲ့မျက်စိကိုပါ သမားစုံနဲ့ ကုသပေးတယ်၊ မျက်စိကိုက်ခဲဖူးရောင်တာ ပျောက်သွားပေမယ့် အလင်းကတော့ ပြန်မရပါ။

အမေလှရဲ့သမီးဖြစ်သူ ဒေါ်စိန်စိန်ရဲ့ခင်ပွန်း ဆရာဦးစိုးလင်းက တောင်ကြီးကောလိပ်က ပြန်လာတဲ့အခါ ဒေါ်ငွေရီကိုသရဏဂုံနဲ့ လက္ခဏာသုံးပါး ပေါင်းစပ်ထားတဲ့ ရှင်အရဟံပုတီးစိပ်နည်းကို စိပ်ခိုင်းတယ်။ ဒေါ်ငွေရီက ဘုရားစင်ရှေ့မှာနေပြီး တစ်နေ

ကုန်တစ်နေခန်း ပုတီးစိပ်တယ်။ တစ်နှစ်ခွဲလောက်ကြာတဲ့အခါ ထူးထူးခြားခြား မျက်စိနှစ်ကွင်း အလင်းပြန်ရရှိပါတယ်။

ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးက ထူးခြားအံ့သြဖွယ်ကောင်းပေစွ။ ဒေါ်ငွေရီရဲ့အဖြစ်ကို ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးသင်ခန်းစာယူသင့်ကြတယ်။ ဓာတ်လမ်းအကျယ်ကို မင်းသူရိန်ရဲ့ 'ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ' အတွဲ (၁) မှာ ဖတ်ရှုနိုင်ပါတယ်။

## သေပြီးရင် သရဏဂုံတင်လို့ ရသလား

'သရဏဂုံ'ဆိုတာ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်တဲ့ စိတ် ဖြစ်တယ်။ စိတ်မရှိသူမှာ သရဏဂုံမရှိတော့ အလောင်းကောင်ကို သရဏဂုံတင်လို့ မရတော့ပါ။

ဒါပေမဲ့ သေသူရဲ့ ရုပ်အလောင်းကို သံဃာများရှေ့မှာချပြီး ဆွေမျိုးများနဲ့ အသုဘရှုလာသူများက သရဏဂုံနဲ့တကွ ငါးပါးသီလကို သံဃာတော်ထံမှ ခံယူဆောက်တည်ကြတယ်။ လှူဖွယ်ဝတ္ထုများကို သံဃာတော်အား ပေးလှူတယ်။ ပြီးတော့ ရေစက်သွန်းချပြီး အမျှပေးဝေကြတယ်။ ဒါကို သရဏဂုံတင်ခြင်းလို့ ခေါ်ကြတယ်။

အမှန်က ရုပ်အလောင်းကို သရဏဂုံတင်ခြင်းမဟုတ်၊ သေသူ၏ မိဘဆွေမျိုးများနဲ့ အသုဘရှုသူ ပို့သူများကို သရဏဂုံတင်ခြင်းဖြစ်တယ်။ ဆွေမျိုးရင်းများက သောကပရိဒေဝမီး ဖိစီးနှိပ်စက်နေတဲ့အတွက် သရဏဂုံသီလ ညှိုးနွမ်းနေတတ်ကြတယ်။ အဲဒီညှိုးနွမ်းနေတဲ့ သရဏဂုံသီလကို ပြန်လည်လန်းဆန်းလာအောင် ပြုလုပ်ခြင်းဖြစ်တယ်။

သရဏဂုံသီလ ရှင်လန်းအားရှိလာပြီးမှ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေရင် ကုသိုလ်ရဲ့အဖို့ဘာဂဟာ စွမ်းအားပိုကြီးတယ်။ ဒီကုသိုလ်အဖို့ကို ယခုသေသူနဲ့ ယခင်က သေပြီးဆွေမျိုးများက ပြိတ္တာများ ဖြစ်နေကြပြီး သာဓုခေါ်နိုင်ကြရင် ကောင်းကျိုးသုခများစွာကို ရရှိခံစားနိုင်ကြတယ်။

အကယ်၍ သေလွန်သူက အနီးအနားမှာ ပြိတ္တာ, နတ် စသည်ဖြစ်နေလို့ သရဏဂုံယူနိုင်မယ်ဆိုရင်လည်း သရဏဂုံရသွားမှာဖြစ်လို့ အကျိုးကြီးမားပါတယ်။

ကွယ်လွန်သူအတွက် ကုသိုလ်ပြုအမျှပေးဝေတာကို ဆွေမျိုးများကသာ ပြုလုပ်သင့်တာ မဟုတ်ဘူး။ မိတ်ဆွေခင်ပွန်းများ၊ ခင်မင်သူများကပါ ပြုလုပ်သင့်တယ်။ ရည်ညွှန်းရင်းပုဂ္ဂိုလ် မရရင် တမလွန်မှ ဆွေမျိုးသားချင်း ပြိတ္တာတို့ ရရှိနိုင်ကြတယ်လို့ အင်္ဂုတ္တိုရ်ဇာဏုသောဏိသုတ်မှာ ဟောထားပါတယ်။

## ကိုးကွယ်မှားရင် ဘေးဖြစ်တယ်

*ဓာတ် သရဏဘော ဘယ်။*
*ကိုးကွယ်မှားရင် ဘေးဖြစ်တယ်တဲ့။*

တချို့လူတွေက ကိုးကွယ်စရာအမြတ်ဆုံးရတနာသုံးပါး ရှိလျက်နဲ့ နတ်တွေ, သိကြားတွေ, ဝိဇ္ဇာဓော်ဂျီ, သူရဿတီ, ဘိုးတော်စတာတွေကို အားကိုးတကြီးနဲ့ ဆည်းကပ်ကိုးကွယ်ကြတယ်။

ဘုရားဆင်းတုတော် ရုပ်ပွားတော်များကို နတ်အုန်းသီး ကန်တော့ပွဲ စသည်တို့နဲ့ မကွယ်ကာထားသင့်ဘူး။ မိမိကို စောင့်ရှောက် စောင်မနေတယ်လို့ မိမိယုံကြည်နေတဲ့ ကျေးရူးရှင်တို့ကို

အောက်မေ့သတိရပြီး အရိုအသေပြုတာ မေတ္တာပို့တာ အမှုအတန်း ဝေပေးတာတို့က ကောင်းတဲ့အမှုတွေဖြစ်လို့ ပြုသင့်ပါတယ်။

ဒါပေမဲ့ နတ်သိကြား ဝိဇ္ဇာဇော်ဂျီ သူရဿတီ ဘိုးတော်စသည် တို့ကို ရှေ့တန်းထားပြီး ဒါမှမဟုတ် ရတနာသုံးပါးနဲ့ အဆင့် အတန်းတူထားပြီး ရှိခိုးကိုးကွယ်ကြမယ်ဆိုရင် သရဏဂုံ ပျက် တယ်။

အမှန်က ဘုရား, တရား, သံဃာကို ယုံယုံကြည်ကြည် ဆည်း ကပ် ကိုးကွယ်တာဟာ ဘေးရန်အပေါင်းကင်းဝေးပြီး ပစ္စုပ္ပန် တမလွန် နှစ်ဖြာသောအကျိုးကျေးဇူးတွေကို ရရှိပါတယ်။ နတ်, သိကြား, ဝိဇ္ဇာ, ဇော်ဂျီတို့ကိုယ်တိုင်က ရတနာသုံးပါးကို ရိုသေ လေးစား ဆည်းကပ်ကိုးကွယ်နေသူများဖြစ်ကြလို့ သရဏဂုံတည် သူကို ကူညီစောင့်မကြမှာပါပဲ။

သိကြားမင်းက သူ့ရဲ့နတ်သက် ကုန်လွန်တော့မှာကို သိ တော့ အကြီးအကျယ်ထိတ်လန့်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ် ကာ တရားနာတယ်။ တရားနာနေတုန်းမှာ စုတေပြီး ချက်ချင်း သိကြားပြန်ဖြစ်တယ်၊ သောတာပန်လည်း ဖြစ်သွားတယ်။

ဒါကြောင့် သိကြားရာထူးမြဲအောင် အကျိုးဆောင်ပေးလိုက် တဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲ၊ မြတ်စွာဘုရားပဲ။ သိကြားမင်း အရိ ယာ ဖြစ်သွားအောင် မြှင့်တင်ပေးလိုက်တာကလည်း မြတ်စွာ ဘုရားပဲ။ သောတာပန်သိကြားမင်းဟာ သရဏဂုံသီလ တည်မြဲ တဲ့လူများကို ကူညီစောင့်ရှောက်ပေးပါတယ်။

ဒါကြောင့် ဘုရားကိုကျော်လွန်ပြီး သိကြားကိုမကိုးကွယ်နဲ့။ အထူးသဖြင့် သိကြားလိမ်နဲ့ ဆုံမိရင် အကျိုးယုတ်သွားလိမ့်မယ်။

ရွာတစ်ရွာမှာ ချမ်းသာတဲ့ ကုန်သည် လင်မယား တစ် အိမ် ထောင် ရှိတယ်။ သူတို့မှာ ချစ်စဖွယ် လိမ္မာလှပတဲ့ သမီး တစ် ယောက် ရှိတယ်။ ၁၆ နှစ်အရွယ်မှာ သမီးက ကွယ်လွန်သွားတော့ မိခင်က ယူကျုံးမရဖြစ်ရှာတယ်။

အပူမီးကို မသိမ်းဆည်းနိုင်တော့ မိခင်က သမီးကြိုက်တဲ့ ပန်း, မုန့်ပဲသရေစာ စတာကို သင်္ချိုင်းသို့ယူဆောင်သွားပြီး သမီးဂူပေါ် တင်ကာ ငိုကြွေးမြည်တမ်းသတဲ့။

ဘိန်းစားတစ်ယောက်က အဲဒီသင်္ချိုင်းမှာ ဘိန်းလာရှုနေလေ့ ရှိတယ်။ ဘိန်းဝယ်ဖို့ ငွေလိုနေတယ်။ လာငိုနေတဲ့မိခင်ကို တွေ့ တော့ သူအကြံရတယ်၊ ဒါကြောင့် မိုင်းကိုင်စက္ကူဝယ်ပြီး သိကြား အင်္ကျီပုံညှပ်ကာ ရောင်ပြားတွေ ကပ်ထားသည်။

နောက်နေ့မှာ ဘိန်းစားက သင်္ချိုင်းသို့ စောစောသွားပြီး သိကြားအင်္ကျီကိုဝတ်တယ်၊ ပြီးတော့ သမီးပျို့ဂူအနီးက ညောင် ပင်ကလေးပေါ် တက်နေသတဲ့။

အချိန်တန်တော့ မိခင်က ပန်းကလေး၊ စားစရာကလေး ယူ လာပြီး သမီးရဲ့ဂူမှာ ငိုကြွေးတယ်၊ ဘိန်းစားက ညောင်ကိုင်းကို ရှုန်း...ရှုန်း...လို့ နာနာလှုပ်လိုက်တယ်။ မိခင်က မော့ကြည့်ပြီး

"အလို...နတ်မင်းပါကလား၊ ဘယ်ဘုံကလဲ"လို့ မေးလိုက် တယ်။

"တာဝတိံသာကို အုပ်စိုးတဲ့ မာဃသိကြားမင်းဆိုတာ ငါ ပေါ့"လို့ ဘိန်းစားက အာလုတ်သံကြီးနဲ့ဖြေတယ်။ မိခင်က အား ကိုးတကြီးနဲ့ မေးတယ်။

"သိကြားမင်း...ကျွန်မရဲ့သမီးကို မသိဘူးလား"

"သိလို့ သူ့ကိစ္စကြောင့် လူ့ပြည်ဆင်းလာတာပဲ"

"အလို...ဘယ်လိုကိစ္စပါလဲရှင်"

"ဒီလိုဗျ...ခင်ဗျားတို့သမီးသေတော့ ကူးတို့ခ တစ်မတ်ပဲ ထည့်ပေးလိုက်တယ်၊ ပိုက်ဆံတစ်မတ်ဆိုတာ နတ်ပြည်မှာ ဘိန်းမုန့်တစ်ချပ်တောင် ဝယ်လို့မရဘူး။ တခြားနတ်သမီးတွေက သူတို့မိဘတွေ ထည့်ပေးလိုက်တဲ့ လက်ဝတ်ရတနာတွေ ဝတ်ဆင်ပြီး နေ့စဉ်ပျော်ပွဲဆင်နေကြတာပေါ့၊ သင်တို့သမီးက ဝတ်ဆင်စရာမရှိလို့ ထိုင်ငိုနေတယ်၊ ငါက သနားလို့ မငိုပါနဲ့ဟယ်၊ နင်တို့မိခင်ကို ငါပြောလိုက်မယ်ဆိုပြီး ငါဆင်းလာတာပဲ"

"ဒီလိုဆိုရင် သမီးရဲ့လက်ဝတ်ရတနာတွေကို သိကြားမင်းနဲ့ ပေးလိုက်လို့ ရမလား"

"ဟာ...သိပ်ရတာပေါ့၊ မြန်မြန်ပြန်ယူချေပါ၊ ငါကြာကြာ မဆိုင်းနိုင်ဘူး"

"ကောင်းပါပြီရှင်"

မိခင်က အိမ်အမြန်ပြန်ပြီး သေတ္တာထဲက သမီးလက်ဝတ်ရတနာအထုပ်ကို ယူတယ်။ သေတ္တာတောင် ပြန်မပိတ်အားဘူး၊ သင်္ချိုင်းဆီ အမြန်ပြန်လာတယ်။

"သိကြားမင်းရယ်၊ ရော့...ရော့...သမီးရဲ့ရတနာတွေ၊ သမီးကို ဆက်ဆက်ပေးလိုက်ပါနော်၊ သမီး ပျော်ပျော်ရွှင်ရွှင်နေပါလို့လဲ ပြောလိုက်ပါရှင်"

"စိတ်ချပါ၊ သင်တို့သမီး ပျော်ရွှင်စေရမယ်၊ ကဲ...စိတ်ချလက်ချပြန်ပါ"

မိခင်ပြန်မှ ဘိန်းစားသိကြားက ညောင်ပင်ပေါ်က ဆင်းနိုင်

မှာကိုး။ မိခင်က ကျေနပ်အားရစွာနဲ့ ရွာဘက်ပြန်ထွက်သွားတယ်၊ ရွာလျှောက်လည်ပတ်နေတဲ့ ခင်ပွန်းက အိမ်ပြန်လာပြီး သေတ္တာပွင့်နေတာ၊ ရတနာထုပ်ပျောက်နေတာမြင်တော့သချိုင်းဘက်ကို မြင်းဒုန်းစိုင်းပြီး စီးလာတယ်။ ဇနီးနဲ့ ဆုံတွေ့တော့ ဇနီးက…

"အမယ်လေး… ရှင့်မှာ ရွာစဉ်လျှောက်လည်ပတ်နေတာနဲ့ အချိန်ကုန်တယ်၊ ကျွန်မက သိကြားမင်းကို တွေ့ခဲ့ရတယ်တော်၊ သမီးရဲ့ လက်ဝတ်လက်စားတွေကိုလည်း သူနဲ့တစ်ဆင့် ပါးလိုက်ရတယ်"

"ဟိုက်…ဘယ်မလဲ အဲဒီသိကြားမင်း"

"သချိုင်းမှာပေါ့"

ခင်ပွန်းသည်က သချိုင်းဆီသို့ မြင်းကို ဒုန်းစိုင်းသွားတယ်၊ ဟိုရောက်တော့ သိကြားမင်း ချုံထဲ တိုးဝင်သွားတာကို မြင်လိုက်ရတယ်။ မြင်းဇက်ကြိုးကို ညောင်ကိုင်းမှာ အသာလှန်ထားပြီး ဘိန်းစားကို ဆင်းလိုက်တယ်။ ဘိန်းစားက တောကျွမ်းတော့ ကွေ့ပတ်ပြေးပြီး ညောင်ပင်ဆီပြန်လာတယ်၊ မြင်းပေါ်ခုန်တက်ပြီး ထွက်ပြေးပါလေရော။

ကုန်သည်က ဘယ်လိုမှ လိုက်လို့မမီတော့တဲ့အတွက် ဘိန်းစားကို အော်ပြောလိုက်တယ်။

"ဗျို့ …သိကြားမင်း၊ သမီးကိုပြောလိုက်ပါ၊ အဖေကပါ မြင်းတစ်စီး လက်ဆောင်ပေးလိုက်တယ်လို့"

အဲဒါ ကိုးကွယ်မှားလို့ လောကအရှုံး၊ သံသရာအရှုံး၊ နှစ်ထပ်ကွမ်း ရှုံးရတာပဲ။

သင့်ဘဝရဲ့ လုံခြုံမှုကို ရယူပါ။

ရတနာသုံးပါးကိုသာ ဆည်းကပ်ကိုးကွယ်ပါ။

သရဏဂုံကိုတည်မြဲအောင်စောင့်ထိန်းခြင်းဖြင့် ဘဝမြင့်မြတ်တိုးတက်မှုကို ရယူပါလေ။

သင့်ရဲ့ဘဝ အလှပအတင့်တယ်ဆုံးဖြစ်ပါစေသတည်း။

## ပွဲတိုင်းကျော်တဲ့ သမ္ဗုဒ္ဓေဂါထာတော်

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေသူများအတွက် အလွန်စိတ်ချယုံကြည်အားထားရတဲ့ သဗ္ဗသိဒ္ဓိအန္တရာယ်ကင်းဂါထာကြီးတစ်ခုက သမ္ဗုဒ္ဓေဂါထာတော်ပင်ဖြစ်ပါတယ်။

ဒီဂါထာမှာ ဂေါတမမြတ်စွာဘုရား အလောင်းတော်ကဘုရားဆုပန်ဖို့ ပဏာမကြံစည်ပြောဆိုကြိုးပမ်းခဲ့တဲ့ ကမ္ဘာပေါင်း ၁၆ သင်္ချေနဲ့ ဗျာဒိတ်ခံယူပြီးနောက် ပါရမီဖြည့်ကျင့်ခဲ့တဲ့ ကမ္ဘာပေါင်း ၄ သင်္ချေနဲ့ တစ်သိန်း၊ စုစုပေါင်း ကမ္ဘာသင်္ချေ ၂၀ နဲ့ ၁ သိန်းအတွင်းမှာ ပွင့်ပေါ်ခဲ့ကြတဲ့ မြတ်စွာဘုရား ငါးသိန်းတစ်သောင်းနှစ်ထောင် ၂၈ ဆူတို့ကို ပထမရှိခိုးတယ်။

ပြီးတော့ ဂင်္ဂါမြစ်တွင်းမှာရှိကြတဲ့ သဲပွင့်ပမာဏများထက်မက ပွင့်ထွန်းခဲ့ကြပြီးဖြစ်တဲ့ အနန္တဘုရားရှင်များ၊ ထိုဘုရားရှင်တို့ရဲ့ တရားတော်များနဲ့ သံဃာတော်များကိုရိုသေလေးမြတ်စွာ ရှိခိုးတယ်။

ဒီလိုမရေမတွက်နိုင်တဲ့ ဘုရား, တရား, သံဃာတော်တို့ကို ရှိခိုးရတဲ့ကုသိုလ်အစွမ်းကြောင့် ဘေးအန္တရာယ်ခပ်သိမ်း ကင်းငြိမ်း ပပျောက်အောင် ဆုတောင်းတယ်။ အင်မတန် မြင့်မြတ်ကြီးကျယ်တဲ့ သရဏဂုံဆောက်တည်ရတဲ့အကျိုးကြောင့် ထူးထူး

ခြားခြား ဘေးအန္တ ရာယ်များ ဖယ်ရှားပျောက်ကင်းသွားကြပါတယ်။

သမ္ဗုဒ္ဓေဂါထာ သုံးပုဒ်ကို နှုတ်ငုံဆောင်ပြီး ဉာဏ်ရှိသလို အသုံးပြုပါလေ။ မှတ်သားဖွယ်ရာသာကေများကို ဆက်လက်ဖော်ပြပါမည်။

*၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊*
*ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။*
*၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ၊ ဇိနာ၊*
*တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ။*
*၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊*
*အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။*

## အနက်အဓိပ္ပာယ်

၁။ အဋ္ဌဝီသံ – နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ – ဘုရားရှင်တို့ကိုလည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ – တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေစ – ဘုရားရှင်တို့ကိုလည်းကောင်း၊ ပဉ္စသတသဟဿာနိ – ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေစ – ဘုရားရှင်တို့ကိုလည်းကောင်း၊ အဟံ – တပည့်တော်သည်၊ သိရသာ – ဦးခေါင်းဖြင့်၊ နမာမိ – ရှိခိုးပါ၏။

၂။ ဝါဠုကာဂင်္ဂါ – ဂင်္ဂါမြစ်တွင်းရှိသဲတို့သည်၊ အပ္ပကာ – နည်းလှပါကုန်၏။ နိဗ္ဗုတာ – ပရိနိဗ္ဗာန်စံပြီးကုန်သော၊ ဇိနာ – ဘုရားရှင်တို့သည်၊ အနန္တာ – အပိုင်းအခြားမရှိကုန်။ တေစ – ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ တေသံ – ထိုဘုရားရှင်တို့၏၊

ဓမ္မဥ္စ – တရားတော်ကိုလည်းကောင်း၊ သံဃဥ္စ – သံဃာတော်ကို လည်းကောင်း၊ အဟံ – တပည့်တော်သည်၊ အာဒရေန – ရိုသေစွာဖြင့်၊ နမာမိ – ရှိခိုးပါ၏။

၃။ နမက္ကာရာ နုဘာဝေန – ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်၊ သဗ္ဗေ ဥပဒ္ဒဝေ – ဘေးရန်အားလုံးတို့ကို၊ ဟိတွာ– ဖယ်ရှား၍၊ အနေကာ အန္တရာယာပိ – အန္တရာယ်များစွာတို့သည်လည်း၊ အသေသတော – အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု – ကင်းပျောက်ပါစေကုန်သတည်း။

## ခေတ်ပျက်ကာလအားကိုးရ

စာရေးဆရာကြီး ဒဂုန်နတ်ရှင်ဟာ ဒုတိယကမ္ဘာစစ်အတွင်းက သမ္ဗုဒ္ဓေဂါထာကြောင့် အသက်ချမ်းသာရာ ရခဲ့တယ်။ စစ်အတွင်းက ရန်ကုန်မှ ပျဉ်းမနားသို့ လူတွေပြေးကြတယ်၊ ထိုမှတစ်ဆင့် အနောက်ရိုးမ တောနက်ရာသို့ ပြေးကြတယ်။

တရုတ်စစ်သားတွေက တောင်ငူမှ ပျဉ်းမနားကို ဆုတ်လာပြီးတော့ မြန်မာတွေကို ဂျပန်မိတ်ဆွေဆိုပြီး နှိပ်စက်ကြတယ်။ တချို့မြန်မာတွေ အသတ်ခံကြရတယ်။

ဒဂုန်နတ်ရှင်က တောင်ကုန်းမြင့်တစ်ခုမှာ တရုတ်စစ်သားတစ်ယောက်နဲ့ ရင်ဆိုင်တွေ့တယ်၊ စစ်သားက လှံစွပ်တပ်သေနတ်နဲ့ ချိန်ပြီး လက်မြှောက်ခိုင်းတယ်၊ အပေါ်အင်္ကျီအိတ်တွေကို ရှာတော့ စိပ်ပုတီး၊ ဓာတ်မီးခြစ်၊ ဂျပန်ဖုံးခွံအပဲ့နဲ့ ဓားမြှောင်တစ်လက်တို့ကို တွေ့တယ်။

တရုတ်စစ်သားက ဒဂုန်နတ်ရှင်အား တောင်အောက်ဆင်း

ခိုင်းပြီး သေနတ်နဲ့ချိန်တယ်။ ဒဂုန်နတ်ရှင်က သမ္ဗုဒ္ဓေဂါထာကို တွင်တွင်ရွတ်ဆိုပြီး နောက်ဆုတ်တယ်။ ထိုအခိုက် သူ့ ကိုးနှစ်သား ကလေးက တောင်အောက်ပြေးလာပြီး သူ့ကို ဖက်လိုက်တယ်၊ တရုတ်စစ်သားက အော်ငေါက်လို့ ကလေးက ထွက်ပြေးသွားတယ်။

တရုတ်စစ်သားက သေနတ်ကို ပစ်မရလို့လားမသိ၊ ချောက်ချက် လုပ်ပြီး ပြင်ဆင်နေတယ်၊ တခြားစစ်သားတွေ ရောက်လာကြပြီး စောစောက စစ်သားနဲ့အတူ တောင်အောက်သို့ဆင်းလာကြတယ်။ ဒဂုန်နတ်ရှင်က သစ်ပင်တစ်ပင်နောက်မှာ ကွယ်နေလိုက်တယ်၊ 'ဒီတစ်ခါ သေပြီ' လို့ အောက်မေ့ထားတယ်။ သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့် စစ်သားများ ကျော်လွန်သွားကြတယ်။

အဲဒီနေ့က တယ်လီဖုန်းကြိုးတွေ အဖျက်ဆီးခံရလို့ တရုတ်စစ်သားများက ဒေါသထွက်ပြီး တရားခံကို လိုက်ရှာနေကြခြင်းဖြစ်တယ်။ ညနေဘက်မှာ ဒဂုန်နတ်ရှင်ရဲ့မိသားစု တည်းခိုနေတဲ့ အိမ်ကို လာရှာတယ်၊ ဒဂုန်နတ်ရှင်က အင်္ကျီချွတ်၊ နန္ဒင်းလိမ်းပြီး လူနာယောင်ဆောင်နေတယ်၊ ဘေးအန္တရာယ် လွတ်သွားပြန်တယ်။

*

**စာရေးဆရာကြီး သခင်** က ဒုတိယကမ္ဘာစစ်မဖြစ်မီက ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ နေထိုင်ရတယ်၊ စာရေးခကို မှန်မှန်မရ၊ နဂါးနီဂျာနယ် တစ်တိုက်ကပဲ တစ်လ ၂၀ ကျပ် ပေးတယ်၊ အိမ်လခက ကိုးကျပ်၊ အိမ်ရှင်မက တစ်လ ၁၁ ကျပ်နဲ့ ခြစ်ခြစ်ခြုတ်ခြုတ် သုံးစွဲရတယ်။

ထိုအချိန်က ဝက်သားတစ်ပိဿာ တစ်ကျပ်ဖြစ်လို့ 'တစ်မူး' ဖိုးဆိုရင် ဇနီးမောင်နှံ ညမနက် စားလောက်တယ်၊ ဒါပေမဲ့ လကုန်ခါနီးဆိုရင် ငွေလက်ကျန်မရှိလို့ အိမ်ရှင်က အိမ်လခ တကျည်ကျည် တောင်းတယ်၊ ပေါင်နှံစရာပစ္စည်းကလည်း မရှိတော့ သည်းသည်းခံနေရတယ်။

တစ်နေ့မှာ မိတ်ဆွေစာရေးဆရာများနဲ့ စကားလက်ဆုံကျတယ်၊ အဲဒီစကားဝိုင်းမှာ ညှော့သည်ကျောင်းဆရာတစ်ယောက်က သမ္ဗုဒ္ဓေဂါထာအကြောင်း ပြောပြတယ်။

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က အားကိုးစရာမရှိတဲ့ ရေမျောကမ်းတင် လူတစ်ယောက်ကို ကျွန်တော်သုံးလေးလ အိမ်မှာ တင်ကျွေးထားတယ်၊ ထိုလူ အားနာလာလို့ ထွက်ခွာခါနီးမှာ ကျေးဇူးဆပ်ချင်တယ်ဆိုပြီး သမ္ဗုဒ္ဓေဂါထာကို ပေးတယ်၊ သူ့ကိုယ်တွေ့ဖြစ်ရပ်ကိုလဲ ပြောပြတယ်။

"ဆရာ့ရဲ့ကျေးဇူးဟာ တစ်သက်ဆပ်မကုန်အောင် ကြီးပါတယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ အဖိုးတန်ပစ္စည်းတစ်ခု ပေးပါရစေ၊ ကျွန်တော်တို့အရပ်မှာ နှုတ်စွာလို့ လူမုန်းများတဲ့ မိန်းမ တစ်ယောက်ကို ရိုက်ဖို့ ငွေ ၅၀ ကျပ်နဲ့ ကမ်းလှမ်းလာတာကို ကျွန်တော်နဲ့ အဖော်နှစ်ယောက်တို့က လက်ခံလိုက်ပါတယ်၊ မိန်းမကို သေအောင် ရိုက်ဖို့မဟုတ်ဘူး၊ မျက်နှာမှာ အမာရွတ်ကလေး ထင်ရုံ မှတ်သားရုံလောက် ရိုက်ဖို့ပါ။

"မိန်းမက ဈေးသည်ဆိုတော့ ညနေ နေဝင်ရီတရော လူလုံးမကွဲတကွဲအချိန်မှာ ဈေးကပြန်လာလေ့ရှိတယ်၊ ကျွန်တော်တို့သုံးယောက်က လူရှင်းတဲ့နေရာမှာ စောင့်နေကြတယ်၊ မိန်းမက

အဖော်ယောကျ်ား ရှေ့တစ်ယောက် နောက်တစ်ယောက်တို့နဲ့ စကားပြောလာတယ်၊ သုံးလေးရက်စောင့်တာ အလစ်ကိုမရဘူး၊ ကေန္တ ဒီမိန်းမ တို့အကြံသိနေပြီလို့ ယူဆပြီး ကျွန်တော်တို့ရဲ့ အကြံကို ဖျက်သိမ်းလိုက်တယ်။

"တစ်နေ့မှာ ထိုမိန်းမနဲ့ စကားပြောပြီး တောက်ကြည့်တယ်၊ ဒီမှာအဒေါ်၊ အဒေါ်က ညနေမိုးချုပ်ခါနီးမှ တစ်ယောက်တည်း ဈေးက ပြန်ပြန်လာတာ မကြောက်ဘူးလား"

"တစ်ယောက်တည်းမပြန်လို့ ဘယ်သူနဲ့ ပြန်ရမှာတုံး၊ ဘာကို ကြောက်ရမှာတုံး"

"အဒေါ် မကြောက်ဘူးသာ ဆိုတယ်၊ ဟို လွန်ခဲ့တဲ့ သုံးလေးရက်လောက်က အဖော်ယောကျ်ားတွေနဲ့ အဒေါ်ပြန်ပြန်လာတာ ကျွန်တော်တွေ့သားပဲ"

"တယ်...သေခြင်းဆိုးကလေး၊ ဘယ်က ယောကျ်ားအဖော်နဲ့ ငါပြန်ရမှာလဲ"

"ကျွန်တော့်မျက်စိနဲ့ သေသေချာချာကိုမြင်တယ်၊ အဒေါ့်ရှေ့က ယောကျ်ားကြီးတစ်ယောက်၊ နောက်ကလဲ တစ်ယောက်၊ စကားတွေ တတွတ်တွတ်ပြောပြီး ပြန်လာတာ"

"တယ်...သေခြင်းဆိုးကလေး၊ လာပြန်ပြီ...မဟုတ်မဟာပ်တွေ ပြောရော့မယ်၊ ဘယ်က ယောကျ်ားနှစ်ယောက်နဲ့ ငါစကားပြောရမှာလဲ၊ ငါ...သမ္ဗုဒ္ဓေဂါထာရွတ်ပြီး ပြန်တဲ့ဟာကို"

"အဲဒီဂါထာနဲ့ ဆရာ့ကို ကန်တော့ခဲ့ပါတယ်"

စာရေးဆရာကြီးသခင်က သမ္ဗုဒ္ဓေဂါထာကိုလက်ဆောင် ရလာပြီးတဲ့နောက် အကြံကုန် ဂဠုန်ဆားချက်တဲ့အနေနဲ့ မှန်မှန်

ရွတ်တယ်၊ ထူးခြားချက်က အနေအထိုင် အလုပ်အကိုင် ချောင်လည်လာတယ်။

စစ်ကြီးဖြစ်လာတော့ ဆရာကြီးသခ်ါတို့ ဇနီးမောင်နှံက ကိုးကွယ်တဲ့ ဘုန်းကြီးနဲ့ လိုက်ပြီး ဒါးပိန်ကိုပြေးတယ်၊ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ တည်းခိုတယ်၊ အဲဒီကျောင်းက ဦးပဥ္စင်းတစ်ပါးက လူ့ဘဝက သူခိုးဓားပြ လုပ်ခဲ့တယ်၊ တစ်ညဦမှာ အိမ်တစ်အိမ်ကို အနုကြမ်းဝင်စီးတာ အရပ်က ဝိုင်းလိုက်လို့ ပြေးပေါက်ပိတ်သွားတယ်၊ မိလုဆဲဆဲမှာ ချုံပုတ်ကလေးတစ်ခုထဲ အတင်းတိုးဝင်ပြီး ပုန်းနေတယ်၊ ဘဝကူးကောင်းအောင် သမ္ဗုဒ္ဓေ ရွတ်နေတယ်။

လူတွေ ချုံပုတ်နား ရောက်လာကြတယ်၊ 'ဒီအနားတင် ပျောက်သွားတာ' လို့ ပြောဆိုပြီး ပြန်သွားကြတယ်။ အနုကြမ်းစီးသူကလည်း သံဝေဂရပြီး အဲဒီနေ့ပဲ ကိုရင်ဝတ်လိုက်တယ်။

ဆရာကြီးသခ်ါတို့ ဆက်ပြီးစစ်ပြေးသွားကြတာ နောက်ဆုံးဇာတိမြေဖြစ်တဲ့ ညောင်လေးပင်သို့ ရောက်သွားတယ်၊ အင်္ဂလိပ်တို့ ဆုတ်ခွာသွားပြီး ဂျပန်စစ်တပ်က ရောက်မလာသေးတော့ တောကြောင်တွေ လက်ခမောင်းခတ်နေကြတယ်၊ အဘိုးအိုတစ်ယောက်က ခေတ်ပျက်ကာလမှာ 'ဘုရားကိုသာ အားကိုးပြီး ညဥ့်အိပ်ရာဝင်ရင် မေတ္တာပို့၊ သမ္ဗုဒ္ဓေဂါထာရွတ်ပြီး အိမ်ပတ်ပတ်လည် စည်းချဖို့' အကြံပေးတယ်။

ဆရာကြီးသခ်ါ ကျွေးမွေးပေးကမ်းထားတဲ့ တပည့်တပန်းလို လူအချို့က ပထမအေးအေးလူလူနဲ့ ဆရာကြီးရဲ့အိမ်ကို ဖောက်ထွင်း ခိုးကြဖို့ကြံကြတယ်၊ အိမ်မှားပြီးဖောက်ထွင်းမိကြတယ်၊

နောက်တစ်ကြိမ်မှာ အတင်းဝင်စားပြတိုက်ဖို့ ကြံကြတယ်၊ သူတို့ လာတဲ့အခါမှာ ဆရာကြီးအိမ်က မီးတွေလင်းပြီး လူတွေ တရုန်းရုန်း လှုပ်ရှားနေကြလို့ မအောင်မြင်ပြန်ဘူး။

အမှန်က အဲဒီညဉ့်မှာ ဆရာကြီးသခင်တို့ အိပ်မောကျနေကြတာ၊ မီးလည်း ထွန်းမထားဘူး၊ လူပိုလည်း မရှိဘူး၊ သမ္ဗုဒ္ဓေ ဂါထာမ,တာပဲလို့ ဆရာကြီး သိလိုက်တယ်။ အိမ်ကို ဖောက်ထွင်းဖို့ စားပြတိုက်ဖို့အကြောင်းကို ကြံစည်တဲ့အထဲ ပါတဲ့ တပည့် တစ်ယောက်က ပြောပြလို့ ဆရာကြီးသိရတာ။

(ဒဂုန်နတ်ရှင်နဲ့ ဆရာကြီးသခင်တို့ရဲ့ကိုယ်တွေ့ဖြစ်ရပ်များကို မင်းသူရိန် ရေးသားတဲ့ 'တန်ခိုးထက်မြက်သော ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ' စာအုပ်မှာ အကျယ်ဖတ်ရှုနိုင်ပါတယ်။)

## သမ္ဗုဒ္ဓေဂါထာနဲ့ သာသနာပြုပုံ

ဓမ္မာစရိယ ဦးစိုးမြင့်လေး (ညောင်လေးပင်) ဟာ တစ်ချိန်က အနုပဋ္ဌိလောမ ရုပ်ဝါဒ လက်ဝဲစာအုပ်များကို လေ့လာပြီး တစ်ဖက်စွန်းသို့ ရောက်လုဆဲဆဲ ဖြစ်ခဲ့ဖူးတယ်။ ဘေးရန်အန္တရာယ်များနှင့် ဆုံတွေ့တဲ့အခါ ကိုးကွယ်အားထားရာကို ရှာကြတာဟာ သတ္တဝါတို့ရဲ့ ဓမ္မတာပါပဲ။

၁၉၆၁ ခုနှစ်မှာ ဦးစိုးမြင့်လေးဟာ ရဟန်းဝတ်နဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်း 'ဒီဘရူးဂါ'မြို့ကြီးသို့ ရောက်နေတယ်၊ အကြောင်းက အိန္ဒိယနိုင်ငံမှာ နေထိုင်ခွင့်ပါမစ် ကုန်ခါနီးဖြစ်လို့ ပါမစ်ပြန်လျှောက်ဖို့ ရုံးသို့လာခဲ့ခြင်းဖြစ်တယ်။

ဗုဒ္ဓဘာသာ ကုလားလေးတစ်ယောက်က သက်န်းဝါဝါကို

မြင်လိုက်လို့ စက်ဘီးနဲ့ လိုက်လာတယ်၊ ရဟန်းတော်ကို တွေ့တယ် ဆိုရင်ပဲ...

"အရှင်ဘုရား... တပည့်တော်အမေ နတ်ဖမ်းစားလို့ တပည့်တော်နဲ့ လိုက်လာပါ"

ရဟန်းက ရုံးကိစ္စမပြီးသေး၊ လာပင့်သူက အရေးတကြီး ချွေးသီးချွေးပေါက်များနဲ့ အားကိုးတကြီးဖြစ်နေတယ်။ ဒီဘရူးဂါမြို့ကြီးတစ်မြို့လုံးမှာလည်း ဒီရဟန်းမှတစ်ပါး အခြားရဟန်းမရှိ။

ဒါနဲ့ ရဟန်းက စက်ဘီးနောက်ခုံမှာ ထိုင်လိုက်သွားတယ်၊ နတ်ဖမ်းစားသူကို ဘယ်လိုကုရမှန်း သူမသိ၊ ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း စဉ်းစားကာ လိုက်ပါသွားတယ်။

နွားချေးသုတ်မြေစိုက်အိမ်သို့ ရောက်တဲ့အခါ ကုလားကလေးမိခင်က တန်းလျားတစ်ခုပေါ်မှာ ပက်လက်လှန်အိပ်နေတယ်၊ ပါးစပ်တွင်းက အမြှုပ်တစီစီထနေတယ်။

ရဟန်းတော်က အဘွားကြီးခေါင်းရင်းဘက်က ထိုင်ခုံမှာ ထိုင်လိုက်တယ်၊ သူဘာလုပ်ရမလဲ၊ သူဖတ်ထားတဲ့ လက်ဝဲစွန်းစာအုပ်များကို အားကိုးလို့ရမလား စဉ်းစားကြည့်တယ်၊ မရဘူးဆိုတာ ရှင်းနေတယ်၊ ဗုဒ္ဓတရားတော်ကို စဉ်းစားတော့ အကြံရလာတယ်၊ သောက်ရေတစ်ခွက် တောင်းလိုက်တယ်။

သောက်ရေဖန်ခွက်ကိုယူပြီး ဘုရားဂုဏ်တော်ကိုးပါး၊ ရောင်ခြည်တော် ခြောက်ပါး၊ ဘုန်းတော်ခြောက်ပါးတို့ကို မျက်စိမှိတ်လျက် အာရုံပြုတယ်၊ ပြီးတော့ သမ္ဗုဒ္ဓေဂါထာသုံးပုဒ်ကို ရေခွက်မှာ အကြိမ်ကြိမ်မန်းမှုတ်တယ်၊ အဘွားကြီးရဲ့ပါးစပ်ထဲသို့ ရေလောင်းထည့်ပြီး ကျန်ရေကို ဦးခေါင်းမှာ ဖျန်းပေးလိုက်တယ်။

ခဏအတွင်း အဘွားကြီး ငုတ်တုတ်ထထိုင်ပြီး ရဟန်းတော်ကို ကန်တော့တယ်။ ရဟန်းတော်ကလည်း ပွဲဦးထွက် အောင်မြင်သွားလို့ အလွန်ဝမ်းသာသွားပါတယ်။ ဘုရားဂုဏ်တော်နဲ့ သမ္ဗုဒ္ဓေဂါထာတို့ဟာ တကယ်စွမ်းပါလားလို့ လက်တွေ့မြင်ခဲ့ရပေမယ့် ရုပ်ဝါဒအစွဲက မကျွတ်တတ်သေး။

နောက်နေ့မှာ ရဟန်းတော်က သူနေထိုင်ရာ နောင်လယ်သို့ ပြန်လာတယ်။ နောက်နှစ်ရက်ကြာတော့ ပီရှားဆိုတဲ့ ကချင် စော်ဘွားကြီး နေထိုင်ရာရွာက လာပင့်တယ်။ စော်ဘွားကြီးရဲ့ သမီး ၁၈ နှစ်ရှိအပျိုက နတ်ဖမ်းစားသလိုလို စုန်းပြုစားသလိုလို တက်တက်နေလို့ လာပင့်ခြင်းဖြစ်တယ်။

ညနေ ၅ နာရီတိတိမှာ စော်ဘွားကြီးအိမ်သို့ ရောက်တယ်။ အိမ်က အိမ်ရှည်ကြီး၊ တောင်ဘက်လှေကား၊ မြောက်ဘက် လှေကား နှစ်စင်းရှိပြီး အိမ်ခန်းပေါင်း ၆၄ ခန်းရှိတယ်။ ရဟန်းတော်က တောင်ဘက်လှေကားမှ တက်တယ်။

လူမမာက အိမ်အလယ်ခန်းမှာ ရှိတယ်၊ စော်ဘွားကြီးသမီး ဖြစ်လို့ လူမမာလာမေးကြတဲ့သူတွေက ၆၀ ကျော်ရှိပြီး အခန်းထဲ ပြည့်ကျပ်နေတယ်၊ ရဟန်းတော်ကို နေရာဖယ်ပေးကြတယ်။ လူမမာက ထမင်းအိုးမှ ထမင်းရည်ဆူသလို တက်လျက်ရှိတယ်၊ ခဏခဏတက်ပြီး ခဏခဏပြန်ကျတယ်၊ တက်ရင် ကိုယ့်လက် ကိုယ်ပြန်ကိုက်လို့ လက်ကို ဝိုင်းဆွဲထားကြရတယ်။

"နင်တို့ မမြင်ဘူးလား၊ လူသုံးယောက် ... လူသုံးယောက်၊ ငါ့နားမှာ လာနေတယ်၊ မောင်းထုတ်ကြ ... မောင်းထုတ်ကြ" လို့ ပြောရင်း မေ့မျောပြီး တက်သွားပြန်တယ်။

ရဟန်းတော်က သောက်ရေတစ်ခွက်တောင်းပြီး ဗုဒ္ဓ ဂုဏ်တော်များကို အာရုံပြုတယ်၊ သမ္ဗုဒ္ဓေဂါထာဖြင့် ရေကိုမန်းမှုတ်ပြီး တိုက်တယ်။ လူမမာက ချက်ချင်းကောင်းလာတယ်။ ဒါပေမဲ့ ပြန်တက်တယ်၊ တစ်ဖန် ရေကိုတိုက်တယ်၊ ခေါင်းကိုဖျန်းတယ်၊ သက်သာလာတယ်၊ အတက်ဝေးလာတယ်၊ ဒါပေမဲ့ ပြန်တက်တယ်။

တစ်ဖန် ချည်အဖြူအပ်ချည်လုံး ရှာခိုင်းတယ်၊ အပ်ချည်လုံး မရှိ၊ ဂျပ်ခုတ်ယောက်လုံး (ချည်ဖြူ) သာရှိတယ်၊ လိုသလောက် ဖြတ်ယူပြီး သမ္ဗုဒ္ဓေဂါထာမန်းတယ်၊ ခြေနှစ်ဖက် လက်နှစ်ဖက်နဲ့ လည်ပင်းဆိုတဲ့နေရာငါးချက်မှာ ချည်လိုက်တယ်။ ခဏသက်သာ ကောင်းမွန်လာပြီး ပြန်တက်တယ်၊ ပြန်မတက်ခင်မှာ...

"လူသုံးယောက်...လူသုံးယောက် မမြင်ကြဘူးလား၊ ငါ့ကို ချည်ထားတဲ့ ကြိုးတွေ ဖြည်ပေးပါ၊ အရှင်ဘုရားကို ပိတ်ဖြူစည်းပြီး ပြန်လွှတ်ပါ"

ဒီလိုပြောတော့ တန်ခိုးရှိလာပြီဆိုတာကို ရဟန်းတော်က ရိပ်မိတယ်။ ရဟန်းက ချွေးတလုံးလုံးနဲ့ဖြစ်နေပြီ၊ လူ ဖဝ ကျော် အကြားမှာ မအောင်နိုင်ရင် ရက်ဖွယ်ဖြစ်လိမ့်မယ်။ မြန်မာ့ဂုဏ် သိက္ခာလည်း ကျဖွယ်ရှိတယ်၊ သူ ဘာဆက်လုပ်ရမလဲ။

ဂျပ်ခုတ်ယောက်လုံးက ချည်ဖြူကိုထပ်ဖြတ်ပြီး သမ္ဗုဒ္ဓေဂါထာကို မန်းပြန်တယ်၊ မိန်းကလေးအိပ်ရာကို ချည်ဖြင့် ပတ်ခိုင်းလိုက်တယ်။ မိန်းမပျိုက...

"လူသုံးယောက်...လူသုံးယောက်၊ မမြင်ကြဘူးလား၊ အခန်းတွင်းကို မဝင်နိုင်ဘူးပြောတယ်၊ ကြိုးတွေကို ဖြုတ်ပေးပါ၊ အရှင်

ဘုရားကို ပိတ်ဖြူစည်းပြီး ပြန်လွှတ်ပါ” လို့ဆိုပြီး တက်သွားပြန်တယ်။

ရဟန်းတော်က အားတက်လာတယ်။ “အခန်းတွင်းကို မဝင်နိုင်ဘူး၊ ကြိုးဖြေပေးပါ၊ ပိတ်ဖြူစည်းပြီး ပြန်လွှတ်ပါ” ဆိုတဲ့စကားတွေဟာ ရဟန်းတော်ကို အလွန်အားဖြစ်စေပြီး ဘာဆက်လုပ်ရမှာကို လမ်းစဖော်ပေးနေတယ်။

ဘုရားဂုဏ်တော်များကို အာရုံပြုပြီး ဂျပ်ခုတ်ယောက်လုံးကြီး တစ်ခုလုံးကို သမ္ဗုဒ္ဓေဂါထာနဲ့ မန်းမှုတ်တယ်။ အချိန်က ညဉ့်ကိုးနာရီရှိပြီ။ ချည်များကို အိမ်ရှည်ကြီးတစ်ခုလုံးအတွင်းဘက်မှနေပြီး ပတ်ခိုင်းလိုက်တယ်။ မိန်းမပျိုက ...

“လူသုံးယောက် ... လူသုံးယောက် ... မမြင်ဘူးလား၊ မြောက်ဘက် လှေကားမှာ ... မတ်တတ်ရပ်နေတယ်၊ မောင်းထုတ်ကြ ... မောင်းထုတ်ကြ၊ ဒီကြိုးတွေကို ဖြေပေးပါ၊ အရှင်ဘုရားကို ပိတ်ဖြူစည်းပြီး ပြန်လွှတ်ပါ” လို့ပြောပြီး တက်တယ်။ တက်တိုင်း ကိုယ့်လက်ကိုယ်ပြန်ကိုက်တယ်။

ထိုလူသုံးယောက်က အိမ်ပေါ်မတက်နိုင်ကြပေမယ့် လှေကားက မတ်တတ်ရပ်ပြလို့ မိန်းမပျိုတက်ရတာကို ရဟန်းတော်သိတော့ ကျန်တဲ့ဂုဏ်တော်ချည်တွေကို အိမ်အပြင်ဘက်မှနေပြီး တစ်အိမ်လုံးကို ပတ်စေတယ်။ ချည်များအားလုံးပတ်ပြီးတဲ့အချိန်မှာ မိန်းမပျို ငုတ်တုတ်ထထိုင်တယ်။

“လူတွေ များလှချည်လား ... ဘာလာလုပ်ကြတာလဲ” လို့ မိန်းမပျိုက မေးပြီး ရဟန်းတော်ကို ထူးဆန်းအံ့သြစွာ ကြည့်နေတယ်။

ညဥ့်ကိုးနာရီခွဲတိတိအချိန်မှာ မိန်းမပျို့အကောင်းပကာတိဖြစ်သွားတယ်။ လူမမာမေး လာတဲ့ပရိသတ်များနဲ့ စော်ဘွားကြီး မိသားစုတို့က ရဟန်းတော်ကို ဝိုင်းအုံပြီး စကားပြောကြတယ်။ သူတို့က ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြဘူး။ နတ်ကိုးကွယ်သူများဖြစ်ကြတယ်။ နွားကောင်လုံး, ဝက်ကောင်လုံး, နွားနောက်ကောင်လုံးကို နှစ်စဉ် ယဇ်နတ်ပူဇော်ကြတယ်။

ဗုဒ္ဓဘာသာဝင်ရဟန်းတော်နဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တို့ကို သူတို့ မျက်မြင်တွေ့ရှိခဲ့ရလို့ စိတ်ဝင်စားလာကြတယ်။ ဗုဒ္ဓဘာသာဝင်ဖို့ ဆန္ဒရှိစပြုလာကြတယ်။ နောက်နှစ်နှစ်ကြာတဲ့အခါ ပိရှားစော်ဘွားကြီးနဲ့ မိသားစုများ၊ ရပ်သူရွာသားများ အားလုံးဟာ သရဏဂုံသုံးပါးကို ခံယူပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြတယ်။

မိန်းမပျို့ရဲ့ အနှောင့်ပယောဂချွတ်တဲ့ပွဲမှာ စော်ဘွားကြီး မိသားစုနဲ့ မိတ်ဆွေများက နတ်ဝါဒကို စွန့်လွှတ်လိုက်ကြသလို နယ်ခြားဒေသမှာ သာသနာပြုနေတဲ့ ရဟန်းတော်ကလည်း သူ့ရဲ့ ရုပ်ဝါဒအစွဲကို ခဝါချလိုက်သလို စွန့်လွှတ်နိုင်လိုက်ပါတယ်။

သမ္ဗုဒ္ဓေဂါထာရဲ့ တန်ခိုးကို ယုံကြည်အားကိုးနိုင်ကြပါစေ။

(၉-၁၀-၁၉၈၄ နေ့ထုတ် သာသနာ့ရောင်ခြည်စာစောင်မှ ဓမ္မာစရိယ ဦးစိုးမြင့်လေး [ညောင်လေးပင်] ရဲ့ဆောင်းပါးကို အကျဉ်းချုံးကာ ဖော်ပြထားပါတယ်။)

ဒေါက်တာမင်းတင်မွန်